www.burmeseclassic.com



www.burmeseclassic.com

ရှိတန်းအောဖ့်

# ဘီလူး

# အကြည်တော်

တော်ဝင်မြို့မ စာအုပ်တိုက်

အမှတ် (၇၇/၁)၊ ၃၈-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၇၃

www.burmeseclassic.com

**နေ**ဝင်ရီတရောအချိန်ပ. . .။

ဒီအချိန်ဆို ရွာကသမီးပျိုကလေးတွေ ရေချိုမြစ်ဆိပ်မှာ အိမ်သုံးရေခပ်ဆင်းကြပြီ။

ညနေခင်း ဝင်လုလုနေရောင်နဲ့အပြိုင် ပါးမှာနံ့သာ လှိုင်နေအောင်လူးထားတဲ့ လုံမငယ်တို့ အလှချင်းပြိုင်ကြတဲ့ အချိန်ဆိုလည်း မမှားပေဘူးပေ့ါ. . .။ တချို့သမီးပျိုကလေးများကလည်း ဒီအချိန်ဆို ရေမိုးချိုးအလှပြင်ပြီးမှကို ရေခပ်ဆင်းကြတာ။ သိတယ်မဟုတ်လား. . .။ ဒီအချိန်က လတ်လျားလတ်လျား ကာလသားများ အလုပ်မရှိ အလုပ်ရှာ၊ မိန်းမပိုးထွက်ကြတဲ့အချိန်လေ. . .။

ဒီအချိန်ဆို ကျားကျားလျားလျား ကာလသားတွေက အင်္ကျီကိုချွတ်၊ ထိုးကွင်းမင်သေ့ပေါ်အောင် ခါးတောင်းမြောင်နေအောင် ကျိုက်ပြီး လုံမပျိုတို့ရေခပ်ဆင်းရာလမ်း ကွက်လပ်မှာ ခြင်းလုံးခတ်

www.burmeseclassic.com

ကြတာ. . .။ တချို့ကာလသားများက အကြောင်း မရှိအကြောင်းရှာ ရေဆိပ်ကိုဆင်းပြီး လုံမပျိုတို့ကို ရေငင်ပေးကြတာပ. . .။ တချို့ ကာလသားများကတော့ ထန်းရည်လေးတစ်မြူ နှစ်မြူသောက်ပြီး ရေခပ် လာတဲ့ လုံမပျိုတွေကို အရိပ်ကောင်းတဲ့ ပညောင်ပင်ကြီးအောက် ရပ် စောင့်ပြီး ရိသဲ့သဲ့လုပ်ကြတာ. . .။ အဲဒီအထဲမှာ ဘီလူးလှဦး တို့အဖွဲ့ပါတယ်။

သိတယ်မဟုတ်လား. . .။ ဘီလူးလှဦးတို့အဖွဲ့ဆိုတာ ဘီလူး လှဦးပါမယ်၊ သူခိုးငပိန်ပါမယ်၊ မောင်ကောင်းပါမယ်၊ ကျွဲကြီးပါမယ်၊ ဒါကလူစုံ. .။ တစ်ခါတလေရင်လည်း ဘီလူးနဲ့ ငပိန်ပဲပါတာ. .။ ကျွဲကြီးနဲ့ မောင်ကောင်းက မလိုက်ဘူး. . .။ သူတို့နှစ်ယောက်က မိန်း ကလေးတွေကို ကိုရင်ကြက်ပုထန်းတောက ထန်းကောက်ပင်လောက် ကြိုက်တာမဟုတ်ဘူး. .။ ဘီလူးနဲ့ ငပိန်သာ သူရာဆိုလည်းရ တဏှာ ဆိုလည်း ထလိုက်ချင်သေးတာ. . .။

နောက်ပြီး သူတို့က ရေခပ်ဆင်းချိန်ရောက်ပြီဆို ဒီနေရာကို လာတတ်ပေမယ့် ခြင်းလုံးခတ်တဲ့အထဲတော့ မဝင်ဘူးရယ်။ ခြင်းလုံး မခတ်တတ်လို့တော့ ဟုတ်ပါဘူး. . .။ သူတို့ကိုယ်သူတို့ ရှက်လို့. . .။ ဟုတ်တယ်. . .။ ရှက်လည်း ရှက်ချင်စရာ. .။ ဘီလူးဆိုတာက ရင်ဘတ်က ရယ်စရာ ဘီလူးရုပ်ကြောင့်သာ ဘီလူးဖြစ်နေတာ. . .။ လူက လူ့ဖလံရယ်. . .။ အကောင်က ဘယ်လောက်ထိသေးသလဲဆို ငယ်ငယ်က ခိုဖွက်တမ်းတို့ တူတူပုန်းတမ်းတို့ကစားရင် သူက ရှည်ရှည် ဝေးဝေးရှာကြံပုန်းနေစရာမလိုဘူး. . .။ တွေ့တဲ့ တံခါးရွက်မှာ ဝင်ကပ် နေရုံပဲ. . .။ သူ့ကို တံခါးမှာထုထားတဲ့ တစ်ချမ်းဖောင်း သစ်သား ပန်းပုရုပ်မှတ်ပြီး ကျော်သွားတာရယ်. . .။ အသားကလည်း ညိုနေတာ ဆိုတော့ ရေနံချေးဝနေတဲ့ သစ်သားပန်းပုရုပ်အတိုင်းပဲ. . .။

ငပိန်ကရော ဘာထူးလဲ. . .။ တစ်ခါသား တခြားရွာက ဆေးဆရာတစ်ယောက်လာပြီး သူ့ကိုငှားသေးတယ်. . .။ ဝမ်းရောဂါ

ကပ်ဆိုက်တုန်းကပါ။ အစားအသောက်ဆို ဆင်ခြင်ပြီးစား၊ ဝမ်းရောဂါဖြစ်ရင် ဒီလို အရိုးပေါ်အရေတင်ဖြစ်ပြီး သေတတ်တယ်ဆိုပြီး . . .။ အဲဒီလောက်ကိုပါးတာ. . .။ ခါးတောင်းများ ကျိုက်လိုက်လို့ကတော့ သက်နုကြံချောင်းကို နှစ် ပိုင်းဖြတ်ထားတဲ့အတိုင်းပဲ. . .။ နှစ်ယောက်လုံးကို ပြောပါတယ်. . .။ သူတို့မှာ လူပီသတာဆိုလို့ သားရေနဲ့ အမွေး လောက်ရှိတာ. . .။ အဲဒီလို. . .

အဲ. . . မောင်ကောင်းနဲ့ ကျွဲကြီးကတော့ ခန္ဓာကိုယ်အဆက်အပေါက်မှာတော့ လှပါရဲ့. . .။ နို့ပေတဲ့ နှစ်ယောက်လုံးက ခြေပြောင်ကြီးတွေရယ်. . .။ ခြေပြောင်ကြီးဆိုတာ သိတယ်မဟုတ်လား. . .။ ပေါင်တွေ ခြေသလုံးတွေမှာ ဘာထိုးကွင်းမှမရှိဘူး. . .။ ထိုးကွင်းထိုးရင် နာမှာကြောက်လို့တဲ့လေ. . .။ ထိုးဘူး. . .။ ဒါကြောင့် သူတို့များခါးတောင်းမြှောင်အောက်ကျိုက်ပြီး ခြင်းခတ်နေလို့ကတော့ မိန်းမကြီးနှစ်ယောက် ယောက်ျားတွေနဲ့ ခြင်းလုံးဝင်ခတ်နေတာဆိုပြီး အလှောင်ခံရမှာ. . .။ ဒါကြောင့် အဲဒီအလုပ်လုပ်ဘူးရယ်လေ. . .။

နောက်ပြီး မိန်းမပျိုလေးတွေကို ရေငင်ပေးဖို့ကျတော့လည်းလေးယောက်လုံးက လက်ကြောတင်းအောင်လုပ်ချင်သူတွေမဟုတ် တော့ကြီးတော်ယောက်ျား နွားဝယ်မလောက်ကို ကြောက်တာ. . .။ နွားရရင်ကျောင်းနေရမှာစိုးလို့. . .။ နောက်ပြီး သူတို့က စိတ်ပါလက်ပါရေငင်ပေးတယ်ထားဦး ဘယ်လုံမပျိုတွေကမှ သူတို့ကို ကူညီခိုင်းမှာမဟုတ်ဘူး. . .။ သိတယ်မဟုတ်လား. . .။ ဘီလူးတို့ဆိုတာကတစ်ချိန်လုံးကို ထန်းရည်အိုးထဲခေါင်းနစ်နေတာ. . .။ ဒါကြောင့်သူတို့ကိုဆိုရင် ဘယ်သူကမှအဖက်လုပ်အရောဝင်ပြီးခိုင်းဘူးရယ်. . .။ သူတို့ကလည်းသိတယ်။ ဒါကြောင့်သူတို့ကလည်း အလွယ်ကူဆုံးအသက်သာဆုံး ပညောင်ပင်ကြီးအောက် ထိုင်စောင့်ပြီးဘေးထိုင် ငမ်းငမ်းနေတာ. . .။ အငမ်းဆုံးလူတွေကတော့ ဘီလူးလှဦးနဲ့ သူခိုး

www.burmeseclassic.com


ငပိန်. . .။ သူတို့ငမ်းနေတဲ့သူတွေကတော့ တော်ရုံတွေဟုတ်ဘူး။ တကယ့်ခေါင်တွေကိုမှ မှန်းတာ။ ခေါင်ထိအကုန်စားမျိုး မှတ်သလားတော့ မပြောတတ်ဘူး။ နှစ်ယောက်လုံးကတော့ ခေါင်မှခေါင်ပဲ . . .။ သိလား. . .။ သူကြီးသမီးခင်မှုံနဲ့ ထန်းရည်ရောင်းတဲ့ ကိုကြက်တောခယ်မ မိပွားလေ. . .။ ဘီလူးက ခင်မှုံ၊ ငပိန်က မိပွားပေါ့. . .။

ခါတိုင်းဆိုရင် ခင်မှုံတို့က ဒီလိုရေခပ်ဆင်းတာရယ် မဟုတ်ဘူး. . .။ သူ့အိမ်ထဲသူ အေးအေးလေးနေတာ. . .။ အခုမှ သူတို့အိမ်မှာ ဝေယျာဝစ္စလုပ်ပေးနေတဲ့ ကြီးတော်ဒေါ်ခင်လှနဲ့ သူ့သမီး လေးလေးဆင့် ရွာခဏပြန်သွားလို့ လုပ်နေရတာ။ အခုဆို ခင်မှုံရေခပ်ဆင်းတာ နှစ်ရက်ရှိပြီ။ ဘီလူးလှဦး ခင်မှုံကို ချောင်းနေတာလည်း နှစ်ရက်ရှိပြီ။

ရေခပ်လာကြတဲ့ လုံမပျိုတွေ၊ ဘီလူးတို့အုပ်စုကိုမြင်တော့ နှာခေါင်းရှုံ့ကြ၊ မဲ့ရွဲ့ကြဖြစ်ကုန်တယ်။ သိတယ်မဟုတ်လား၊ ဘီလူးအုပ်စုကိုဆို ခွေးအစ၊ သူကြီးအလယ်၊ ရွာကျောင်းဆရာတော်အဆုံး ဘယ်သူမှကြည့်ရတာမဟုတ်ဘူး. . .။

ဘီလူးတို့က ခပ်တည်တည်ပဲ. . .။ လာသမျှလုံမပျိုတွေကို 'ဟော့ချိုသည်းကြီး. . . ဟော့ မောင့်ချစ်ချစ်ပူစူးလေး. . .' နဲ့ နောက်နေသေးတာ. . .။ ဒါက အပျော်သဘောမျိုးနဲ့ ပြောတာပါ. . .။ အတည်ကြံတာမဟုတ်သေးဘူး. . .။ သူတို့ အတည်ကြံမှာက. . .

**ဟော** လာပြီ. . .။

ရေအိုးလေး မနိုင့်တနိုင်ရွက်ပြီး ချွေးစတို့ နဖူးပေါ် သီးထနေ တဲ့ ခင်မှုံရယ်လေ. . .။ သူ့ဘေးမှာက ရေအိုးကြီးနှစ်လုံးကို နိုင်အောင် ရွက်ပြီး တစ်လိမ့်ခြင်းလိမ့်လာတဲ့ ကိုကြက်တောခယ်မ မိပွား. . .။ ခင်မှုံ နဲ့ မိပွားကိုမြင်တော့ ဘီလူးနဲ့ ငပိန်မျက်လုံးထဲ သက်တံ့တွေဖြာသွား တယ်. . .။

'ဟော့ကောင်. . . ဟိုမှာလာနေပြီ. . . ဘယ်လိုလုပ်မှာ လဲ. . .'

ငပိန်ရဲ့အမေးကို ဘီလူးကအောက်မေးပြုတ်အောင်ပြုံး လိုက်ပြီး . . .

'အရှေ့ကပိတ်ပြီး သမီးရည်းစားစကား ပစ်ပြက်ပြောပစ်မှာ ပေါ့. . .'

www.burmeseclassic.com


ဘီလူးစကားကြားတော့ မောင်ကောင်းနဲ့ ကျွဲကြီးတွန့်ဝင်သွားပြီး. . .

'ဟော့ကောင်. . . ဟုတ်မှလည်းလုပ်ဦးနော်. . . တော်ကြာသူကြီးသိသွားလို့ ထိတ်တုံးနဲ့ ညအိပ်နေရဦးမှာ. . .'

'အေးလေ. . . သူကြီးထိတ်နဲ့ မင်းခြေ. . . မင်းခြေနဲ့ သူကြီးထိတ်ထိမှာမြင်ယောင်သေး. . .'

မောင်ကောင်းနဲ့ ကျွဲကြီး ကြောက်အားလန့်အားပြောတယ်။ ဒါကိုဘီလူးကမခိုးမခန့်ပြုံးလိုက်ပြီး. . .။

'အသာနေစမ်းပါကွာ. . . သူကြီးထိပ်မကလို့ နောက်စေ့နဲ့ပဲ ငါ့ခြေထိထိ ငါကတော့ ဂရုမစိုက်ဘူး. . . ငါကတော့ အခွင့်သာတုန်းချစ်ကြောင်း၊ ကြိုက်ကြောင်းပြောရမှာပဲ. . .'

သူ့စကားကြားတော့ မောင်ကောင်းနဲ့ကျွဲကြီး ပျာပျာသလဲဖြစ်သွားပြီး. . .

'အေး. . . ဒါဆို မင်းဘာသာမင်းပြော. . . . ငါတို့တော့လစ်ပြီ. . .'

'အေး ဟော့ကောင်. . . မြန်မြန်လစ်မှဖြစ်မယ်. . . ဟိုမှာလာနေပြီ. . .'

ဆိုပြီး ပညောင်ပင်အနောက်ဘက်ဝင်ပြေးလိုက်တော့တယ်။ ဘီလူးနဲ့ငပိန်ကတော့ ခပ်တည်တည်ပဲ. . . တရွေ့ရွေ့တိုးလာတဲ့ ပစ်မှတ်ကိုပဲ စိုက်ကြည့်နေကြတယ်. . .။

ခင်မှုံနဲ့မိပွားကတော့ ဒီအဖြစ်ကိုသိသေးပုံမရဘူး. .။ သူတို့ဘာသာသူတို့ စကားတပြောပြောနဲ့ ပညောင်ပင်ကြီးရှိရာ ဦးတည်လာတယ်။ ပညောင်ပင်ခြေရင်းရောက်တယ်ဆိုရင်ပဲ. .

'ဟိတ်. . .'

'ဟဲ့ ပလုတ်တုတ်. . . ကလူ ကလူ. . .'

'အလို. . . မြွေပွေးကိုက်တွေ. . .'

www.burmeseclassic.com


ဘီလူးနဲ့ ငပိန်ကို ရုတ်တရက်မြင်တော့ နှစ်ယောက်လုံး လန့်ပြီး အော်ကြတယ်။ ဘီလူးနဲ့ငပိန်ကတော့ ခပ်တည်တည်ပဲ. . .။ ခင်မှုံနဲ့ မိပွားရှေ့ သက်ဆိုင်ရာ သက်ဆိုင်ရာလူရှေ့ ရပ်လိုက်တယ်။ ပြီတီတီနဲ့ သူတို့ရှေ့ရုတ်ခြည်းရောက်လာတဲ့ ဘီလူးနဲ့ ငပိန်ကိုလည်းမြင်ရော ခင်မှုံ တို့ တစ်ချက်မဲ့လိုက်ပြီး ပီယဝါစာ ချစ်ဖွယ်သောစကားကိုစဆိုတယ်။

'ဟဲ့. . . သေနာကျတွေ. . . ဘယ့်နှယ့်. . . ဒီရှေ့လာရပ် ပြီး ပခန်းကိုယ်တော်ကြီးပြုံး လာပြုံးနေတာတုန်း. . . ဖယ်စမ်း'

'ဟော့. . . ပါးမကွဲချင်ရင် အမြန်ဆုံးနောက်ဆုတ်လိုက် မိပွား တဲ့နော် တစ်ပွားထဲရှိတယ်. . . နှစ်ပွားရှိရင် ပွဲဈေးသွားရောင်းစား ပစ်မယ်. . '

သူတို့ရဲ့ ဒေါသတကြီးစကားကို ဘီလူးနဲ့ ငပိန်က ခပ်တည် တည်ပဲ. . .။

'ဖြည်းဖြည်းပြောပါ နှမရယ်. . . ဖယ်ဆိုလည်း ဖယ်ပ့ါမယ်. . . ဒါပေမယ့် မောင်ကြီးတို့ရဲ့ ရင်တွင်းသည်းပွတ်က ဖြစ်ပေါ် လာတဲ့ နုနုရွရွအသည်းစကားလေးများလည်း နားဆင်ပေးကြပါ ဦး. . .'

ဘီလူးစကားကို ငပိန်ကပါထပ်ဆင့်ပြီး. . .

'ဟုတ်ပါတယ် နှမငယ်တို့. . . မောင်ကြီးတို့ နှမငယ်တို့ကို အသားတုန်နေတာ အတော်ကြာပါပြီ. . . ဒါကြောင့် ဟောဒီနေရာ ကနေအပေ့ါစွန့်. . . အဲလေ. . . အရဲစွန့်ပြီး အသက်ပင်သေသေဆိုပြီး ဆင်မကြောက် ကျားမကြောက် မောင်ကြီးတို့လာပြီး နားဖောက်ရတာ ပါ. . .'

သူ့စကားလည်းကြားရော မိပွားဆတ်ဆတ်ခါနာသွားပြီး. . .

'ဘာ. . . ဘာ အသားတုန်နေတယ် ဟုတ်လား. . . ဟဲ့. . . မြွေပွေးကိုက်ရဲ့ အခုရေအိုးကြီးနဲ့ ပစ်ချလိုက်လို့ ခေါင်းရှစ်စိတ်ကွဲသွား မယ်သိလား. . .'

www.burmeseclassic.com



မိပွားရဲ့ ဒေါသတကြီးစကားကို ဘီလူးတို့က ဂရုမစိုက်ဘူး။ ပြီတီတီနဲ့ သူပြောချင်ရာဆက်ပြောတယ်။

'တကယ်ပြောတာပါ နှမရယ်. . . ဟိုး ရှေ့ခေတ်က ကိန္နရီ ကိန္နရာ တစ်ညတာဝေးလို့ ရက်ပေါင်း(၇၀၀)ဆွေးရတာကို မှတ်သားဖူးပါတယ်. . . အခု ကိုလှဦး နှမငယ်ကိုချစ်တဲ့ အချစ်ဟာ ကိန္နရီ ကိန္နရာထက် မလျော့နည်းပါဘူး. . . ဟိုးတမြန်နှစ် ကိုသားပုအလှူ တုန်းက နှမငယ်နဲ့ ကြမ်းတစ်ပြေးတည်းထိုင်ပြီး စားပွဲခုံလေးတစ်ခုံ အလယ်မှာခြားသွားရင်တောင် ဝေးတယ်မှတ်ပြီး ပေလွှာ(၄၉)စောင် ပါး လိုက်ချင်သူပါ. . .'

ဘီလူးရဲ့စာသံပေသံနဲ့စကားကို ငပိန်ကလည်းအားကျ မခံ. . .

'မောင်ကြီးလည်း ဒီလိုပါပဲ နှမပွားရယ်. . . နှမပွားနဲ့ ကြမ်းတစ်ပြေးတည်းထိုင်ပြီး လက်ဖက်အတူစားရင်းတောင် ဇွန်းလေး တစ်ဇွန်းခြားသွားတာနဲ့ ဝေးတယ်မှတ်ပြီး လွမ်းလွမ်းဆွေးဆွေး မွှေးမွှေး ပေးတာ (၄၉) ကြိမ်ကျစေရမယ့်သူပါ. . .'

ဘီလူးနဲ့ငပိန်စကားကို ခင်မှုံနဲ့ မိပွားပိုဒေါသထွက်သွား ပြီး. . .

'ဘာ. . . ဘာပြောတယ်. . .'

'ဟင်. . . နင် နင်တို့လွန်လှချည်လား. .'

ဆိုပြီးအော်ကြတယ်။ ဒါကို ဘီလူးတို့က အပြုံးမပျက် ဘူး. . .။

'မလွန်ပါဘူး နှမရယ်. . . လိုတောင်လိုသေး. .'

ဘီလူးရဲ့စကားလည်းကြားရော ခင်မှုံဆတ်ဆတ်ခါနာသွားပြီး ခါးပေါ်လက်ထောက်ကာ. . .

'အေး. . . နင်တို့လို အချိန်ပြည့်မူးနေရူးနေတဲ့လူမျိုးကို ပြန် ချစ်ဖို့ မပြောနဲ့ စေ့စေ့အကြည့်ခံရရင်တောင် ကံကောင်းတယ်မှတ်. . .'

www.burmeseclassic.com


ခင်မှုံရဲ့စကားကို မိပွားကလည်း ခါးပေါ်လက်တင်ပြီး. . .

'အေး. . . ငါလည်း သူပြောတဲ့အတိုင်းပဲ. . .'

ဒါကို ဘီလူးက မျက်နှာလေးကို အိုချလိုက်ပြီး. . .

'အဲဒီလောက်တော့ မရက်စက်ပါနဲ့ ချစ်သည်းလျာ'

'သူပြောတဲ့အတိုင်းပါပဲ ချစ်ပွားလျာ. . .'

ဘီလူးစကားကို မောင်ပိန်ကလည်း မျက်နှာလေးငယ်ပြီး ထောက်ခံတယ်. . .။ ခင်မှုံကသာ မျက်နှာကိုမဲ့ချလိုက် ပြီး. .

'အောင်မာ. . . ချစ်သည်းလျာလေး ဘာလေးနဲ့. . . ရာရာ စစ. . . ဟဲ့ သေနာကောင်တွေ. . . ကျုပ်တို့ပြောတာ မရှင်းသေးဘူး လား ဟင်. . . ဒါမှမဟုတ် တော်တို့နားတွေကန်းနေလို့လား. . .'

ဒါကို ဘီလူးက မျက်လုံးလေးကလည်ကလည်လုပ်လို့. . .

'ဘာများလဲဟင်. . .'

ဆိုပြီး မသိဟန်ဆောင်မေးတယ်။ ခင်မှုံက တစ်ဖက်လှည့် ပြီး. . .

'နင်တို့ကို ပြန်ချစ်ဖို့မပြောနဲ့. . . စေ့စေ့တောင်မကြည့်ဘူးဆို တာလေ. . .'

'အေး. . . ငါကလည်း သူပြောတဲ့အတိုင်းပဲ. . .'

ပွားပွားကလည်း ထောက်ခံတယ်။ ဘီလူးက မျက်နှာကို ရေနူး နေတဲ့နွားချေးပုံလို မဲ့ခွက်ခွက်လုပ်လိုက်ပြီး. . .

'စေ့စေ့လေးတော့ ကြည့်သင့်ပါတယ်ကွယ်. . .'

ခင်မှုံက ရေအိုးကိုထမ်းရင်း ခပ်ဟဟာရယ်တယ်။

'ဟာဟ. . . နင်တို့ကို စေ့စေ့ကြည့်မယ့်အစား အနီရောင် အပေါ်အောက်ဝတ်ပြီး ဦးစိန်လန်ကွဲရှေ့ပဲ ဖြတ်လျှောက်လိုက် မယ်. . .'

အသက်အသေခံမယ်ဆိုတဲ့သဘော. . .။ ဦးစိန်လန်ကွဲဆို တာ အနီရောင်မြင်ရင် တအားကြီးဆိုး. . .။ ဒါကို ဘီလူးက သက်ပြင်း

www.burmeseclassic.com

မွမွလှုလှုလေးချပြီး. . . .

'တို့ကို ပြန်မချစ်ရင်နေပါ. . . စေ့စေ့လေးတော့ တစ်ခါ လောက်ကြည့်သင့်ပါတယ်'

ခင်မှုံပြန်လှည့်လာတယ်။ နောက် ဘီလူးတို့ကိုမကြည့်ဘဲ မြေပြင်ကိုစိုက်ကြည့်ကာ. . .

'ဒီမှာ. . . စကားကိုအကုန်ပြောလိုက်မယ်. . . . နင်တို့အခွက်တွေကို ခင်မှုံတို့ စေ့စေ့ကြည့်နိုင်တဲ့တစ်နေ့ နင်တို့ ငါတို့ဆီက ချစ်အဖြေရပြီလို့ မှတ်လိုက်ပါ. . . ဒါပဲ'

'အေး. . . ငါလည်း သူပြောတဲ့အတိုင်းပဲ. .'

ခင်မှုံက ပြတ်ပြတ်သားသားပြောတယ်။ မိပွားက ထောက်ခံတယ်. .။

ဘီလူးမျက်လုံးအစုံဝင်းလက်သွားပြီ. . .

'စေ့စေ့ကြည့်ရင် ပြန်ချစ်ပြီလို့မှတ်ရမှာလား. .'

'ရတယ်လေ မှတ်လိုက်. . .'

'သူပြောတဲ့အတိုင်း. . .'

ခင်မှုံနဲ့ မိပွားစကားကို ဘီလူးက အားရသွားသလိုခပ်ကျယ်ကျယ်ရယ်လိုက်တယ်။

'ဟားဟား. . . ကြိုက်ပြီ ကြိုက်ပြီ. . . ကျုပ်တို့ကလည်း ဒါမျိုးကိုမှတွေ့ချင်နေတာ. . . မယ်မင်းတို့စကားသာ မယ်မင်းတို့ မှတ်ထားပါ. . . တစ်နေ့ကျရင် မယ်မင်းသာမကဘူး မယ်မင်းရဲ့အဖရော အမိပါ ကျုပ်ကိုစိုက်ကြည့်ရစေ့မယ်. . . စိုက်ကြည့်ရစေ့မယ်. . . ဟား. . ဟား. . .'

'သူပြောတဲ့အတိုင်းပဲကွ. . . ဟားဟား. . .'

ဘီလူးရဲ့စကားကို ခင်မှုံက ခါးပေါ်လက်ထောက်လို့ တစ်ဖက်လှည့်လိုက်ပြီး. . .

'ဟင်းဟင်း. . . အဲဒီလို အမိ အဖပါစေ့စေ့ကြည့်မိရင် တစ်ခါ

တည်း လူကြီးစုံရာနဲ့ နားဖောက်ပြီးပြီလို့သာမှတ်'

'ဝေးသေး. . . .'

'ဝေးသေး. . . .'

'ဝေးသေး. . . ဟုတ်လား. . . တွေ့ကြသေးတာပေါ့ကွာ. . . တွေ့ကြသေးတာပေါ့. . . ကိုယ့်စကားသာကိုယ်မှတ်ထား ပါ. . .'

'မှတ်ထားပါတယ်. . . မှတ်ထားပါတယ်. . . လူမှာ ကတိ မင်းမှာသစ္စာတဲ့. . . ခင်မှုံတို့က ကတိတည်ပြီးသား'

'ဘာ. . . ကတိတည်ပြီးသား ဟုတ်လား. . .'

ဆိုပြီး

'ဒီမှာကြည့်. . .'

ဘီလူးက အလစ်အငိုက်ဖမ်းပြီးပြောတယ်။ ဒါကို ခင်မှုံက. . .

'မကြည့်ဘူး'

ဆိုပြီး တစ်ဖက်လှည့်သွားတယ်။ ခင်မှုံရဲ့အပြုအမူကို ဘီလူးတို့ သဘောကျသွားပြီး . . .

'ဟားဟား. . . ကိုယ့်စကား ကိုယ်မှတ်ထားပေါ့. . . အခု မကြည့်ချင်ရင်နေ. . . တစ်နေ့ကျရင် မင်း ငါတို့ကိုစေ့စေ့ ကြည့်ရမယ် ခင်မှုံ. . . စေ့စေ့ကိုကြည့်ရမယ်. . .'

'အေး. . . သူပြောတဲ့အတိုင်းပဲ မိပွား. . . ချစ်ရည်ရွှမ်းတဲ့ မျက်ဝန်းညိုနဲ့ စိုက်ကိုကြည့်ရမယ်. . .'

ငပိန်ကဝင်ထောက်တယ်. . .။ ဒါကို ခင်မှုံနဲ့မိပွားက. . .

'စမ်းကြည့်လိုက်လေ. . . .'

'အမှန်ပဲ. . . ကဲ. . . လမ်းဖယ်. . . ရေအိုးရွက်လာတာ ဇက်နာလှပြီ. . .'

ဆိုပြီး သူတို့နှစ်ယောက်ကို ကျော်တက်လိုက်တယ်။ ဒါကို

www.burmeseclassic.com

ဘီလူးက. . .

‘ဟားဟား. . . သွားပါဗျား. . . သွားပါ. . . မကြာခင် ကျုပ်ရဲ့ချစ်သူဖြစ်ရမယ့် ရည်းစားလောင်း မယားလောင်းလေး. . . လိုရာသွားပါ ဟားဟား. . . . ’

ဘီလူးရဲ့ရယ်သံက ဝန်းကျင်အနှံ့ပျံ့နှံ့နေတယ်. . .။ ခင်မှုနဲ့ မိပွားကတော့ သူတို့ကိုလှည့်မကြည့်တော့ဘူး. . .။ သိတယ်မဟုတ်လား. . . လှည့်ကြည့်ရင် သူတို့ကိုစိုက်ကြည့်ပါတယ်ဆိုပြီး စွပ်စွဲဦးမယ်. . .။ ဒါကြောင့် ဘီလူးမထိတထိကလိ ရယ်နေမှန်း သိသိကြီးနဲ့ကို ငြိမ်ခံပြီးလှည့်ထွက်သွားရတာ. . .။ ခါတိုင်းဆို ဘယ်နေမလဲ. . . စေ့စေ့ကြည့်ပြီးတော့ကို ပါးဘယ် ပြန်ညာပြန် ခေါက်တိုဆွဲပစ်မိမှာ. . .။

ငပိန်ကတော့ ဘာမှမပြောပါဘူး။ သူချစ်တဲ့မိပွားရဲ့ နောက်ကျောအလှကို ရှုစားရင်းနဲ့ပဲ ငြိမ်ကျန်ခဲ့တယ်။ မိပွားရဲ့ နောက်ကျောကလည်း အဟုတ်လှတာ. . .။ စည်ပိုင်းကြီးလှိမ့်သွားတဲ့အတိုင်း တငြိမ့်ငြိမ့်တလိမ့်လိမ့်နေတာ. . .။ ကိုယ့်လူတို့ ကိုယ်တိုင်မမြင်ဖူးတော့ ကျုပ်ပြောတာလွန်တယ်ထင်မှာပ. . .။



www.burmeseclassic.com

ညက မည်းနက်နေတာ. . .။

လမိုက်ညလည်းမဟုတ်ပါပဲ. . . လကတော်ရုံ မထွက်ဘူး . . .။ အဲ ထွက်ဦးတော့ လဆုတ်ရက်ဆိုတော့ လခြမ်းကွေး သေးသေးလေးလောက်သာထွက်မှာ. . .။ ဒါကြောင့် သက်ကြီးခေါင်းချချိန်အလွန်ဆိုရင် တစ်လံကွာလောက်မြင်ဖို့ အတော်ကြိုးစားရမှာ. . .။ ဒီအချိန်ဆိုရင်လည်း ရွာကလူတွေအားလုံးအိပ်ကြပြီ။

မနက်အစောကြီးဆိုရင် ကိုယ့်ဆိုင်ရာအလုပ်၊ လယ်လုပ် ကိုင်းထောင် ထလုပ်ကြရဦးမှာကိုး. . .။ ဒါကြောင့် ရွာကလူတွေဆို အိပ်ချိန်ကို ညအနက်မခံဘူး. . .။ စောပြီး အိပ်ရာဝင်ကြတာချည့်ပဲ. . .။ အဲဒီညမှာ မအိပ်သေးတဲ့ လူတစ်ယောက်ရှိတယ်။

ရှေးခေတ်က ငတက်ပြားဆိုတဲ့ သူခိုးတော့ ခြေလှမ်းကို ဘယ်လိုလှမ်းတယ်ရယ်တော့ မပြောတတ်ဘူး။ အဲဒီလူကတော့ သူကြီးအိမ်

www.burmeseclassic.com

စည်းရိုးနား ခြေဖျားထောက်လှမ်းလာတယ်။ ညကလည်းမှောင်မည်းနေတာဆိုတော့ ဘယ်သူရယ်လည်းမသဲကွဲဘူး။ အဲဒီလူက ခြံစည်းရိုးဝနားရောက်တော့ ခြေဖျားကိုထောက်ပြီး အထဲကိုမျှော်ကြည့်တယ်။

ဘာသံမှမကြားရဘူး. . .။

သူကြီးအိမ်က ခွေးမွေးတာမျိုးမရှိတော့ ခွေးဟောင်သံလည်းမကြား ရဘူး။ သူကြီးက နှစ်လုံးပြူးပဲ လက်သပ်မွေးတာရယ်။ အဲဒီနှစ်လုံးပြူးကလည်း ထမဟောင်တတ်တော့ ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်နေတော့တာ. .။ အခြေအနေအားလုံးက အငြိမ်။

ဘာလှုပ်ရှားမှုမှမရှိတော့မှ လူရိပ်စတင်ပြီး လှုပ်ရှားလိုက် တယ်။ ခြံစည်းရိုးကို လူတစ်ကိုယ်စာဖြုလိုက်တယ်။ နောက်လေးဖက် ထောက်ပြီး ခြံထဲလှမ်းဝင်လိုက်တယ်။

ခြံထဲရောက်ပြီဆိုတာနဲ့ လှစ်ခနဲနေအောင်ပြေးပြီး အိမ်ထောင့်ပြေးကပ်နေလိုက်တယ်။ လှုပ်ရှားပုံက ပိရိတယ်။ ခြေလှမ်းတွေက ညင်သာတယ်။

နောက်. . . လေသာပြတင်းပေါက်ကို မရမကတွယ်တက်လိုက်တယ်။ ဒီရွာက သူခိုးသူဝှက်တွေမရှိတော့ အိမ်တိုင်းခြံတံခါး၊ အိမ်တံခါးတွေ ပိတ်လေ့မရှိဘူး. . .။ အဲ သူခိုးဆိုလို့ ဘီလူးသူငယ်ချင်း ငပိန်တစ်ကောင်ပဲရှိတာ. . .။ ဒါကြောင့် ရွာမှာ ဘာပစ္စည်းပဲပျောက်ပျောက် သူ့ကိုသွားဖမ်းလိုက်ရင်မိပြီ။ အခုတော့ သူလည်းအဖမ်းခံရပေါင်းများတော့ မခိုးတော့ဘူး. .။ တခြားအလုပ်လည်း မလုပ်ဘူး။ တော်ရုံတန်ရုံ စားဖို့သောက်ဖို့ကတော့ တွေ့ရာလူလိမ်စားလိုက်တယ်။

အေးရော. . .၊ ထားတော့. . . အခုလူရိပ်က လေသာပေါက်ကနေပြီး အိမ်ထဲခုန်ချလိုက်တယ်။

သူရောက်နေတာက ဧည့်ခန်းကြီး. . .။ ဧည့်ခန်းမှာကလည်း ကုလားဗီရို အကြီးကြီးနှစ်လုံးနဲ့ ဧည့်သည်လာရင် ထိုင်ရအောင် ထိုင်ခုံတွေရှိတယ်။ ထိုင်ခုံပေါ်မှာတော့ အလှစိုက် ပန်းအိုး၊ အိမ်ထောင့်

www.burmeseclassic.com


မှာက တော်ရုံတန်ရုံ လက်ဆောင်ပဏ္ဏာတွေတင်ဖို့ ကျွန်းခုံအမြင့် နှစ်လုံးရှိတယ်။ နောက်ပြီး အလှဆွဲကြိမ်ခြင်း၊ မီးအိမ်၊ သောက်ရေအိုး စသည်ဖြင့် ဘာညာသာရ ကာတွေပေါ့ ရှိတယ်။ ဒါပေမယ့် ဒါတွေက ကိစ္စမရှိဘူး. . .။ သူ့အတွက်လည်း အရေးမကြီးဘူးထင်တယ်။ လှည့်ကို မကြည့်ဘူး။ သူ့အတွက်အရေးကြီးတာက. . .

သူကြီးက အိမ်ရှေ့ခန်းမှာ တစ်ယောက်တည်း စန့်စန့်ကြီး အိပ်နေတယ်။ သူ့ဗိုက်အိုးကြီးကလည်း တောင်းကြီးတစ်လုံး မှောက်တင်ထားသလိုပဲ ဖောင်းပြည့်နေတာ. . .။ ဟောက်သံကလည်း ကျယ်သလားမမေးနဲ့ ။ ရွာဦးကျောင်းအုံးမောင်းခေါက်သံတောင် သူ့ဟောက်သံလောက် ကျယ်မှာမဟုတ်ဘူး။ သူ့ရဲ့ညာဘက်နံရံမှာ သူ့ရဲ့ လက်စွဲတော် နှစ်လုံးပြူးကြီး ချိတ်ထားတယ်။ နှလုံးပြူးကိုမြင်တော့ လူရိပ်သဘောကျသွားတယ်ထင်တယ်။ အခန်းထဲဝင်ဖို့ ခြေလှမ်းပြင်လိုက်တယ်။ အဲဒီအချိန် မှာပဲသူကြီးကဆတ်ခနဲသူ့ဘက်လှည့် လာတယ်။ သူကြီးလှည့်လာတာလည်းမြင်ရော လူရိပ်တွန့်ခနဲဖြစ်သွားပြီး နံရံထောင့်ပြေးကပ်လိုက်တယ်။ သူ့နဖူးဆီက အလိုလိုနေရင်း ဇောချွေးတွေ စိမ့်ထွက်လာတယ်။ နောက်တော့မှ သူကြီးဆီက ဟောက်သံပြန် ကြားရတော့မှ သက်ပြင်းချသံကြားရတော့တယ်။

မဖြစ်ဘူး. . .။ နှလုံးပြူးသွားဆွဲလို့ မဖြစ်ဘူးဆိုတာ စဉ်းစားမိပုံရတယ်. . .။ သူကြီးပုံက အအိပ်ဆတ်မယ့်ပုံ. . .။

ဒါကြောင့် အသာလေးခြေဖျားထောက်ပြီး နောက်တစ်ခန်းကို လှည့်ကြည့်လိုက်တယ်။

တွေ့ပြီ. . .။

ဒီဘက်အခန်းမှာတော့ သူကြီးကတော် ဒေါ်စာကြီးနဲ့ သူ့သမီး ခင်မှုံ. . .။ ဒီနှစ်ယောက်ကို မြင်တော့ လူရိပ် ရိပ်ရိပ်ကလေးပြုံးတာ တွေ့လိုက်တယ်။ သူလိုချင်တာ ဒါဖြစ်မယ်. . .။

ဒါကြောင့် ခြေဖျားကိုထောက်၊ အသက်ကိုအောင့်ပြီး အခန်း

www.burmeseclassic.com

ထဲ ညင်ညင်သာသာ လှမ်းဝင်လိုက်တယ်။ နောက် အဲဒီခြေလှမ်းမျိုးနဲ့ပဲ အိပ်နေတဲ့လူနှစ်ယောက်ရဲ့ ခေါင်းရင်းကို ကျော်လွှားသွားလိုက်တယ်။ ဟိုနှစ်ယောက်ကတော့ အိပ်နေတာ သိုးလို့. . .။

ခေါင်းရင်းရောက်တော့ လူရိပ်အသာအယာဆောင့်ကြောင့် ထိုင်လိုက်တယ်။ ပြီးတော့ ခင်မှုံကို အလိုကျတဲ့အပြုံးတွေနဲ့ စိုက်ကြည့်လိုက်တယ်။

အကြည့်လွှဲပြီး ခင်မှုံရဲ့ မျက်နှာလေးကို အားရပါးရ စိုက်ကြည့်လိုက်တယ်။ အပြစ်ကင်းစင်လှတဲ့မျက်နှာလေး. . .။ နေ့ခင်းဘက် မျက်နှာပေါ် ရောက်နေတဲ့ မာနရိပ်တွေ ခွာချထားသလိုမျိုး. . .။ အမြဲတစေ ဒီလိုအပြစ်ကင်းစင်တဲ့ မျက်နှာကလေးနဲ့ပဲဆိုရင် ဘယ်လောက်ကျက်သရေ ရှိလိုက်မလဲ. . .။

လူရိပ်က အိပ်ပျော်နေတဲ့ ခင်မှုံရဲ့အလှမှာ မျောပြီး ခင်မှုံလေးရဲ့ပါးကို ကိုင်ဖို့လုပ်တယ်။ နောက်မှ သတိရသွားပြီး ချက်ချင်း လက်ပြန်ရုပ်လိုက်တယ်။ ကိုင်လို့မဖြစ်သေးဘူး. . .။ လုပ်စရာက ရှိသေးတယ်မဟုတ်လား. . .။ လုပ်ရမယ့်ကိစ္စ မအောင်မြင်ခင် ဘာမှမှားယွင်းလို့ မဖြစ်သေးဘူးဆိုတာမှန်း စဉ်းစားမိပုံရတယ်. . .။ ဒါကြောင့် ကိုယ်ရှိန်ပြန်သတ်ရင်း အနေအထားပြင်လိုက်တယ်။ ပတ်ဝန်းကျင်ကို နားစွင့်လိုက်တယ်။ သူကြီးဟောက်သံဖောင်းဖောင်းကြီးမှတစ်ပါး အားလုံးတိတ်ဆိတ်. . .။

စိတ်ချရတဲ့ အနေအထားရောက်မှ လူရိပ် လက်သီးကို ဆုပ်အားယူပြီး အိပ်နေတဲ့နှစ်ယောက်နား,နား ကပ်အော်လိုက်တာက. . .

'သူခိုး. . . သူခိုး. . . သူခိုး. . .'

လူရိပ်ရဲ့ ကျယ်လောင်တဲ့အော်သံကြောင့် သူကြီး ကတော် ဒေါ်စာနဲ့ ခင်မှုံ လန့်နိုးလာပြီး. . .

'အောင်မလေးတော့. . . သူခိုးတဲ့. . .'

'သူခိုးရဲ့ အမေတဲ့. . . သူခိုးတဲ့. . .'

www.burmeseclassic.com


ဆိုပြီး ဝုန်းခနဲထခုန်ကြတယ်။ ပြီးတော့ ကယောင်ကတမ်းနဲ့ အိပ်ခန်းအပြင်ဘက် ပြေးထွက်လိုက်တယ်. . .။ ပြီးတော့ အသံကျယ်ကျယ်နဲ့. . .

'သူခိုးတဲ့ဟေ့. . . သူခိုးတဲ့. . .'

'အဖေရဲ့. . . သူခိုးတဲ့တော့ သူခိုးတဲ့. . .'

သူတို့ရဲ့အော်သံကြောင့် တစ်ဘက်ခန်းမှာ အိပ်နေတဲ့ သူကြီး လန့်နိုးလာပြီး လက်စွဲတော် နှလုံးပြူးသေနတ်ဆွဲကာ. . .

'ဘယ်မှာလဲ သူခိုး. . . သူခိုးဘယ်မှာလဲ. . .၊ သူကြီး ဖိုးထင်တဲ့ကွ. . .'

ဆိုပြီး အိပ်ခန်းအပြင်ဘက် ပြေးထွက်လာတယ်။ သူကြီး အိမ်က ဝရုန်းသုန်းကားအသံလည်းကြားရော ပတ်ဝန်းကျင်ကပါ အားလုံးလန့်နိုးလာပြီး. . .

'ဟေ့ သူခိုးတဲ့. . . သူကြီးအိမ် သူခိုးကပ်လို့တဲ့. . .'

'ဟယ်. . . ဘယ်သူခိုးမို့လို့ သူကြီးအိမ်ကပ်ရတာလဲ'

'ဘယ်မှာလဲ သူခိုး. . . ဘယ်မှာလဲသူခိုး၊ တွေ့ကြပြီပေါ့'

စသည်ဖြင့် ဆူညံကုန်တယ်။ အဲဒီအချိန်မှာသူကြီးကလည်း နှလုံးပြူး ကားယားကားယားနဲ့ အိမ်ရှေ့အိမ်နောက် လျှောက်ပြီး. . .

'ဘယ်မှာလဲ သူခိုး. . . ဘယ်မှာလဲ သူခိုး. . . ဘယ်သူခိုးမို့လို့ ဖိုးထင်အိမ်ကပ်ရဲတာလဲကွ. . .'

ဆိုပြီးအော်တယ်။ အဲဒီအချိန်မှာ ရွာသားတွေကလည်း သူကြီးအိမ်ကို သူခိုးဖမ်းဖို့ ဝိုင်းထားပြီးပြီ။ သူခိုးကပျောက်နေဆဲ ဘယ်မှာမှ သူခိုးကိုရှာမရတော့ သူကြီးစိတ်တိုသွားပြီး. . .

'ဟဲ့ မစာ. . . ခင်မှုံ. . . ဘယ်မှာလဲ သူခိုးက. .'

သူကြီးအမေးကို ခင်မှုံက. . .

'အိပ်ခန်းခေါင်းရင်းနားက ကပ်ပြီးအော်သံကြားရတာပဲ အဖေ. . .'

www.burmeseclassic.com

'ဟုတ်တယ် ကိုဖိုးထင်ရဲ့. . .'

ခင်မှုံနဲ့ ဒေါ်စာစကားကြားတော့ သူကြီး အကြီးအကျယ် စိတ်တိုသွားပြီး. . .

'ဟယ်. . . မဖြစ်နိုင်တာ. . . သူခိုးက အိပ်ခန်းခေါင်းရင်း ဘယ့်နှယ့်ဝင်မှာတုန်း. . .'

သူကြီးအမေးမဆုံးလိုက်ဘူး။ ခင်မှုံတို့ အိပ်ခန်းခေါင်းရင်းက ကြားလိုက်ရတဲ့အသံက. . .

'ဟုတ်တယ်ဗျို့. . . သူခိုးက ဒီမှာ. . . ဒီမှာရှိနေတာ'

ဆိုပြီး အော်သံကြားတယ်။ အဲဒီအသံလည်းကြားရော သူကြီး မျက်လုံးပြူးသွားပြီး. . .

'ဟင်. . သူခိုးက အိပ်ခန်းထဲရှိနေတယ်တဲ့. . . ကဲ. . လူပါးဝတဲ့သူခိုး တွေ့ကြသေးတာပေ့ါ. . . ဟဲ့. . . နင်တို့ပါလိုက်ခဲ့. . .'

ဆိုပြီး အောက်လင်းဓာတ်မီးကြီးဆွဲပြီး သုံးယောက်သား အခန်းထဲ လှမ်းဝင်လိုက်တယ်ဆိုရင်ပဲ. . .

'ဟင်'

'အလို'

'အို'

အခန်းထဲ ဆောင့်ကြောင့်ထိုင်နေသူကို မြင်တော့ အားလုံး အံ့အားသင့်ပြီး ကြောင်ငေးသွားတယ်။ ပြီးတော့ သုံးယောက်လုံးဆီက အာမေဋိတ်သံပြိုင်တူထွက်လာတယ်။

'ဘီလူး'

ဟုတ်ပါတယ်။ ဘီလူးပါ။ သူကြီးနှစ်လုံးပြူးကြီးနဲ့ ချိန်ထားတာတောင် စပ်ဖြဲဖြဲမျက်နှာနဲ့ ဘီလူး. . .။ သူ့ကို သုံးယောက်လုံးစိုက်ကြည့် နေတာမြင်တော့ အားရဝမ်းသာနဲ့ ထအော်တယ်။

'ဟား ဟား. . . ဘာတတ်နိုင်သေးလဲကွ. . . ဘာတတ်နိုင်သေးလဲ. . . နင်အခုတော့ ငါ့ကို စိုက်ကြည့်ရပြီ မဟုတ်လား ခင်မှုံ. . .

နင်တို့သားအဖ သုံးယောက်လုံး ငါ့ကို စိုက်ကြည့်နိုင်ရင် ငါ့ကို လက်ထပ်မယ်ဆို. . . ဟားဟား. . . ငါကွ ဘီလူး. . . ဒီဘ၀သူကြီးသမီး အလှကလေးနဲ့ အိုရချည်သေးရဲ့ ဟားဟား’

ဘီလူးက သူ့စကားကို သူသဘောကျစွာ တဟားဟားရယ်တယ်။ အဲဒီတော့ ခင်မှုံလည်း သူ့စကားကို သူ ပြန်သတိရသွားပြီး ‘အို’ ဆိုတဲ့ အာမေဍိတ်သံနဲ့အတူ တစ်ဖက်လှည့်သွားတယ်။ ဒါကို အကြောင်းမသိသေးတဲ့ သူကြီးဖိုးထင်က နှစ်လုံးပြူးကြီးထိုးချိန်ပြီး. . .

‘ဟေ့ကောင်. . . မင်း ဘာစကားတွေ ပြောနေတာလဲ၊ မင်း ငါ့အိမ်ကိုဝင်တာ ဘာခိုးချင်တာလဲ. . . ဘာခိုးပြီးပြီလဲ မှန်မှန်ပြောစမ်း. . .’

သူကြီးစကားကို ဘီလူးက သူ့လက်သေးသေးရှေ့ကာ ပြီး. . .

‘ကျုပ် ဘာမှမခိုးပါဘူး သူကြီး. . . ပစ္စည်းဆို ဘာပစ္စည်းမှ မခိုးပါဘူး. . . အဲ ဒါပေမယ့် သူကြီးတို့မိသားစုသုံးယောက်ဆီက အကြည့်လေးသာ လာခိုးတာပါ. .’

‘ဘာကွ’

ဘီလူးစကားကို သူကြီးက နားမရှင်းဘူးဖြစ်သွားတယ်။ အကြောင်းသိနေတဲ့ ခင်မှုံကသာ မျက်နှာလေးရဲတက်သွားပြီး. . .

‘သူပြောတာ မယုံနဲ့အဖေ. . . သူလိမ်ညာပြောနေတာ’

ဆိုပြီး ၀င်အော်တယ်။ ဒါကို ဘီလူးက အောင်နိုင်သူအပြုံးပြုံး လိုက်ပြီး. . .

‘ဟားဟား. . . ကိုလှဦးက မုသာ၀ါဒကံမကျူးလွန်ပါဘူး. . . အေး မုသာ၀ါဒကျူးလွန်တဲ့သူသာ ငရဲကြီးရှစ်ထပ်မှာ ချိုး(ဂျိုး) ကပ်တတ်တယ်ဆိုတာ မှတ်ထားလိုက်ပါ. . .’

ဘီလူးစကားကြောင့် ခင်မှုံတွန့်၀င်သွားတယ်။ ဟုတ်သလေ။ သူက ငရဲကြီးမှာကြောက်လို့ ဘယ်တုန်းကမှ လိမ်ညာပြောခဲ့သူမှ

www.burmeseclassic.com

မဟုတ်တာ. . .။ အခု ဒီကိစ္စမှာသာ မုသာဝါဒကံ ကျူးလွန်မိပြီ ဖြစ်တဲ့အတွက် ငရဲကျမှာ ကြောက်သွားတာပေါ့။

ဒါကို အကြောင်းမသိတဲ့ သူကြီးက မျက်မှောင်ကြုတ်လိုက်ပြီး. . .

'ဟေ့ကောင် လှဦး. . . စကားကို ရှည်ရှည်ဝေးဝေး ပြောမနေနဲ့. . . မင်း ဘာအကြံအစည်နဲ့ အိမ်ထဲဝင်တာလဲ. . . မြန်မြန်ပြောစမ်း. . . ငါလက်ယားလာပြီနော်. . . ဟင်းဟင်း. . .'

သူကြီး နှစ်လုံးပြူးခလုတ်ကွင်းကို လက်တင်ရင်း အံကြိတ်ပြောတယ်။ ဒီတော့မှ ဘီလူးပျာပျာသလဲဖြစ်သွားတယ်။ သိတယ်မဟုတ်လား. . . သူကြီးနှစ်လုံးပြူးက အကြောင်းရွေးတာရယ် မဟုတ်ဘူး။

'ကျုပ် ကျုပ်ရှင်းပြပါ့မယ် သူကြီး. . . ဒီလိုပါ. . .'

ဆိုပြီး လုံခြည်လေး ရင်ခေါင်းစည်းပြီးထရပ်လိုက်တယ် ပြီးမှ. . .

'သူကြီးသမီးအချောအလှပဂေးလေး. . .'

'လိုရင်းပြောကွာ. . .'

သူကြီးက လျှာရှည်နေတဲ့ ဘီလူးကို ဖြတ်ငေါက်တယ်။ ဘီလူးက တံတွေးကို ဂလုခနဲမျိုချလိုက်ပြီး . . .

'ဒီလိုပါ သူကြီး. . . သူကြီးရဲ့သမီးချောလေး ခင်မှုံက ကျုပ်ကို ကတိပေးထားပါတယ်. . . သူသာ ကျွန်တော့်ကို စိုက်ကြည့်မိရင် သူနဲ့ကျွန်တော် ချစ်သူဖြစ်ပြီလို့ အသိအမှတ်ပြုလိုက်ပါတဲ့. . .'

'ဟေ. . .'

သူကြီးမျက်လုံးပြူးထွက်လာတယ်။ ဒေါ်စာက "အလိုတော်" ဆိုပြီးခါးထောက်တယ်။ ဘီလူးကဆက်ပြီး. . .

'နောက်ပြီး သူကြီးရယ်၊ သူကြီးကတော်ရယ်၊ ခင်မှုံရယ် သုံးယောက်စလုံး ကျုပ်ကိုစိုက်ကြည့်တဲ့နေ့ဟာ ကျုပ်ကို သူလက်ထပ်မယ့်နေ့ပဲလို့လည်း ဆိုထားပြန်ပါတယ်ဗျာ. . .'

www.burmeseclassic.com


'အလို. . .'

'ဟင်. . .'

သူကြီးရော သူကြီးကတော်ပါ ဘီလူးကို ကြောင်ငေးပြီး ကြည့်နေတယ်။ နောက် ခင်မှုံကို ပြန်ငဲ့ကြည့်ကြတယ်။ ခင်မှုံ ကတော့ ခေါင်းလေးငုံ့ပြီး မဟုတ်ဘူး. . . မဟုတ်ဘူးဆိုပြီး ငြင်းတယ်။ ဘီလူးကတော့ မာန်တွေတက်ပြီး ဆက်ပြောတုန်း. . .။

'အဲဒါကြောင့် ကျုပ်က ဟောဒီခင်မှုံ နှမလေးနဲ့ တစ်ခါတည်း လက်ထပ်ရအောင် အိမ်ခေါင်းရင်း ဆောင့်ကြောင့်ထိုင်ပြီး သူခိုး သူခိုး သူခိုးလို့ သုံးကြိမ်သုံးခါအော်မိတာပါ. . .'

'ဟေ. . .'

'အလို. . .'

သူကြီးရော သူကြီးကတော်ပါ ပါးစပ်အကျယ်ကြီး ဟနေ တယ်။ ခင်မှုံက မျက်ရည်စမ်းတမ်းစမ်းတမ်းနဲ့ ခေါင်းငုံ့နေတယ်။ ပြဿနာက ဘယ်လိုဖြေရှင်းရမှန်းမသိဘူး။ လူတွေကလည်း အုံနေပြီ။ အားလုံးကလည်း ဒါကိုကြားပြီး ဇဝေဇဝါ ဖြစ်နေကြတယ်။ ဘီလူးက ဘာမှလည်း ခိုးတာမဟုတ်ပဲ သူတို့ စိုက်ကြည့်ရုံလောက်သာ လာလုပ် တာဆိုတော့ ပြောရလည်း ခက်နေတယ်။ အားလုံး အငိုက်မိခံရသူလို ငုတ်တုတ်တွေ မေ့နေကြတာ. . .။ ဒါကို အခွင့်အရေးသမား ဘီလူးက တစ်ဆင့်တက်ပြီး. . .

'လူမှာကတိ၊ မင်းမှာသစ္စာတဲ့ သူကြီးရဲ့. . . . သူကြီးတို့ သုံးယောက်လုံး ကျုပ်ကိုစိုက်ကြည့်မိတယ်ဟုတ်. . .'

လှဦးအမေးကို သူကြီးကခေါင်းကုတ်ပြီး. . .

'အေးလကွာ. . . သူခိုးဆိုတော့ ဘယ်သူလဲဆိုပြီး စိုက်ကြည့် မိ တာပေါ့. . .'

သူကြီးစကားကို ဘီလူးအားတက်ပြီး. . .

'ဟုတ်ပြီ. . . သူကြီးသမီးခင်မှုံကလည်း မောင်ကြီး လှဦးကို

www.burmeseclassic.com

သုံးယောက်လုံး စေ့စေ့ကြည့်မိရင် လက်ထပ်ပါ့မယ်လို့ ကတိပေး ထားခဲ့ဖူးတယ်နော်. . .'

ခင်မှုံပျာပျာသလဲဖြစ်သွားပြီး. . .

'အို. . . ဒါက စကားအဖြစ်ပြောတာ. . .'

ခင်မှုံစကားကို ဘီလူးလုဦးက မိန့်မိန့်ကြီးပြုံးလိုက် ပြီး . . .

'စကားအဖြစ်ပြောတာမလုပ်နဲ့လေ. . . ရှေးခေတ်ကလည်း နှုတ်မစောင့်စည်းလို့ သူဌေးသမီးမာဇာဏိတ နောင်ဘ၀ ပြိတ္တာဖြစ်သွား ရတဲ့ သာဓကတွေရှိခဲ့တယ်. . . ကိုယ်က ခင်မှုံကို မဖြစ်စေချင်လို့ ပြောတာပါ'

ဘီလူးစကားက ဟုတ်လား မဟုတ်လားမသိဘူး။ ဒါပေမယ့် ပြိတ္တာကြောက်တဲ့ ခင်မှုံ တွန့်ပါတွန့်ဝင်သွားတယ်။ ဒါကို ဘီလူးက သူကြီးဘက်ပြန်လှည့်ပြီး. . .

'ကိုင်း. . . သူကြီး လူမှာကတိ မင်းမှာ သစ္စာဆိုတဲ့ အတိုင်း ကတိသစ္စာတည်ကြည်စွာ သူကြီးသမီးခင်မှုံနဲ့ ကျုပ်ကို ခုမနွေး လက် ဆက်ပေးပါတော့. . .'

ဆိုပြီး ဘီလူးအားရပါးရ လက်ထုတ်ပေးတယ်။ ဘီလူးရဲ့ လက်မည်းမည်းကိုမြင်မှ သူကြီးစိတ်ဆိုးသွားပြီး. . .

'ဘာကွ. . . မင်းကို ငါ့သမီးနဲ့ လက်ဆက်ပေးရမယ် ဟုတ် လား. . . အောင်မာ အနူလက်နဲ့ ရွှေခွက်နှိုက်ချင်တာပေါ့လေ. . . ငါ့သမီးလက်တော့မရဘူး ငါ့လက်ပဲရမယ်. . . ကိုင်းကွာ. . .'

ဆိုပြီး သူကြီးက ဘီလူးဆီပြေးသွားပြီး သူ့လက်ဖဝါးကြီးနဲ့ ဘီလူးဇက်ပိုးကို ဖြောင်းခနဲအုပ်ချလိုက်တယ်။ ပြီးတော့ ဘီလူးကို လည် ကုပ်ကဆွဲပြီး. . .

'အေး. . ဒါမှ မင်းထပ်ပြီး လက်ဆက်ချင်ရင်တော့ ထိတ်တုံးနဲ့ သာ ဆက်ပေရော့. . .'

ဆိုပြီး အိမ်အောက်ဆွဲချပြီး အိမ်အောက်ကထိတ်တုံးမှာ

www.burmeseclassic.com


ဂျိုင်းဆို ခြေထိတ်ခတ်ပေးလိုက်တော့တယ်။

ဒီလိုနဲ့ ဘီလူးဟာ ခင်မှုံကလေးနဲ့မညားဘဲ ဒွာရရှစ်ပေါက်ရှိတဲ့ ထိတ်တုံးနဲ့ တစ်ညတာညားပြီး လူပျိုရည်ပျက်ခဲ့ရတော့တယ်။

www.burmeseclassic.com

"**တောက်**...ဒါ သူကြီးတမင်သက်သက် ကတိမတည်တာ... စကားကို ကူလီကူမာလုပ်တာ... ငါ ရပ်ရွာလူကြီးပဲဆိုပြီး ထိတ်တုံးသရမ်းတာ'

ဘီလူးလှဦး ထန်းရည်ခွက်ကို ဆောင့်ချရင်းပြောတယ်။ သူ့ဘေးနားမှာတော့ သူနဲ့ သောက်ဖော်သောက်ဖက် ငပိန်၊ မောင်ကောင်း၊ ကျွဲကြီးတို့ ရှိနေကြတယ်။ သူတို့ အဓိကဆွေးနွေးနေကြတဲ့ အကြောင်းကိုတော့ သိမှာပေါ့...။ ဒီအချိန်မှာ ခင်မှုံအကြောင်းကလွဲပြီး ဘာမှ မဖြစ်နိုင်တာ...။

'တောက်... ခင်မှုံ...ခင်မှုံ...သူလည်းမထူးပါဘူး...သူကြီးသမီးဆိုတော့ ဒီပုတ်ထဲကဒီပဲဘဲ...'

မောင်ကောင်းနဲ့ကျွဲကြီးကတော့ ဘီလူးစကားကို ဂရုမစိုက် ဘူး။ ထန်းရည်ကိုပဲ မဲသောက်နေကြတယ်။ ဟုတ်တယ်လေ ဒါ ဖြစ်ရိုး

www.burmeseclassic.com


ဖြစ်စဉ်ပဲဟာ. . .။ ဘီလူးက သူကြီးကို အနှောင့်အယှက်ဖြစ်အောင် လုပ်မယ်။ သူကြီးက ဖမ်းချုပ်မယ်။ ဒါမျိုးက အခုမှမဟုတ်ဘူး။ ဘီလူး ဟိုး. . . ဟို. . . ဆယ့်သုံးနှစ်သားလောက်ကတည်းက. . .။

မှတ်မိသေးတယ်။ အဲဒီတုန်းက ဘီလူးက ဆယ့်သုံးနှစ်သား။ ဘုန်းကြီးကျောင်းသားပဲရှိသေးတာ။

(မှတ်ချက်။ ။ သူတို့ရွာမှာက ကလေးအရွယ်ရောက်ရင် ဘုန်းကြီးကျောင်းပို့ပြီး သင်္ဂြိုဟ်စာသင်၊ ဘုန်းကြီးကျောင်း ဝေယျာဝစ္စ လူတိုင်းလုပ်ရတာ. . . ကျောင်းအိပ်ကျောင်းစာပေါ့။ ကလေးတွေ လိမ္မာရေးခြားရှိအောင် ဆရာတော်တွေနဲ့ အနီးကပ်ထားပြီး သင်စရာရှိ တာ အကုန်သင်ခိုင်းကြတာ။ လူပျိုအရွယ်ရောက်မှ အဲဒီကျောင်းက ပြန်ထွက်ခွင့်ရှိတယ်။ ဒါကြောင့် ရွာတွေမှာဆို ဆရာတော်စကား ဘယ်သူမှ မပယ်ရှားဝံ့ဘူး. . .။ ဆရာတော်က အခရာပဲ. . . ဘာ ကြောင့်ဆို အားလုံး သူ့ကျောင်းသားဖြစ်ဖူးကြတာကိုး. . .။)

သူကြီးကလည်း သူကြီးပေါက်စ။ မာန်ကြွချိန်. . .။ ဘုန်းကြီး ကျောင်းလာတာတောင်မှ နှစ်လုံးပြူးကို လက်ကချတာမဟုတ်ဘူး။ ဘုရားရှိခိုးတာတို့၊ ဆရာတော်ဝင်ဖူးတာတို့မှသာ ဆရာတော်အခန်းဝက သမင်ချိုမှာချိတ်ပြီးဝင်ဖူးတာ။ ဒါကိုလှဦးက ဘယ်လိုအမြင်ကတ်တယ် ရယ်မသိဘူး။ နှစ်လုံးပြူးကိုဖြုတ်၊ မီးပြောင်းလုပ်ပြီး မီးသွားထိုင်မှုတ် နေတာ. . .။ လူအတွေ့မြန်လို့ရယ်ပေါ့. . .။ မီးပြောင်းကမှုတ် မကောင်းလို့ဆိုပြီး နှစ်လုံးပြူးကြီး မီးဆိုက်ဖို့လုပ်နေပြီ။ အသားကလည်း သစ်ကျက်သားမို့ လောင်လိုက်မယ့်အမျိုး. . .။

သူကြီးခမျာ စိတ်ဆိုးတာများ တက်မတတ်ဘဲ။ ဒါကြောင့် ဆရာတော်အမိန့်တောင်မစောင့်တော့ပဲ လှဦးကို ချက်ချင်းကုပ်ကဆွဲဖမ်း ပြီး ထိတ်တုံးခတ်ထားတာ တစ်ရက်နဲ့ တစ်မွန်းတည့်လား။ ဆရာ တော်ကြီး ဟိုဘက်ရွာ တရားဟောကြွဖို့ ကျောင်းသားမရှိဘူးဆိုမှ ပြန် လွှတ်လိုက်တာ. . .။ အဲဒီလို. . .။

www.burmeseclassic.com


ထားတော့။ လှဦးနဲ့ သူကြီး ၊ သူကြီးနဲ့ လှဦး တစ်နေ့ အနည်း ကလေး တစ်မှုဖြစ်နေကျဆိုတော့ အဲဒီအကြောင်းတွေ လျော့လျော့ ပေါ့ပေါ့ပြောရင်တောင် ပြောကုန်မယ်မဟုတ်ဘူး။ ဒါပေမယ့် အခုအမှုက အရေးကြီးတယ်။ ဒါက သူကြီးသမီးခင်မှုံရဲ့ လော်မာမှု. .။ ဘီလူး လှဦးရဲ့ အချစ်ရေးစော်ကားခံရမှု. . .။ ဒါကြောင့် လှဦးပိုပြီးတင်း နေတာ. . .။

'တောက်. . . ကွာ. . . သူတို့သုံးယောက်လုံး ငါ့ကိုစိုက် ကြည့်တာ တစ်ရွာလုံးမြင်တယ်. . . အဲဒီလိုစိုက်ကြည့်မိရင် ခင်မှုံက ငါ့ကို လက်ထပ်ပါ့မယ်ဆိုတာလည်း မင်းတို့ကြားတယ်. . . ဒါနဲ့များ သူ့သမီးနဲ့ မပေးစားတဲ့အပြင် ထိတ်တုံးပါ အခတ်ခံရတယ်လို့. . . ဒါကို က သူကြီးသမာသမတ်မကျတာ. . . အသည်းနာတယ်. . . အသည်းနာတယ်. . .'

ဘီလူးလှဦးက သူ့ခံစားချက်ကို အားကြိုးမာန်တက်ပြော တယ်။ ဒါပေမယ့် ဘယ်သူမှ ဂရုမစိုက်ဘူး။ သိတယ်မဟုတ်လား။ ဂရု စိုက်ရင် အမှုတွဲထဲရောပါနေမှာစိုးလို့. . .။ အမှုတွဲထဲပါရင် လွယ် တယ်မှတ်လို့. . .။ အနည်းဆုံး သူကြီးထိတ်တုံးစာအရင်မိမယ်။ မထင် ရင် မထင်သလို သူကြီးကြိမ်လုံးစာမိမယ်။ အဲဒါနဲ့မှမရရင် ကြိုးတုပ်ပြီး မြို့ပို့လိုက်ရင်သွားပြီ။ လေးငါးခြောက်လကတော့ ရွာပြန်ရောက်တော့ မှာမဟုတ်ဘူး။

ဒါကြောင့် ထန်းရည်သာအတူထိုင်သောက်နေတာ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ထောက်လည်းမထောက်ခံဘူး။ ဝင်လည်း မဆွေးနွေးဘူး။ အေးရော. . .။ သူတို့ကိုကြည့်ပြီး ဘီလူးအားမလိုအားမရဖြစ် သွားပြီး. . .

'မင်းတို့တွေ အ,ကုန်ပြီလားကွ. . . ဟေ. . . မင်းတို့စကား မပြောတတ်ကြတော့ဘူးလား. . .'

ဘီလူးအော်သံကြောင့် နည်းနည်းလှုပ်လှုပ်ရှားရှား ဖြစ်သွားကြ

တယ်။ ဒါပေမယ့် ဘာမှဝင်မပြောကြဘူး။ ဒါကို ငပိန်က မနေနိုင် မထိုင်နိုင်နဲ့. . .

'ငါလည်းပြောမလို့ကွ. . .'

ဘီလူးက အဖော်ရပြီဆိုတဲ့သဘောနဲ့ ငပိန်ကိုကြည့်တယ်။ ငပိန်ကတော့ ဘေးဘီဝေ့ကြည့်လိုက်ပြီး. . .

'ဟိုလေကွာ. . .'

'အေးပြော. . .'

ဘီလူးက ထန်းရည်ခွက်ကြီးမပြီး မှင်နဲ့ပြောတယ်။ ငပိန်က စကားမဆက်သေးဘူး။ အနောက်ကို ပြန်လှည့်ကြည့်တယ်။ ရှေ့ပြောနောက်ကြည့်ဆိုတဲ့သဘော။ လူရိပ်လူယောင် မမြင်တော့မှ. . .

'အဲဒီနေ့က မင်း ခင်မှုံကိုပြောတဲ့အချိန်မှာ ငါပါတယ်လေကွာ. . .'

ဘီလူး မျက်မှောင်ကြုတ်လိုက်တယ်။ ထောက်ခံမယ့် သက်သေခံတစ်ယောက်တော့ရပြီဆိုပြီး နည်းနည်းကလေး ကျိတ်ဝမ်းသာသွားတယ်. . .

'ဟေလေကွာ အဲဒီတော့ ဘာဖြစ်သလဲ'

'အဲဒီတုန်းက မိပွားကလည်း ငါ့ကို သူစိုက်ကြည့်ရင် ချစ်အဖြေရပြီလို့ ကတိထားခဲ့တယ်လေ. . .'

'အဲဒီတော့ ဘာဖြစ်လဲလို့. . .'

ဘီလူးရဲ့အမေးကို ငပိန်က သူ့ခေါင်းကိုသူတဖြင်းဖြင်းကုတ်ပြီး. . .

'အဲဒါ ငါလည်း မိပွားက ငါ့ကိုစိုက်ကြည့်အောင် ဘယ်လိုလုပ်ရမလဲလို့. . .'

ငပိန်ရဲ့စကားကို ဘီလူးက စိတ်ပျက်သွားသလိုဟန်မျိုးနဲ့ "ဟာကွာ"ဆိုပြီး တစ်ဖက်လှည့်သွားတယ်။ နောက်မှ ငပိန်ကို မကြည့်ဘဲ. . .

www.burmeseclassic.com


'ရွှေလေ့. . . ငွေလေ့မှောက်နေတဲ့ကြားထဲ ငါးပိလေ့က ဝင်နစ်နေသေး. . .'

ငပိန်က စပ်ဖြဲဖြဲနဲ့ မျက်နှာလေးအောက်ချပြီး. . .

'ငါးပိလည်း ငါးပိအလျောက် အဖိုးတန်ပါတယ်ကွာ. . . ငါ ငါလည်း သူလေးရဲ့ စိုက်အကြည့်ခံချင်လို့ပါကွာ. . .'

ဘီလူးက ငပိန်ကိုမကြည့်ဘဲ ကုန်နေပြီဖြစ်တဲ့ သူ့ခွက်ထဲ ထန်းရည်ထပ်ဖြည့်လိုက်တယ်။ နောက်တစ်ကျိုက်လောက် မော့သောက်လိုက်ပြီး. . .

'အလွယ်ကလေးပါကွာ. . .'

'အေး. . .'

'မင်း အခု မိပွား အမြည်းရောင်းတဲ့ဆီကိုသွားပြီး ဘာမပြော ညာမပြောနဲ့ အမြည်းတွေ အလကားနှိုက်စားနေ. . . သူ မင်းကို စေ့စေ့ မကြည့်ဘဲ မနေနိုင်ဘူး. .'

ဘီလူးရဲ့စကားကြောင့် ငပိန်မျက်လုံးများ အရောင်တောက်သွားတယ်။ ဟုတ်တယ်လေ. . . သူ့အမြည်းတွေ အလ ကားနှိုက်စားနေရင် ဘယ်သူက စေ့စေ့မကြည့်ဘဲ နေနိုင်မှာလဲ။ စေ့စေ့ကိုကြည့်ပြီး ရန်တွေ့မှာ. . .။ အဲဒီအချိန်ကျမှ သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး "နင် ငါ့ကိုစေ့စေ့ကြည့်ပြီးပြီ. . . ဒါကြောင့် ကတိအတိုင်း နင်နဲ့ငါ ချစ်သူဖြစ်ပြီ" လို့ ပွဲပြတ်ပြောချလိုက်ရုံပဲမဟုတ်လား. . .။ ဒီတော့မှ ငပိန် အားရဝမ်းသာဖြစ်သွားပြီး. . .

' ငါ အဲဒါကို မစဉ်းစားမိဘူး. . . တော်လိုက်တာ ဘီလူး ရာ. . . ကဲ ငါသွားလိုက်ဦးမယ်. . . ငါ့ရဲ့အောင်မြင်တဲ့ အသံကို မင်းတို့မကြာခင်ကြားစေရမယ်. . .'

ဆိုပြီး ဘယ်သူ့အဖြေမှမစောင့်တော့ဘဲ အမြည်းရောင်းနေတဲ့ မိပွားဆီ ကသုတ်ကရက် ထထွက်သွားတော့တယ်။ သိပ်မကြာဘူး။ သူပြောသလို အောင်မြင်တဲ့ ဂေါင်ဆိုတဲ့ အသံကြီးကြားရတယ်။ အသံ

ကတော့ ဂေါင်ခနဲပဲ. . .။ ရွာဦးကျောင်း အုန်းမောင်းခေါက်သလား တောင် မှတ်ရတယ်။

ပြီးတော့ ငပိန် ယိုင်နဲ့နဲ့ခြေလှမ်းနဲ့ နဖူးကလေး လက်ပိတ်ပြီး သူတို့ဆီပြန်လှမ်းလာတယ်။ ပြီးတော့ ခုနသူထသွားတဲ့ နေရာမှာပဲ ပြန် ဝင်ထိုင်တယ်။

'ဘယ့်နှယ့် အောင်မြင်ရဲ့လား. . .'

ဘီလူးအမေးကို ငပိန်က မျက်နှာရှုံ့မဲ့လိုက်ပြီး. . .

'အောင်မြင်သလားတော့မသိဘူး. . . မြည်သံကတော့ အောင်တယ်. . . ဂေါင်ခနဲကိုနေတာပဲ. . . ကျွတ် ကျွတ်. . . ခေါင်းများကွဲသွားသလားမသိဘူး. . .'

ဆိုပြီး လက်နဲ့အုပ်ထားတဲ့ဒဏ်ရာကိုပြတယ်။ နဖူးမှာ ထန်း သီးလုံးလောက် အဖုကြီးတစ်ဖုသီးနေတယ်။ မောင်ကောင်းက မျက် မှောင်ကြုတ်ပြီး. . .

'ဘာဖြစ်လာတာလဲ ဟေ့ကောင်. . .'

မောင်ကောင်းအမေးကို ငပိန်က မျက်နှာရှုံ့မဲ့လိုက်ပြီး

'ဒီကောင်ပြောသလို မိပွားလေးများ စိုက်ကြည့်ခြင်းခံရလေ မလားဆိုပြီး ပိုက်ဆံမပေးဘဲ အမြည်းပန်းကန်လက်သွားနှိုက်တာ လှည့် တောင်မကြည့်ဘူး ကျည်တောက်အလွတ်ကြီးနဲ့ ဆော်ထည့်လိုက်တာ မှန်လိုက်တဲ့လက်ကွာ. . . နဖူးဆို နဖူးပဲ. . . ကျွတ်ကျွတ်. . . ကြယ် တွေလတွေကိုမြင်ရောပဲ. .'

အားလုံး ပြုံးစေ့စေ့ဖြစ်ကုန်တယ်။ သူက မိပွားအကြောင်း ကောင်းကောင်းမသိဘဲသွားလုပ်တာကိုး. . .။ ခေါင်းဖူးရုံလောက်ဆိုတာ မိပွားတို့ ချစ်စနိုးနဲ့ ကျီစားသလောက်ပဲရှိတယ်။ တကယ်သာဆော် ရင် မြေကြီးထဲတောင် ကျွံဝင်သွားလောက်တယ်။ မိပွားဗလ နည်းတာ မှတ်လို့. . .။ ထွန်တုံးလောက်ရှိတာ. . . အဲလေ. . . လက်မောင်းက မိုးဦးကျမျှစ် အမြစ်ဆုံကြီးလောက်ရှိတာ. . .။ ကလေးတစ်ဖက်စာ

www.burmeseclassic.com


တော့ အသာလေး. . .

'တောက်. . . မိန်းမတွေ. . . မိန်းမတွေ. . . ဒီမိန်းမတွေကို ဘယ်လိုဆုံးမရမှန်းကိုမသိတော့ပါဘူးကွာ. . . လုပ်ပြန်ရင်လည်း လှုဦးလွန်ဦးမယ်'

ဘီလူးက မဆီမဆိုင်ထကြိမ်းတယ်။ သူ့စကားကြောင့် အား လုံးမျက်လုံးပြူးသွားတယ်။ နောက်ငပိန်က သူ့ခန္ဓာကိုယ်ကိုမတ် လိုက်ပြီး. . .

'နေပါဦး. . မင်း ဘယ်သူ့ကိုပြောနေတာလဲ. . .'

ဘီလူးက မကြည်သလိုပြန်ကြည့်ပြီး . . .

'ဘယ်သူရှိရမှာလဲကွ. . . ခင်မှုံတို့ကိုပေါ့. . .'

ငပိန်တစ်ချက်တည်းတွေသွားတယ်။ နောက်မှခေါင်းပြန် ထောင်ပြီး. . .

'နေပါဦး. . . မင်းက ခင်မှုံတို့ကိုဆုံးမဖို့ နည်းလမ်းရှာတွေ့ပြီ မို့လား. . .'

ငပိန်အမေးကို ဘီလူးမဖြေဘူး. . .။ ထန်းရည်ကိုသာ ကျိုက်ခနဲမဲသောက်လိုက်တယ်။ ဘေးနားက မောင်ကောင်းနဲ့ ကျွဲကြီး ကတော့ ထန်းရည်တောင် မသောက်နိုင်ဘူး။ ဘီလူးကိုပဲ ငေးကြည့် နေတယ်။ ဘီလူးဘာလုပ်မယ်ဆိုတာသိချင်လို့. . .။ ဘီလူးကတော့ အေးဆေးပဲ ထန်းရည်ကုန်သွားမှ ထန်းရည်ခွက်ကိုလှည့်ရင်း ဘယ်သူ့မှ မကြည့်ဘဲ ခေါင်းညိတ်တယ်။ ပြီးတော့ အေးအေးဆေးဆေးဆိုမှ တကယ်ကိုအေးအေးဆေးဆေးပါပဲ။

'ရှိတယ်. . . ဒါပေမယ့် ဒီနည်းစနစ်ဟာ ဘယ်အထိ ပျံ့နှံ့ သွားမယ်ဆိုတာ မမှန်းနိုင်သေးလို့ငြိမ်နေတာ. . . အခုတော့ အဲဒီနည်း စနစ်ကိုအသုံးပြုဖို့ ငါဆုံးဖြတ်လိုက်ပြီကွ. . .'

ကျွဲကြီးလက်ထဲက ပဲကြီးလှော်တွေ ဒေါက်ခနဲ ဒေါက်ခနဲ ပြုတ်ကျသွားတယ်။ မောင်ကောင်းက ခေါင်းကို တစ်ကလုပ် တစ်

www.burmeseclassic.com


ကလုပ်မြည်အောင်ခါတယ်။ ငပိန်က ဘီလူးကိုငေးကြည့်နေတယ်။

သိတယ်မဟုတ်လား. . . ဘီလူးတို့ကြမ်းပြီဆို။

ဘီလူးတို့ကြမ်းပြီဆို. . .

www.burmeseclassic.com

**မနက်**ဝေလီဝေလင်းပါပဲ. . .။

မိုးဖွဲလေးတွေ သည်းသည်းလှုပ်ကျနေတယ်။ ဘီလူးတစ်ယောက် ရွာလမ်းတစ်လျှောက် ငိုက်စိုက်ငိုက်စိုက်နဲ့ ခေါက်တုံ့ခေါက်ပြန်လျှောက်သွားနေတယ်။ သူ့မျက်နှာပေါ်မှာလည်း ဆွေးလျတဲ့အရိပ်တို့ ဝေ့သီနေတယ်။

ဖြတ်သွားဖြတ်လာလူအများက ဘီလူးကို အဲဒီပုံစံနဲ့ ထူးထူးဆန်းဆန်းမြင်ရတော့ အားလုံးအံ့အားသင့်နေကြတယ်။ အံ့အားသင့်မယ်ဆိုလည်းသင့်စရာ။ ဟုတ်တယ်လေ. . .။ ဘီလူးတို့ဆိုတာက လည်းသူကြီးထိတ်တုံးမိတာတောင် မျက်ရည် ဟဟဝိုင်းတတ်တဲ့အစားမဟုတ်ဘူး။ အခုတော့ မိုးရေထဲမျက်ရည်တဝိုင်းဝိုင်းနဲ့ ခေါင်းငိုက်စိုက်ချလမ်းသလားတာ။ သူ့လက်ထဲမှာလည်း ရေစိုနေတဲ့ စာရွက်အဖြူညို့ညို့တစ်ရွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတယ်။ အဲဒီစာကတော့

www.burmeseclassic.com

ဘာ စာရယ်မသိဘူး။ ဒါပေမယ့် ဘီလူးက လေးငါးလှမ်းလျှောက် လိုက် အဲဒီစာရွက်ပြန်ကြည့်လိုက်ဆိုတော့ အဲဒီစာဟာ သူ့အတွက် တစ်ခုခုတော့ အရေးကြီးနေပုံပဲ. . .။

ရွာသူရွာသားများကတော့ သိတယ်မဟုတ်လား. . .။ ဘီလူး ဘယ်ပုံပဲဖြစ်နေဖြစ်နေ သိပ်ပြီးအဖက်လုပ် အရောဝင်ချင်တာမဟုတ် တော့မေးဘူး။ ဒါပေမယ့် ဘီလူးကို ဒီလိုမြင်ရတော့ ဘာများဖြစ်လို့လဲ ဆိုတဲ့ သိချင်စိတ်က ကလိကလိဖြစ်နေတယ်။ ဒီအချိန်ကလည်း တစ်ရွာ လုံး ယာထဲဆင်းချိန်ဆိုတော့ ဘီလူးကို မမြင်ချင်လည်းမြင်နေရတယ်။ အဲဒီထဲမှာ အဆိုးဆုံးကတော့ လယ်ပိုင်ရှင် မုဆိုးဖိုကြီး ဦးချက်ဖောင်း ပဲ. . .။

ဦးချက်ဖောင်းဆိုတာကလည်း သိတယ်မဟုတ်လား. . . ရွာက မျက်နှာဖုံးစာရင်းထဲမှာပါတယ်။ လူပုံက ပုပြတ်ပြတ်နဲ့ ဆံပင် ကောက်ကောက်၊ အောက်နှုတ်ခမ်း တွဲတွဲရယ်. . .။ ဇနီးသည် ဒေါ်ကုလားမကြီးဆုံးကတည်းက သားထောက်သမီးခံလည်း မကျန်. . . မှီခိုသူလည်းမရှိနဲ့ တစ်ကိုယ်တည်း ထီးထီးကြီးရှိခဲ့ တာ. . .။ နောက်ပြီး လယ်ပိုင်ရှင်ဆိုတော့ လယ်ပိုင်ရှင်ပီသအောင် ဂိုက်ပေးကြမ်းထားရတာဆိုတော့ ဘယ်သူနဲ့မှသိပ်ပြီး ပရောပရည်မရှိ လှဘူး။

စကားကလည်း အလွန်နည်း. . စားပြီးပြီးလားဆိုရင်တောင် ပါးစပ်နဲ့ပြန်မဖြေဘူး. . . ခေါင်းပဲညိတ်ပြတဲ့လူ. . . အဲဒီလို. . .။ ဒါကြောင့် သူဘာတွေလုပ်နေတယ် ဘယ်သူနဲ့ ဘယ်လို ပတ်သတ်နေ တယ်ဆိုတာ ဘယ်သူမှမသိကြဘူး။ တချို့ကလည်းပြောရဲ့. . . ဦးချက်ဖောင်းကြီး တစ်ဖက်ရွာဘုရားပွဲမှာ ခပ်ပျက်ပျက်ကောင်မလေး တစ်ယောက်နဲ့ ဟိုဟို သည်သည် ထွက်သွားသလို . . . တချို့ကလည်း ဦးချက်ဖောင်းကြီးညနေဆို ခွက်ပုန်းမော့ပြီး ရွာမြောက်ဖျား တောကြီး ကြား မိန်းမတစ်ယောက်နဲ့ပဲ သွားချိန်းတွေ့နေသလို သတင်းတော့

www.burmeseclassic.com

သိုးသိုးသန့်သန့်ကြားရပါရဲ့. . .။ ဒါပေမယ့် ဘယ်သူမှ လက်ပူး လက်ကြပ်တော့ မိဖူးတာမျိုးမရှိဘူး။ သူ့ကိုလည်း ဘယ်သူမှ မမေးရဲဘူး။ မေးလည်း မမေးရဲဘူးလေ. . .။ စိတ်ကလည်း ဆတ်ပါဘိသနဲ့. . . လူပုစိတ်တိုဆိုတာ ဒါမျိုးကလား. . .။ တစ်ခါသား ရွာကအလည်လာတဲ့ ဘကြီးဖြိုးတူ ပေါက်ကြီးလားပဲ ဦးချက်ဖောင်းကို "ခင်ဗျား ဟိုဖက်ရွာမှာ မယားငယ်ရှိတယ် မဟုတ်လား'ဆိုလို့ ဦးချက်ဖောင်း သမတာများ ပေါက်ကြီးခမျာ မြေမှာကိုလိမ့်ရော. . . ဒါတောင် ရွာသားတွေ အဆွဲမြန်လို့. . . နို့မို့ရင် ပေါက်ကြီးတော့မလွယ်လောက်ဘူး. . .။ အနည်းဆုံး သုံးလေးချက်လောက်ကွဲမှာ. . .။ အဲဒီထဲက ဦးချက်ဖောင်းဆို အားလုံးက စကားမမှားမိအောင် ဝေးဝေးက ရှောင်ကြတယ်။

ထားတော့. . .။ ဟော့ အခုတော့ အဲသည်လောက်ထိ လူတွေနဲ့ကင်းကင်းရှင်းရှင်းနေတတ်တဲ့ ဦးချက်ဖောင်း ဘီလူးလှဦးကို စိတ်ဝင်စားနေရပြီ။ သူစိတ်ဝင်စားတာက ဘီလူးလှဦးကို ဒီပုံစံမျိုး မမြင်ဖူးတာတစ်ချက်ရယ်၊ နောက်ပြီး ဘီလူးလှဦးလက်မှာကိုင်ထားတဲ့ စာရွက်ကို သူမြင်ဖူးသလို ဖြစ်နေတာရယ်ကြောင့်ပဲ. . .။ စာရွက်က မိုးရေတွေစိုပြီး နည်းနည်းလေးပြာနေတယ်။ နောက်စာရွက်က အသစ်မဟုတ်ဘူး။ အဟောင်း။ ဒီလိုစာရွက်မျိုး သူတစ်ယောက်ယောက်ဆီက ရကိုရဖူးနေသလို ဖြစ်နေတယ်။

လှဦးကလည်း စာရွက်ကို ကိုင်ပြီး တခြားကို ထွက်မသွားဘူး။ ဦးချက်ဖောင်းအိမ်နားမှာပဲ ဝဲ့နေတယ်။ ဒါကြောင့် လှဦးကိုမြင်လေ ဦးချက်ဖောင်း မရိုးမရွဖြစ်လေဖြစ်လာတယ်။ စာရွက်ထဲ ဘာရေးထားလဲ သိချင်တယ်။ ကြာတော့ မနေနိုင်တော့ဘူး။ အိမ်ရှေ့ကွပ်ပျစ် မိုးလွတ်တဲ့နေရာအထိဆင်းပြီး. . .

'မောင်လှဦး မိုးရေထဲဘာလိုက်လုပ်နေတာလဲ. . . လာပါဦးကွ. . . ဦးလေးဖောင်းဆီကို. . '

ဦးချက်ဖောင်းက စကားကို အချိုသာဆုံးဖြစ်အောင်ပြောပြီး

www.burmeseclassic.com


လှဦးကိုဖိတ်မန္တကပြုတယ်။ ဒါကိုတောင်လှဦးက ဦးချက်ဖောင်း ကိုကြည့်တယ်လို့ ပြောလို့ရရုံလေး ငဲ့ကြည့်တယ်။ ပြီးတော့ သူ့လက် ထဲက စာရွက်ကို ဖြန့်တယ်ဆိုရုံလေး ဖြန့်ကြည့်တယ်။ ဦးချက်ဖောင်း ကလည်း သိချင်စိတ်နဲ့ လှဦးလက်ထဲကစာတွေကို မြင်ရအောင် ခြေဖျား ထောက်မတတ် လိုက်ကြည့်တယ်။ လှဦးနဲ့ကလည်းဝေး မိုးတွေ ကလည်းသည်းသည်းလှုပ်ဆိုတော့ စာရွက်ကိုမမြင်ရဘူး။ နို့ပေတဲ့ သူမြင်လိုက်ရတာက စာရွက်ပေါ် ရေးထားတဲ့လက်ရေး. . . လက်ရေး ကမှ မိန်းမလက်ရေး. . .။ ဒီလက်ရေးကို ဦးချက်ဖောင်း ကောင်း ကောင်းမြင်ဖူးနေတယ်။ ဒါကြောင့် မိုးရေထဲထွက်မတတ် ကပျာကသီ ဆင်းလာပြီး. . .

'လာပါဦး မောင်လှဦးရဲ့. . . မင်းမှာ ဘာအခက်အခဲ ရှိလို့လဲ လေးဖောင်းကူညီမယ်. . .'

ဦးချက်ဖောင်းရဲ့ကပျာကသီစကားကို ဘီလူးက မျက်နှာပေါ မျက်နှာသေကလေးနဲ့ ဝေ့ကြည့်တယ်။ ပြီးတော့ ခေါင်းကို ဖြည်းညင်းစွာ ခါပြီး ရွာတောင်ဖျားဘက် ဆက်လျှောက်သွားတယ်။ ဦးချက်ဖောင်းခမျာ သူသိချင်တာမသိရတဲ့အတွက် ထောက်ကွထောက်ကွကျန်ခဲ့ရတယ်။

မကြာပါဘူး။ ဘီလူးလှဦး ခုနစာရွက်လေးကျစ်ကျစ် ပါအောင် ဆုပ်ပြီး ဦးချက်ဖောင်းအိမ်ရှေ့ပြန်ရောက်လာတယ်။ဒီတစ်ခါတော့ ဦးချက်ဖောင်းက နွေ့မဆယ်နိုင်တော့ဘူး။ မိုးရေထဲအတင်းထွက်ပြီး လှဦးလက်မောင်းအတင်းပြေးဆွဲတော့တာ။

'လာပါဦး မောင်လှဦးရယ်. . . မင်းမှာ ဘာပြဿနာ ရှိလို့ လဲ. . . လေးဖောင်းကူညီမယ်. . . လာ အိမ်ထဲကိုလာ. .'

ဆိုပြီး သူ့အိမ်ထဲ လှဦးကို အတင်းဆွဲခေါ်တော့တာ. .။ လှဦးက မလိုက်ချင်လိုက်ချင်ပုံစံနဲ့ ကတ်သတ်ပြီးပါသွားတယ်။ အိမ်ထဲ ရောက်တော့ ဦးချက်ဖောင်း ဖျာတွေဘာတွေ ခင်းခက်ပေးပြီး. . .

'ထိုင်ပါဦး မောင်လှဦးရယ်. . . ဘာကိစ္စများဖြစ်လို့ အခုလို

www.burmeseclassic.com

မိုးရေထဲလျှောက်သွားနေတာလဲ. . . အအေးမိပြီး နေမကောင်းတွေ ဘာတွေ ဖြစ်ကုန်မှဖြင့် ဒုက္ခများဦးမယ်. . . လေးဖောင်းကိုပြော လေးဖောင်းကူညီမယ်. . . ကူညီပါရစေဆိုတာ လေးဖောင်းမှအစစ် ဟဲဟဲ. . . ကဲ ပြောစမ်း. . . မင်း မှာ ဘာပြဿနာများရှိလို့လဲ. . . '

ဦးချက်ဖောင်းက သွားလေးဖြဲကာဖြဲကာနဲ့ မျက်နှာချိုသွေးရင်း ပြောတယ်။ မျက်နှာချိုသာသွေးတယ် မျက်လုံးကအသေ။ လှဦးကတော့ သူ့ကိုမကြည့်ဘူး။ လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့စာရွက်ကို ပါးနားကပ်လိုက်ပြီး 'ဟီး' ခနဲ ငိုချလိုက်တယ်။ ဦးချက်ဖောင်းကတော့ ရုပ်ဆိုးရတဲ့ကြားထဲ ဆောင့်ကြီးအောင့်ကြီး လာငိုချနေတဲ့ ဘီလူး မျက်နှာကို မကြည့်ဘူး။ ဟုတ်တယ်လေ. . . ဘယ်ကြည့်ချင်မှာ လဲ. . . ဘီလူး ငိုတာကြည့်မယ့်အစား မယ်ကုဝံဖဲ့ရှုံ့နေတဲ့မျက်နှာကြည့် တာကမှ ကျက်သရေရှိဦးမယ်။ ဒါကြောင့် သူကြည့်ချင်တဲ့စာရွက်ကိုပဲ လိုက်ကြည့်တယ်။

ဟုတ်တယ်. . .။ ဒီစာရွက်ထဲက လက်ရေးမျိုး သူကောင်း ကောင်းမြင်ဖူးနေတယ်။ အဲဒီလက်ရေးနဲ့ စာရွက်တွေလည်း သူ့မှာ သိမ်းထားတာရှိတယ်။ ဒါကြောင့် အဲဒီစာရွက်ထဲမှာ ဘာတွေရေးထား တယ်ဆိုတာ သူပိုပြီးသိချင်လာတယ်။ ကြာတော့ သူလည်းဣန္ဒြေမဆယ် နိုင်တော့ဘူး. . .။ တည့်တည့်ပဲ စာရွက်ကို လက်ညှိုးထိုးပြီး. . .

'ဟိုလေ. . အဲဒီစာရွက်က ဘာစာရွက်လဲဟင်. . . အထဲမှာ ဘာတွေရေးထားလို့လဲ. . . '

ဦးချက်ဖောင်းအမေးတောင် မဆုံးလိုက်ဘူး။ ဘီလူးလှဦး ဟီး ခနဲ လှိုက်လှိုက်လှဲလှဲ ထပ်ပြီးငိုချလိုက်ပြန်တယ်။ သူ့မျက်ရည်တွေက မိုးရေစက်တွေနဲ့အပြိုင်ပါပဲ. . .။ ဒါပေမယ့် သူက နည်းနည်းထွား တယ်။ မျက်ရည်တစ်ပေါက်တစ်ပေါက်ကို ဘူးသီးလုံးလောက်ကျတယ်။ နောက်နည်းနည်းထပ်ငိုတော့ နှပ်တွေပါ အမြောင်းလိုက်တွဲကျလာ တယ်။ ဦးချက်ဖောင်းလည်း အပီအပြင် ငိုပြနေတဲ့ဘီလူးကို ဘာလုပ်လို့

www.burmeseclassic.com


လုပ်ပေးရမှန်းမသိ ဖြစ်နေတယ်။ နောက်တော့မှ ကယောင်ကတမ်းနဲ့ ပြောမိ ပြောရာပြောတယ်။ သူသိချင်တာကရှိနေတာကိုး. . .။

'အေးကွယ်. . . သတ္တဝါတစ်ခု ကံတစ်ခုပေါ့ ကွယ်. . . ဒါနဲ့ မင်းလက်ထဲကစာက ဘာစာလဲဟင်. . . .'

ဦးချက်ဖောင်းအသံလည်းကြားရော ဘီလူးဟီးခနဲထပ် ငိုချလိုက်ပြန်တယ်။ ပြီးတော့ . . .

"ဖြတ်စာဗျ. . ဖြတ်စာ. . ဟီး. . ."

ဆိုပြီး ငိုလည်းငိုရင်း ထွက်လာတဲ့မျက်ရည်နဲ့ နှပ်တွေကို သူ့လက်ဖဝါးကြီးနဲ့ သုတ်ဖယ်ပြီး ဦးချက်ဖောင်းလုံချည်ကို လှမ်းကိုင် သလိုနဲ့ မသိဟန်ဆောင်ပြီး သုတ်ထည့်လိုက်တယ်။ ပြီးတော့ ဦးချက် ဖောင်းရဲ့ပေါင်ပေါ် သူ့မျက်နှာကြီးမှောက်ချပြီး တဟီးဟီး တဟားဟားနဲ့ မျက်ရည်တွေနှပ်တွေကို ပယ်ပယ်နယ်နယ်ပွတ်သုတ်နေတယ်. . .။ ဦးချက်ဖောင်းလည်း ဘီလူးက ရှိုက်ကြီးတငင် အပီအပြင်ငိုနေတာဆို တော့ မပြောသာဘူးပေါ့. . .။ ဒါပေမယ့် စဉ်းစားသာကြည့်လေ. . . ဘီလူးနှာခေါင်းထဲ ဘယ်နှစ်နှစ်ထဲက အောင်းနေတဲ့နှပ်မှန်းမသိတာတွေ သူ့ လုံချည်မှာပေပွနေပြီ။

ဒါပေမယ့် ဦးချက်ဖောင်းက ဒါတွေကို ဂရုမစိုက်နိုင်သေးဘူး။ ဘီလူးပြောတဲ့ဖြတ်စာဆိုတာသာ သူ့စိတ်ထဲရောက်နေတာ။ ဒါကြောင့် မျက်မှောင်ကိုကြုတ်လိုက်ပြီး. . .

'ဖြတ်စာ ဟုတ်လား. . . ဘာဖြတ်စာလဲ. . . ဦးလေး ချက် ဖောင်းကို ပြလို့မရဘူးလား. . . ပြစမ်း. . .'

ဆိုပြီး ဘီလူးလက်ထဲ စာကိုဆွဲယူဖို့လုပ်တယ်။ ဒါကို ဘီလူး ကလည်း ငိုသံကို ကျွအုကျွအုနဲ့ မျိုချလိုက်ပြီး ကတုန်ကရင် အသံကြီး နဲ့. . .

'မဖတ်ပါနဲ့ ဦးလေးဖောင်းရာ. . . ဒီလိုစာမျိုးဖတ်ရရင် ဦးလေးဖောင်းလည်း သည်းခံနိုင်မှာမဟုတ်ဘူး. . . အဟင့်. . . .'

www.burmeseclassic.com



ဘီလူးရဲ့စကားကြောင့် ဦးချက်ဖောင်းမျက်မှောင်ပို ကြုတ်သွားတယ်။ ဘီလူးပြောတာ ဘာလဲ. . . ဘာသဘောလဲ ဆိုတာကိုပါ. . . နောက်မှ အားတင်းပြီး. . .

'ရပါတယ်ကွာ. . . ဦးလေးဖောင်း ခံနိုင်ပါတယ်. . . ဒီလို စာမျိုးမပြောနဲ့ ဦးလေးဖောင်းက အမေသေခဲ့တာတောင် ငိုတတ် တာမဟုတ်ဘူး. . . ပြစမ်း မင်းစာ. . .'

'ဘာဗျ. . . ဦးချက်ဖောင်းပရိဒေဝနဲ့ ကိလေသာ မရောနဲ့လေ'

ဘီလူးငိုနေရာက ရုတ်တရက်မျက်နှာတည်ကြီးနဲ့ ဟောက် လိုက်တော့ ကြမ်းပေ့ရမ်းပေ့ဆိုတဲ့ ဦးချက်ဖောင်းတောင် မီးစဖင်ထိုး ခံရတဲ့ ခွေးအလို'အိ'ခနဲ ငြိမ်သွားတယ်. . . ပြီးမှ ညာတာပါတေးနဲ့. . .

'လေးဖောင်းစာနာဇောနဲ့ လောသွားလို့ပါ မောင်လှဦး ရယ်. . . စိတ်မဆိုးနဲ့နော်. . . စိတ်ဆိုးရင်ဘူဒါးကြီးကိုက်လိမ့် မယ်. . . ကရော်. . . ကရော်. . . ပြပါဦး. . မောင်လှဦးရဲ့ စာ. . .'

ဆိုပြီး ဘီလူးလက်ထဲကစာကို လှမ်းယူလိုက်တယ်။ ဒါကို ဘီလူးက စာရွက်ကိုမပေးချင်ပေးချင်ပုံစံမျိုးနဲ့. . .

'လေးဖောင်းကတိတော့ တည်ပါတယ်နော်. . .'

ဦးချက်ဖောင်းမျက်မှောင်ကြုတ်သွားပြန်တယ်။

'ဘာလဲကွ'

'ဒီစာဖတ်ပြီးရင် လေးဖောင်း စိတ်မကောင်းမဖြစ်ရဘူး'

'မဖြစ်ပါဘူးကွာ. . .'

'ဒေါသလည်း မထွက်ရဘူး. . .'

'ထွက်ပါဘူးကွာ. . .'

'ပြီးတော့လေးဖောင်းဖတ်ပြီးရင် ဘယ်သူမှမပြောရဘူး နော်. . .'

'အေးပါ. . . ငါ့ဘက်ကလုံပြီးသားပါ'

'ဒါဖြင့် ရော့. . .'

www.burmeseclassic.com



ဘီလူး သူ့လက်ထဲကစာကို ဦးချက်ဖောင်းဆီ မပေးချင်ပေးချင်ပုံစံမျိုးနဲ့ ကမ်းပေးလိုက်တယ်။ ဦးချက်ဖောင်း စာရွက်ကို ဆွဲယူပြီးကြည့်လိုက်တယ်။ စာရွက်က လက်ရေးမြင်တော့ သူ့မျက်လုံးအစုံအပြင်ခုန်ထွက်မတတ်ပြူးထွက်လာတယ်။

ဟုတ်တယ်။ လက်ရေးက ဒီလက်ရေးပဲ. . .။ သူမြင်နေကျလက်ရေး. . .။ ဒါကြောင့် ရေးထားတဲ့စာကို ကမန်းကတမ်း ဖွင့်ဖတ်လိုက်တော့. . .

"မောင်ကြီးရေ. . .

မောင်ကြီးရေ. . .လို့ခေါ်တာ မှုံ့အတွက် ဒါနောက်ဆုံးပဲဖြစ်မှာပါ. . .ဘာလို့လဲဆိုတော့ မောင်ကြီးနဲ့ မှုံ့တို့နီးလျက်နဲ့ဝေးကြရတော့မှာမို့ပါ. . .မောင်ကြီးလည်း သိတဲ့အတိုင်း မှုံ့ဘဝက သိပ်ပြီးလွတ်လပ်လှတာမဟုတ်ဘူးလေ. . .မောင်ကြီးနဲ့ မှုံ့တို့ ဝေးရအောင် အဖျက်အမှောင့်က မှုံ့ဘက် တစ်သိန်းတစ်သန်းတစ်ကဋေလောက်ရှိပါတယ် . . .အဲဒီအဖျက်တွေကို မှုံ့မခံနိုင်ဘူးကွယ်. . . မောင်ကြီးဘက်ကလည်း ရင်မဆိုင်ရဲဘူးမဟုတ်လား ဒါကြောင့် မှုံ့ဘဝနဲ့ သင့်တော်တဲ့ အကောင်းဆုံးလမ်းကိုပဲ မှုံ့ရွေးချယ်ပါရစေ. . . မောင်ကြီးလည်း မောင်ကြီးဘဝနဲ့ သင့်တော်မယ့် အမျိုးသမီး ရှာယူလိုက်တော့ပေါ့နော်. . .ဒါပေမယ့် မှုံ့ကိုချစ်နေသေးရင် မှုံ့ကိုသတိတရ ရှိနေသေးရင် မောင်ကြီးတစ်ယောက်ယောက်နဲ့ လက်ထပ်ပြီး သမီးလေးမွေးခဲ့ရင် မှုံ့နာမည်လေး အမှတ်တရအဖြစ် ပေးပေးပါနော်. . .ဒါပါပဲ. . . မှုံ့လည်းသားလေးမွေးရင်. . .အို. . .ဘာတွေရေးမိနေမှန်း မသိတော့ပါဘူး. . .

မောင်ကြီးရဲ့တစ်ခါက ချစ်နမ. . .

မှုံ့ . . .

www.burmeseclassic.com


'ဟင်'

စာကိုဖတ်ပြီး ဦးချက်ဖောင်းမျက်လုံးကြီးပြူးတက်လာတယ်။ နောက် မျက်နှာကြီးလည်းနီလာတယ်။ နောက် အံကြီးကြိတ်ပြီး. . .

'တောက်. . .'

ဦးချက်ဖောင်းရဲ့ ကျယ်လောင်တဲ့ တောက်ခတ်သံကြောင့် အရှေ့မှာထိုင်ငိုနေတဲ့ လှဦးပါလန့်သွားတယ်။ မျက်နှာ ကြီးကြည့်တော့လည်း ရှုံ့မဲ့ရဲချိတ် နေတာ. . .။ သူ့ခမျာဘာကို မဲတင်းနေတာရယ် မသိဘူး။ အသားတွေ တဆတ်ဆတ်တုန်လို့ ဦးချက်ဖောင်းကို အဲဒီလို ပုံနဲ့မြင်တော့ဘီလူးတောင်လန့်ပြီး ခန္ဓာကိုယ်ကိုကျုံ့လိုက်မိတယ်။ ဦးချက်ဖောင်းကတော့ အရှေ့မှာ ထိုင်နေတဲ့ဘီလူးကိုတောင် မြင်ပုံမရတော့ဘူး. . .။ ငေါက်ခနဲ မတ်တတ်ရပ်ပြီး. . .

'တောက် တွေ့ကြပြီပေါ့ မှုံကြီးရာ. . . ဟင် ငါကတော့ မုဆိုးမလေးဆိုပြီး ဂရုဏာသက်ပြီးချစ်လိုက်ရတာ. . . ဒင်းက တခြားယောကျ်ားယူချင်လို့ ငါ့ကိုသတ္တိမရှိဘူးဆိုပြီး အပစ်ပုံချပြီး တစ်ဖက်လှည့်ချင်တာပေါ့လေ. . . ဟုတ်လား. . . အေး ချက်ဖောင်း သတ္တိဘယ်လောက်ရှိလဲ ဒင်းအခုသိစေရမယ်. . . ကိုင်း ကြာတယ်ကွာ. . . ချက်ဖောင်းသတ္တိဘယ်လောက်ရှိလဲဆိုတာ အခုကိုသိစေရမယ်. . .'

ဆိုပြီး စာကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိမ်ပေါ်က ဝုန်းခနဲ ခုန်ချသွားတယ်။ သူ ဦးတည်သွားတာက ရွာတောင်ဖျားက မုဆိုးမ ဒေါ်မှုံကြီးအိမ်ဘက်ကို. . .။ ခြေလှမ်းသွက်လိုက်တာလည်း ပြောမနေနဲ့တော့ ဝီကိုခေါ်ရောပဲ။ ကြည့်ပါလား သူလှမ်းသွားတဲ့လမ်း ဖုန်ကိုမွှန်လို့၊ ဘီလူးက ဘုမသိဘမသိနဲ့ စာ. . . စာ ဆိုပြီးလိုက်တောင်းသေးတယ်. . . ဒါပေမယ့် ဦးချက်ဖောင်းက ငဲ့တောင်ကြည့်ဖော်မရတော့ဘူး. . .။

သိပ်မကြာလိုက်ပါဘူး။ မုဆိုးမဒေါ်မှုံကြီးအိမ်မှာ ဒေါ် မှုံကြီးနဲ့ မုဆိုးဖိုဦးချက်ဖောင်းတို့ အကြီးအကျယ်ရန်ဖြစ်နေကြတယ်ဆိုတဲ့

www.burmeseclassic.com


သတင်းရွာထဲလွင့်လာတယ်။ ဘယ်ကနေဘယ်လို အကြောင်းပြုပြီး စကားထများကြတယ်တော့ ဘယ်သူမှမသိဘူး။ ဒါပေမယ့် နှစ်ယောက်လုံးကတော့ ရရာလက်နက်ဆွဲပြီး တစ်ယောက်ကိုတစ်ယောက် ခုတ်မယ်ပိုင်းမယ် တကဲကဲပဲ. . .။ နောက်ဆုံး ဘယ်သူမှဝင်ဆွဲမရတော့ သူကြီးကိုယ်တိုင်ဆင်းပြီး တားရတော့တယ်။

သူကြီးကျတော့လည်း သိတယ်မဟုတ်လား. . .။ ကိုယ်ဟာကိုယ် လယ်ပိုင်ရှင်မကလို့ ကွယ်ပိုင်ကြီးပဲဖြစ်နေ ဖြစ်နေ သိတယ်မဟုတ်လား. . . သူကြီးအာဏာစက်က လာတင်နဲ့ ဆိုတာမျိုး. . .။

သူကြီးရှေ့ထိုင်နေတဲ့ မုဆိုးဖိုဦးချက်ဖောင်းနဲ့ မုဆိုးမ ဒေါ်မှုံကြီး မျက်လုံးက အခိုးတွေတလူလူထွက်နေတယ်။ တစ်ယောက်ကိုတစ်ယောက် အငြိုးမပြေသေးသလို မျက်စောင်းကို ခဲကြည့်ကြတာ သူကြီးရှေ့မှာမို့သာ မလှုပ်ရဲကြတာ. . .။ မဟုတ်ရင် တစ်ယောက်ကိုတစ်ယောက် ထပြီး ကုတ်ဖဲ့ပြီးသားပဲ. . .

သူကြီးကတော့ အေးဆေးပဲ။ သိတယ်မဟုတ်လား။ ကွမ်းလေးမြုံ့ပြီး နှစ်ယောက်လုံးကို ထိုင်ကြည့်နေတယ်။ သူ့ဘေးမှာလည်း သူ့ကတော် ဒေါ်စာကြီးနဲ့ ခင်မှုံတို့ ယို့ယို့ကလေး ထိုင်နေကြတယ်။ ပြဿနာကကြီးတော့ သူကြီး ဘယ်လိုဖြေရှင်းမယ်ဆိုတာ သိချင်ကြတဲ့ ရွာသားတချို့လည်း အိမ်ရှေ့မှာ ပြုတစ်ပြုတစ်နဲ့ ရှိနေကြတယ်. . .။

သူကြီးကတော့ ဟန်တစ်ခွဲသားနဲ့ အားလုံးကိုဝေ့ကြည့်တယ်။ ပြီးတော့ ကွမ်းသွေးကို ပျစ်ခနဲထွေးပြီး သူ့နှုတ်ခမ်းကို လက်ခုံနဲ့ပြန်သုတ်တယ်။ ပြီးမှ. . .

'ကဲ ပြော. . .'

'ဒီလိုပါ'

'ဒီလိုပါတော်'

သူကြီးခွင့်ပြုတာနဲ့ ဦးချက်ဖောင်းနဲ့ ဒေါ်မှုံကြီးဆီက စကားတွေက မြင်းဇောင်းက လွှတ်လိုက်တဲ့မြင်းတွေလို အပြိုင်အဆိုင်

www.burmeseclassic.com

ထွက်ကျလာတယ်။ ဒါကို သူကြီးကလက်ကာပြလိုက်ပြီး။

'လုမပြောနဲ့. . . တစ်ယောက်စီပြော. . .'

'ကျုပ်အရင်ပြောပါရစေ. . .'

'ကျွန်မအရင်ပြောပါရစေ. . .'

နှစ်ယောက်လုံး အရင်ပြောချင်သူတွေချည်းပဲ ဖြစ်နေ ပြန်တယ်။ သူကြီးက ထပ်မံလက်ကာပြလိုက်ပြီး . . .

'ဦးချက်ဖောင်း အရင်ပြော. .'

ဦးချက်ဖောင်းမျက်နှာ ဝင်းတက်သွားတယ်။ ဒေါ်မှုံ ကြီးရဲ့မျက်နှာက မှောင်ကျသွားတယ်။

'ဒီလိုပါ. . . ဟောဒီကမှုံကြီးနဲ့ကျုပ်နှစ်ယောက်သား လူအသိမခံ ဘဲ ချစ်ရေတူနေတာ အတော်ကြာပါပြီ. . .'

'ဟယ်. .'

'ဟင်. . .'

'ချစ်ရေတူနေကြတာကြာပြီတဲ့. . . .'

'ဟယ် ဒါဆိုရွာမြောက်ဖျားမှာ. . .'

'ဟင်. . . မထင်ရဘူးနော်. . .'

စသည်ဖြင့် ပရိသတ်ဆီက အာမေဋိတ်သံ ထွက်ကျလာ တယ်။ သူကြီးမျက်ခုံးမြင့်တက်သွားတယ်။ ဒေါ်မှုံကြီးက ကြီးကောင်ကြီး မားနဲ့ ရှက်သွေးဖြာသွားတယ်။ ဦးချက်ဖောင်းက ဂရုမစိုက်ဘူး။ ဆက်ပြောတယ်။

'ဒါကို ကျုပ်က မှုံကြီးရေ. . . တို့တွေလည်း မငယ်ကြတော့ဘူး. . . နောက်ပြီး ကျုပ်တို့တွေက ရွှေမရှားငွေမရှားတွေ အဲဒီတော့ လူကြီးစုံရာအသိပေးပြီး အတည်တကျပေါင်းသင်းရအောင်လို့ ကျုပ်ပြောခဲ့တာကို သူက ဟောဒီကျုပ်ချစ်ချစ်မှုံကြီးက. . .'

ဦးချက်ဖောင်း သူ့ရင်ဘတ်သူ တဖောင်းဖောင်းရိုက်ရင်း ဒေါ်မှုံကြီးလေသံအတိုင်း ဒေါ်မှုံကြီးမျက်နှာပေးအတိုင်း ဒီလို ဆက်

www.burmeseclassic.com


ပြောတယ်။

'အို ရှင် . . . တဲ့ . . . ကျွန်မတို့ က . . . တဲ့ . . . လွတ်လပ်တာမဟုတ်ဘူးတဲ့ . . . အဲဒါတဲ့ . . . အင်းတဲ့ . . . မောင်ကြီးဖောင်းမှာ လှည့်ကြည့်စရာ လူမရှိပေမယ့်တဲ့ . . . နှမလေး မှုံမှာတဲ့ . . . အင်းတဲ့ . . . သားလေးနှစ်ယောက်ကရှိသေးတယ်မဟုတ်လား တဲ့ . . . အဲဒီတော့တဲ့ . . . အင်းတဲ့ . . . သားလေးတွေနဲ့ တိုင်ပင်ပြီးမှ ဒီကိစ္စကိုဆောင်ရွက်ကြတာပေါ့ဆိုပြီး ကျပ်ကိုကြိုးရှည်ရှည်နဲ့ လှန်ထားတာ သုံးနှစ်သုံးမိုးတင်းတင်းပြည့်ခဲ့ပါပြီ . . . သုံးနှစ်သုံးမိုးပြည့်ခဲ့ပြီ . . . '

'ဟင်'

'အလိုတော် . . . သုံးနှစ်တောင် . . . ဒါ ဒါဆို ကိုခွေးလေးဆုံးပြီး . . . '

ဦးချက်ဖောင်းရဲ့အသံကခံစားချက်အပြည့်နဲ့ တုန်ယင်နေတယ် . . . နှာသီးဖျားထိပ်က နှပ်ရေကြည်လေးဟာလည်း အောက်ကျမလိုဖြစ်လိုက် နှာသီးဖျားပေါ်ပြန်တက်သွားလိုက် စကားပြောရစ်သမ်ကိုအလမ်းပြသလို ဖြစ်နေတယ် . . . ဦးချက်ဖောင်းစကားကြောင့် သူကြီးမျက်မှောင်ကြုတ်သွားတယ်။ ဘေးကလူတွေကလည်း အံ့အားသင့်သွားကြတယ်။ သုံးနှစ်သုံးမိုးပြည့်ပြီဆိုတော့ ဒေါ်မှုံကြီးအရင်ယောက်ျားကိုခွေးလေးဆုံးလား မဆုံးလားတောင်မသိရသေးဘူး . . .။ အဲ ဆုံးပြီဆိုလည်း အလွန်ဆုံးရှိလှ တစ်ပတ်ပေါ့ . . .။ ဒါကြောင့် အားလုံး စိတ်ဝင်စားကုန်ကြတယ်။ လူမသိတဲ့ ဇာတ်ရှုပ်ကြီးတစ်ခု ပေါ်လာပြီကိုး . . .။ ကြည့်နေကြသူအားလုံးက အချင်းချင်းလက်တို့ပြီး မေးငေါ့ကြတယ်။ ဒေါ်မှုံကြီးကတော့ ရှက်လွန်းလို့ထင်တယ်။ ခေါင်းကြီးငုံ့ပြီး ငြိမ်နေတယ်။ သူကြီးက နှစ်ယောက်လုံးကိုကြည့်ပြီး ခေါင်းကုတ်တယ်။ သူ့ခမျာလည်း အခုမှသိရတဲ့ ဇာတ်ရှုပ်မို့ ဘယ်လိုဖြေရှင်းပေးရမှန်းမသိဖြစ်နေပုံရတယ်။ ဒါကို သူ့ဘေးမှာ ယို့ယို့ကလေးထိုင်နေတဲ့ သူကြီးကတော်ဒေါ်စာကြီးက . . .

www.burmeseclassic.com


'အဲဒီတော့ အခုဘာဖြစ်ကြတာလဲ. . .'

သူကြီးကတော်ရဲ့ အမေးကို ဦးချက်ဖောင်းက ကြမ်းပြင်ကို တပြုန်းပြုန်းပုတ်ပြီး. . .

'ဘာဖြစ်ရမှာလဲဗျ. . . ဘာဖြစ်ရမှာလဲ. . . အခုတော့ ကျုပ်က အချစ်ကြီးမှန်းသိလျက်နဲ့ ကျုပ်ကိုဖြတ်ပြီး တခြားတစ်ယောက်နဲ့ ရွှေလက်တွဲပျော်ပွဲဝင်ဖို့ ဟောဒီမှုံကြီးက ကြံစည်နေ. . . အိ. . .'

ဦးချက်ဖောင်းစကားကိုဆုံးအောင် ဆက်မပြောနိုင်ဘူး ဆို့တက်သွားတယ်. . . စကားအဆုံးမှာ ဒေါ်မှုံကြီးခေါင်းထောင်ထလာပြီး. . .

'တော်. . . ကျုပ်ကိုအဲသလို မဟုတ်မဟတ်တွေနဲ့ မစွပ်စွဲပါနဲ့. . . လူမှာအမျိုးကြက်မှာအရိုးတဲ့. . . ကျုပ်တို့ အမျိုးက အဲသည်လို မကလယ်တတ်ဘူး. . . ကျုပ်လည်း ဘယ်တစ်ယောက်နဲ့မှ မဖောက်ပြန်ဘူး. . . ဒါ မှုံကြီးသစ္စာပဲ. . . .'

ဒေါ်မှုံကြီးဆီက အဲဒီလိုအသံကြားတော့ ဦးချက်ဖောင်း ပိုလို့ဒေါသထွက်သွားပြီး. . .

'ဘာ. . . မကလယ်တတ်ဘူး ဟုတ်လား. . ဒါဆို ဒီဖြတ်စာ က ဘယ်ကဘယ်လိုပေါ်လာတာလဲ ပြောစမ်း. . . ပြောလိုက်စမ်းပါ မှုံကြီးရာ. . . ပြောလိုက်စမ်းပါ'

ဦးချက်ဖောင်းက သူ့ခါးပေါင်စမှာ လိပ်ထားတဲ့ စာရွက်လိပ်ကလေးကို ထုတ်ပြတယ်။ ဒါကို ဒေါ်မှုံကြီးက ခါးပေါ်လက်တင်ပြီး. . .

'အဲဒီစာကို ကျုပ်ရေးတာမဟုတ်ဘူးလို့ ဘယ်နှစ်ခါ ပြောရမှာလဲ. . .'

'ဟ ဒါ နင့်လက်ရေးမဟုတ်လို့ ဘယ်သူ့လက်ရေးလဲ'

'အဲဒါတော့ ဘယ်သိမှာလဲတော့. . . လူတူမရှား လက်ရေးတူမရှားတော့ ရှိကြမှာပဲ. . .'

'မင်း အဲဒီလို စကားကိုပြောပြီး ပြီးစတမ်း မပြောနဲ့. . .

ငါ. . ’

‘တိတ်’

ဦးချက်ဖောင်းစကားမဆုံးလိုက်ဘူး။ သူကြီးဆီက တိတ် ဆိုတဲ့ဝမ်းခေါင်းသံကြီး လိှမ့်ထွက်လာတယ်။ သူကြီးအသံလည်း ကြား ရော နှစ်ယောက်လုံးပြန်ကုပ်ကျသွားတယ်။ မကုပ် လို့မဖြစ်ဘူး လေ. . .။ သူကြီးက သူတို့ပြောသမျှနားထောင်ပြီး နားငြီးလို့ နှုတ်ခမ်း မွေးတောင်ထောင်နေပြီ။ နောက် ဦးချက်ဖောင်းရဲ့ လက်မှာကိုင်ထား တဲ့စာကိုကြည့်ပြီး. . .

‘အဲဒါက ဘာလဲ. . .’

သူကြီးအမေးကို ဦးချက်ဖောင်းက ခေါင်းငုံ့လိုက်ပြီး. . .

‘ဒါ သူပေးတဲ့ ဖြတ်စာပါ’

ဦးချက်ဖောင်းစကားလည်းဆုံးရော ဒေါ်မှုံကြီးက. .

‘မဟုတ်ဘူး. . . မဟုတ်ဘူး. . . သူ ကျွန်မကို တမင်ကွဲချင် လို့ကလယ်တာ. . .’

‘တိတ်’

သူ့စကားတောင်မဆုံးလိုက်ဘူး သူကြီးဆီကရင်ခေါင်းသံကြီး ထပ်ထွက်လာတယ်။

‘နင့်ပါးစပ်ပိတ်ထားစမ်း မှုံကြီး. . . နောက်တစ်ခါ နင့် ပါးစပ် ဟရင် ငါ့ထိတ်တုံးလည်းဟရမှာပဲ. . . .’

ဒေါ်မှုံကြီး ကျုံ့ဝင်သွားတယ်။ ဘာမှလည်းဆက် မပြောရဲ တော့ဘူး။ သူကြီးထိတ်တုံးက ကျားသော မသော ခွဲချင်မှ ခွဲတာ ရယ်. . .။ အားလုံးအသံတိတ်သွားတော့မှ သူကြီးက ဦးချက်ဖောင်း လက်ထဲကစာရွက်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး. . .

‘ပြစမ်း. . .’

ဦးချက်ဖောင်းလည်း တွန့်ဝင်သွားတယ်။ အမှန်တော့ ဒီစာကို သူလည်းမပြချင်ဘူး. . .။ ပြလိုက်ရင် အားလုံးပေါ်သထက် ပေါ်ကုန်

www.burmeseclassic.com

မှာစိုးလို့. . .။ ဒါကြောင့် စာကိုပေးရမလို မပေးရမလိုနဲ့ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတယ်။ ဒါကို သူကြီးက မျက်မှောင်ကြုတ်ပြီး. . .

'ပြစမ်းလို့ပြောနေတယ်လေ. . .'

သူကြီးရဲ့အော်သံထပ်ကြားတော့ ဦးချက်ဖောင်းမနေရဲတော့ဘူး။ သူ့လက်ထဲကစာကို သူကြီးလက်ထဲ တုန်တုန်ယင်ယင်နဲ့ ထိုးထည့်ပေးလိုက်တယ်။ သူကြီးက စာကိုမဖတ်သေးဘူး။ နှစ်ယောက်လုံးမျက်နှာကို ဝေ့ကြည့်လိုက်သေးတယ်။ ပြီးတော့ ပါးစောင်ထဲက ကွမ်းကို ညက်နေအောင်ဝါးနေတယ်။ ပြီးမှ ဟန်တစ်ခွဲသားနဲ့ စာကိုဖွင့်ကြည့်လိုက်တယ်. . .

'ဟင်. . .'

အာမေဍိတ်သံနဲ့အတူ သူကြီးမျက်လုံးဝိုင်းစက်သွားတယ်။ လက်ရေးကိုမြင်တော့ သူအံ့အားသင့်သွားသလို ဖြစ်သွားပုံရတယ်။ ဟုတ်တယ်။ ဒီလက်ရေးကို သူမြင်ဖူးသလိုလိုဖြစ်နေတယ်။ ဟိုး. . . လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မြင်ခဲ့ဖူးတဲ့ လက်ရေး . . . ဒါနဲ့ ကမန်းကတမ်းပဲ စာကိုဖွင့်ဖတ်လိုက်တော့

'အဟင့်. . .'

သူကြီးဆီက ရှိုက်သံတစ်ချက်ကြားရတယ်။ ချက်ချင်းပဲ သူကြီးမျက်လုံးထဲ မျက်ရည်တွေဝိုင်းတက်လာတယ်။ ဘေးနားက သူကြီးကတော် ဒေါ်စာကြီး၊ ဦးချက်ဖောင်းအပါအဝင် ရပ်ကြည့်နေကြသူအားလုံး သူကြီးရဲ့ ထူးထူးဆန်းဆန်းအပြုအမူကြောင့် အံ့အားသင့်သွားကြတယ်။ ဒါကို သူကြီးက ကြောင်တောင်တောင်နဲ့ အားလုံးကိုဝေ့ကြည့်တယ်။ ဝေ့ကြည့်တယ်ဆိုပေမယ့် သူ့မျက်လုံးထဲ ဘာမှမြင်ပုံမရဘူး။ သူ့စိတ်အာရုံက ဘယ်ဆီရောက်နေတယ်လည်း မပြောတတ်ဘူး။ နောက် နှုတ်ခမ်းမွေးကြီး ကတုန်ကယင်ဖြစ်လာတယ်။ မျက်နှာကလည်း ချက်ချင်းမှိုင်းညို့သွားပြီး မျက်လုံးအိမ်မှာလည်း စိန်ပွင့်လေလား ကြယ်ပွင့်အလား မျက်ရည်ဥတို့ ဝေ့သီနေတယ်။ နောက်

www.burmeseclassic.com


နှာခေါင်းကြီး နီပွနီပွဖြစ်လာတယ်။ သူကြီးမျက်နှာကို မဲ့ပြီး မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်တယ်။ နောက် စာရဲ့ နောက်ဆုံးအပိုဒ်ကိုဖတ်ပြီး သူကြီးမခံနိုင်တော့ဘူးထင်တယ်။ စာရွက်ကို ကျစ်ကျစ်ပါအောင်ဆုပ် လိုက်တယ်။ နောက်ဝေ့သီနေတဲ့ ပုလဲဥတွေကို လက်ခုံနဲ့ ပလပ်ခနဲ ပင့်သုတ်လိုက်တယ်။ သူ့လည်စလုတ်ကြီးကလည်း အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ ဒေါင်းဒေါင်းကိုပြေးနေတော့တာ။ ပြီးတော့မှ တံတွေးကို ကျအု၊ ကျအုနဲ့ မျိုချလိုက်ပြီး ငိုသံဝဲကြီးနဲ့ ခပ်တိုးတိုး ရေရွတ်တယ်။

'သြော်. . . နန်းခင်မှုံ. . . နန်းခင်မှုံ. . လွန်ခဲ့တဲ့ နှစ် နှစ်ဆယ် ကျော်လောက်ကသာ မောင်ကြီး ဟောဒီစာကိုရခဲ့ရင် မောင်ကြီးနဲ့ မှုံကလေးတို့ အခုလိုဝေးကြရမှာမဟုတ်ပါဘူးကွယ်. . . ကျအု ကျအု. . '

'ဟင်. . . . '

'အလို. . . '

'ဘယ်လို. . . '

သူကြီးရဲ့ မဆီမဆိုင်စကားကြောင့် သူကြီးကတော် ဒေါ်စာကြီး အပါအဝင် ကြည့်နေကြသူအားလုံး မျက်လုံးပြူးသွားတယ်။ သူကြီး ကတော့ ဒါကိုသိပုံမပေါ်ဘူး။ သူ့မျက်လုံးထဲမှာလည်း သူ့ရှေ့ကလူ ဘယ်သူ့ကိုမှမမြင်ဘူး။ သူ့စိတ်ကလွန်ခဲ့တဲ့ နှစ်နှစ်ဆယ်. . . ရွာထိပ် ပညောင်ပင်အောက်မှာ နန်းခင်မှုံနဲ့ ပြေးလွှားဆော့ကစားနေလေရဲ့. . . ကိုပြန်ရောက်နေပုံရတယ်။ ဒါကြောင့် အဝေးကြီးကိုငေးရီပြီး တစ်ယောက်ယောက်ကို တိုင်တည်သလိုရေရွတ်ငြီးတယ်. . .

'အဲဒီတုန်းက. . . မောင်ကြီး တယ်သတ္တိနည်းခဲ့တာ မဟုတ် ပါဘူးကွယ်. . . မှုံ့ဆီကလည်းအဆက်အသွယ်မရ နောက်ပြီး မောင်ကြီး မိဘတွေကလည်း သူတို့သဘောကျရာ တစ်ဖက်ရွာက ဝတုတ်ပြဲမကြီး မိစာနဲ့ အတင်းအကြပ် စီစဉ် ကြလို့ မောင်ကြီးမှာ အကြံရကြပ်ခဲ့တာ

www.burmeseclassic.com

ပါ. . . ဒါကိုတော့ ယုံပါ လို့ မောင်ကြီးတောင်း ပန်ချင်ပါတယ်. . .'

'ဟင်. . . .'

သူကြီးရဲ့စကားကြောင့် ဒေါ်စာကြီးမျက်လုံးပြူးသွားတယ်။ ပြီးတော့ ကျီးကြည့်ကြောင်ကြည့်နဲ့ ဘေးနားဝေ့ကြည့်တယ်။ ဘေးနားရှိတဲ့ လူအားလုံးကလည်း သူ့ကို တအံ့တသြပြန်ကြည့်နေကြတယ်။ ဒါကိုမြင်တော့ သူကြီးကတော် အသားတဆတ်ဆတ်တုန်လာတယ်။ ပြီးတော့ အံကြိုးကြိတ်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်တယ်။ ဘေးနားက လူတွေက အခြေအနေမဟန်မှန်းသိတော့ အားလုံးလက်တို့ပြီး လစ်တဲ့လူကလစ်ကုန်ကြပြီ ။ သူကြီးကတော့ ဒါကိုမသိသေးဘူး။ သက်ပြင်းကို မျှဉ်းမျှဉ်းချပြီး ဖီးလ်တက်နေတယ်။ နောက် ဆွေးလျတဲ့ မျက်နှာ နဲ့ ခေါင်းကိုမော့ပြီး. . .

'အေးလေ. . . အခုတော့ မချစ်မနှစ်သက်တဲ့လူရဲ့ ရင်ခွင် ထဲမှာ အောင့်ကာနမ်းနေရပေမယ့် ချစ်ခင်နှစ်သက်မြတ်နိုးရတဲ့ နန်း ခင်မှုံဆိုတဲ့ မိန်းကလေးကို ဘယ်မေ့နိုင်ပါ့မလဲကွယ်၊ ငယ်ကချစ်တော့ အနှစ်တစ်ရာတဲ့. . . ဒါကြောင့် မှုံ့ကိုသတိရ တမ်းတစွာနဲ့ မှုံပြောခဲ့တဲ့စကားအတိုင်း တစ်သွေမတိမ်း လိုက်နာလို့ မွေးလာတဲ့သမီးလေးကို ခင်မှုံဆိုပြီး အမည်ပေးခဲ့တာပါကွယ်. . .'

'ဘာ'

စကားတောင်မဆုံးလိုက်ဘူး။ သူကြီးကတော် ဒေါ်စာကြီးရဲ့အော်သံကြောင့် ဖီးလ်တက်နေတဲ့သူကြီးလန့်သွားတယ်။ ကြည့်လိုက်တော့ မျက်လုံးမှာလည်းအခိုးတလူလူနဲ့ အံကိုကြိတ်၊ လက်သီးကို ဆုပ်ပြီး အသား တဆတ်ဆတ်တုန်နေတဲ့ ဒေါ်စာကြီး။ ဒေါ်စာကြီးကို အဲဒီပုံကြီးမြင်ရတော့ သူကြီးလန့်သွားပြီး. . .

'စာ. . . စာ. . . စာကြီး'

သူကြီးလက်က ဒေါ်စာကြီးပခုံးနားရောက်သွားတယ်။ ဒါကို ဒေါ်စာကြီးက အဲဒီလက်ကို ဖတ်ခနဲပုတ်ထုတ်လိုက်ပြီး. . .

www.burmeseclassic.com


'ဘာ စာကြီးလဲ. . . ဘာစာကြီးလဲ. . . ဟင် အခုတော့ ရှင်ဘာငြင်းချင်သေးလဲ. . . ဘာငြင်းချင်သေးလဲ. . .'

သူကြီးကတော် ဒေါ်စာကြီးအော်သံကြောင့် သူကြီးထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး. . .

'ငါ ငါ. . . ဘာငြင်း. . .'

'တိတ်. . . အသံမထွက်နဲ့. . . စာကြီးအကြောင်းသိတယ် မဟုတ်လား. . .'

ဒေါ်စာကြီးအော်သံကြောင့် သူကြီးဇက်ကိုပု၊ အသံကို အုခနဲ မျိုချလိုက်တယ်။ လူတင်မဟုတ်ဘူး နှုတ်ခမ်းမွေးပါ ကောက်ဝင်သွားတယ်။ ဒါကို ဒေါ်စာကြီးက ခါးကိုမတ်မတ်ထောက်ပြီး. . .

'အစကတော့ အောင်မလေးစာကြီးရယ်. . . ချစ်လှပါချည်ရဲ့ ကြိုက်လှပါချည်ရဲ့. . . ဟောဒီကစ်ကစ်ကလေးကိုပဲ တစ်သက်လုံးဖက်ထားချင်ပါတယ်ဆို. . .'

ဒေါ်စာကြီးက သူ့ဝပြဲပြဲခန္ဓာကိုယ်ကို နှဲ့ပြတယ်။ ပြီးမှ

'ဟင် အခုတော့. . . မချစ်မနှစ်သက်တဲ့ ဝတုတ်ပြဲမကြီး တဲ့. . . ပြောစမ်း. . . ဘယ်ကရည်းစားဦးက ပေါ်လာရတာလဲ. . . နန်းခင်မှုံဆိုတာ ဘယ်သူလဲပြောစမ်း. . .'

'ဟို. . . ဟိုလေ. . .'

ဒေါ်စာကြီးစကားကြောင့် သူကြီးဘာပြန်ပြောရမှန်းမသိဖြစ်နေပုံရတယ်။ ယောင်တိယောင်ကန်းနဲ့ ဟိုလူ့လက်ညှိုးထိုးရမလို ဒီလူ့လက်ညှိုးထိုးရမလို ဖြစ်နေတယ်။ ဒါကို ဒေါ်စာကြီးက အားမလိုအားမရနဲ့ ပိုဒေါသထွက်သွားပြီး. . .

'ပြောလေ သေနာကျကြီးရဲ့. . . ဟင် သမီးလေးမွေးတာတောင် မမေ့မလျော့ ငယ်ရည်းစားနာမည်ပါအောင် ခင်မှုံဆိုပြီး ပေးခဲ့တာပေါ့လေ. . . ကျုပ်က အင်္ဂါသမီးလေးမို့ တခြားနာမည်ပေးရအောင်ဆိုတာကိုမရဘူး. . . မရဘူး ခင်မှုံပဲဆိုပြီး အတင်းပေငြင်းခဲ့တဲ့

www.burmeseclassic.com

လူကြီး. . . အခု ရှင်ဘာငြင်းချင်သေးလဲ ဘာငြင်းချင်သေးလဲ. . . ဩော်. . . ကဲ အင်းဟယ်. . . အင်းဟယ်. . .'

ဒေါ်စာကြီး လက်ပါပြီး. . . သူကြီးလည်ပင်းညှစ်ဖို့ ပြေးအဝင် ဟိုကလည်း သိုင်းသမားဆိုတော့ သိတယ်မဟုတ်လား လျှင်တယ်။ ပြေးဝင်လာတဲ့ ဒေါ်စာကြီးရင်ဝကို ဖနောင့်နဲ့ လှမ်းတားလိုက်တယ်။

ဖုန်းခနဲမြည်သံနဲ့အတူ ဒေါ်စာကြီးအနောက်ဘက်ကို ကျွမ်းပါ ပစ်ကျသွားတယ်။ ပြီးတော့ သူ့ရင်ဘတ်သူဖိပြီး ကြောင် တောင်တောင် နဲ့ပြန်ထလာတယ်။ သူကြီးကလည်း ရုတ်တရက်အခြေအနေမို့ ခြေ ဖနောင့်ကိုထောင်ပြီး သိုင်းဖောင်တစ်ဖောင်ဆွဲထားတယ်။ သူလည်း ယောင်ပြီး လုပ်မိတာပါ။ ဒါကို ဒေါ်စာကြီးက ယောင်နနနဲ့. . .

'ဟင်. . . ရှင် ရှင်. . .'

ဆိုပြီး သူကြီးကိုလက်ညှိုးထိုးတယ်။ သူကြီးကလည်း ယောင်ပြီး အကွက်ပြောင်းလိုက်တယ်။ သူပြောင်းလိုက်တဲ့ အကွက်က ခုတ်၊ ပယ်၊ မ၊ ခွဲ လေးကွက်သိုင်းမဟုတ်ဘူး။ မုဒြာ လက်ဖဝါးဆိုတဲ့ အဆင့်မြင့်သိုင်း၊ ပွဲကျောင်းသိုင်း၊ ကိုရင်ကြီး ရှင်စန္ဒိမကိုယ်တိုင် သင်ထားပေးတဲ့ တုန္နိုင်းမရှိသိုင်းကွက်. . . သူကြီးကို အဲဒီပုံစံနဲ့ မြင် တော့ ဒေါ်စာကြီး ပိုတင်းသွားပြီး. . .

'ဩော်. . . တော်က ကျုပ်ကိုတကယ်ချမှာပေါ့လေ. . . အေး ဒါဆို စာကြီးတို့ကလည်း သွေးမနည်းပါဘူး. . . တွေ့ကြပြီပေါ့ လေ. . . ဟိုင်းယား. . .'

ဆိုပြီး သူကြီးဆီပြန်ပြေးမလာဘဲ စွတ်ခနဲ သူကြီး အခန်းထဲ ပြေးဝင်တယ်။ ပြီးတော့ နံရံမှာချိတ်ထားတဲ့နှစ်လုံးပြူး ဆွဲယူလိုက်တယ်။ ဒါကိုမြင်တဲ့ ရွာသားအားလုံးလည်း အဲဒီတော့မှ ပြာတက်သွားပြီး. . .

'ဟာ. . . သူကြီးကတော် နှစ်လုံးပြူးဆွဲပြီ. . . ပြေးကြ ပြေးကြ. . .'

'ဟ. . . ပစ်တော့မှာဟ. . . ပြေးပြေး. . .'

www.burmeseclassic.com


ဆိုတဲ့အော်သံတွေနဲ့အတူ ဝိုင်းကြည့်နေသူအားလုံး ဝုန်းခနဲ အိမ်ပေါ်ကခုန်ချကာ ဝရုန်းသုန်းကားနဲ့ ပြေးချသွားတော့တယ်။ ဒါကို မြင်တော့ သူကြီးလည်းယောင်ပြီး သူပြင်ထားတဲ့ မုဒြာလက်ဖဝါး သိုင်းကွက်ကနေ ဖနောင့်နဲ့ တင်ပါးသိုင်းကွက်ကိုပြောင်းပြီး ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ပြေးဖို့ပြင်တယ်။ ဒါကို ဒေါ်စာကြီးက နှစ်လုံးပြူးကြီးနဲ့သူကြီးကို ချိန်ပြီး. . .

'ဟေ့. . . မပြေးနဲ့. . '

ဆိုပြီး သူကြီးကိုကျော်ပြီး တံခါးဝကို သူအရင်ရောက်အောင် ပြေးတယ်။ ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ။ သူကြီး တံခါးဝရောက် တော့ ဒေါ်စာကြီးက သူ့နှစ်လုံးပြူးကြီးနဲ့ချိန်ထားပြီးပြီ။

လူအားလုံး အိမ်အောက်ရောက်မှ ဒေါ်စာကြီးကတံခါးကို ဒိုင်းခနဲနောက်ပြန်ကန်ပိတ်လိုက်တယ်။ပြီးတော့ ဖုန်း ဒိုင်း ခွမ်း ဆိုတဲ့ အသံတွေ အိမ်ထဲကဆူညံစွာထွက်ပေါ်လာတယ်။ အိမ်တံခါးကပိတ်နေ တော့ ဘယ်သူက ဘယ်သူ့ကိုဆော်နေတယ် ရယ်မပြောတတ်ဘူး။ နောက်မှ ဒိုင်းခနဲသေနတ်သံနဲ့အတူ သူကြီး အိမ်ကလေးငြိမ်ကျသွား တယ်. . .။

www.burmeseclassic.com

**ဒိုင်း**ခနဲသေနတ်သံကြားတော့ ရွာဦးကျောင်းမှာ ဆွမ်း ဘုဉ်း ပေးနေတဲ့ ဆရာတော်ကြီး ခေါင်းထောင်ထသွားတယ်။ ပြီးတော့ မျက်မှောင်ကြုတ်ပြီး. . .

'ဟဲ့ ရွာထဲသေနတ်သံကြားတယ်။ ဘာဖြစ်တယ်မသိ ဘူး. . .'

သူ့စကားမဆုံးလိုက်ဘူး။ ဆွမ်းစားဆောင်ထဲ ရွာသားတစ် ယောက် ကသုတ်ကရက်ပြေးဝင်လာတယ်။ ကြည့်လိုက်တော့ သူကြီး လက်ရင်းတပည့် လက်ဝှေ့ကျော် အုန်းမောင်. . .။ ချွေးတွေရွှဲ့ လို့. . .။

'ဟဲ့ အုန်းမောင်. . . ဘာဖြစ်လာတာလဲ. . . ခုနကလည်း ရွာထဲသေနတ်သံကြားသလိုပ. . .'

ဆရာတော်ဘုရားရဲ့မြွက်ကြားချက်ကို အုန်းမောင်က လက်

www.burmeseclassic.com


အုပ်ချီလိုက်ပြီး. . .

'သူကြီးနဲ့ သူကြီးကတော်ရန်ဖြစ်ကြလို့ပါ ဘုရား. . .'

'ဟေ'

အုန်းမောင်ရဲ့လျှောက်တင်ချက်ကြောင့် ဆရာတော် ဘုရား မျက်လုံးပြူးတက်သွားတယ်။ မျက်လုံးပြူးမယ်ဆိုလည်း ပြူးစရာ သူကြီးနဲ့ သူကြီးကတော်ဆိုတာ တစ်ခါမှရန်ဖြစ်ဖူးကြတာရယ်မဟုတ် ဘူး. . .။ ရန်ဖြစ်လို့လည်းမကောင်းဘူးလေ။ ရွာရဲ့စံပြသူကြီးလင် မယားကိုး. .။ ဒါကြောင့် ဆွမ်းကိုတောင် ဆက်မဘုဉ်းတော့ဘဲ. . .

'ကဲ သွားခေါ်စမ်း. . . မောင်ဖိုးထင်ရော မစာကြီး ရော နှစ်ယောက်လုံးအမြန်ခေါ်ခဲ့. . .'

'တင်ပ့ါ ဘုရား. . .'

www.burmeseclassic.com

"ဒေါက် ဒေါက် ဒေါက်. . .'

'ဘယ်သူလဲ. . .'

ဒေါ်စာကြီးအသံ

'ကျွန်တော်အုန်းမောင်ပါအစ်မ. . .'

'ဘာကိစ္စလဲ. . .'

'ဆ. . . ဆရာတော်ဘုရားက. . . နှစ်ယောက်လုံး ကျောင်းလာဖို့ မှာလိုက်လို့ပါ'

'ဟင်'

သူကြီးရဲ့အာမေဍိတ်သံ. . .။

'တံခါးဖွင့်လိုက်စမ်း. . .'

ဒေါ်စာကြီးရဲ့အောင်မြင်ခန့်ညားတဲ့ အမိန့်ပေးသံ။

တံခါးဖွင့်ပြီးကြည့်လိုက်တော့ နှစ်လုံးပြူးကို မုဆိုးဒူးထောက်

www.burmeseclassic.com


ထိုင် မျက်လုံးတစ်လုံးမှိတ်လို့ သူကြီးနဖူးကို သေနတ်နဲ့ အသေအချာ ချိန်ထားသောဒေါ်စာကြီး။ အခန်းထောင့်ကလေးမှာ ချောင်ပိတ်အရိုက်ခံရထားတဲ့ ကလေးငယ်သဖွယ် ကတုန်ကယင်နှင့် ဝပ်ဝပ်လေးထိုင်နေတဲ့ သူကြီး။

'ကိုင်း ရှင်ရှေ့ကကြွ'

အောင်မြင်ခန့်ညားတဲ့ ဒေါ်စာကြီးအသံကြောင့် သူကြီး တွန့်ဝင်သွားတယ်။ ပြီးတော့ ကတုန်ကယင်အသံကြီးနဲ့

'မ. . . မလုပ်ပါနဲ့ စာကြီးရယ်. . . ဒီအတိုင်းသွား ရင်. . .'

'တိတ်. . . လျှာမရှည်နဲ့ သွားဆိုသွားလေ. . . စာကြီး လက်ယားလာပြီးနော်. . . ဟင်း ဟင်း. . .'

သူကြီးစကားမဆုံးဘူး သူကြီးကတော် ထအော်တယ်။ အဲဒီ အသံလည်းကြားရော သူကြီးလုံချည်ပဲ ပြင်ဝတ်ရမလို ခေါင်းပေါင်းပဲ ပြင်ပေါင်းရမလိုဖြစ်နေတယ်။ ဒါကို ဒေါ်စာကြီးက. . .

'သွားလေ. . . ဘာပေကတ်ကတ်လုပ်နေတာလဲ. . . စာကြီးလက်ယားလာပြီနော်. . . စာကြီးလက်ယားရင် ဘာဖြစ်တယ်ဆိုတာ ရှင်သိတယ်မဟုတ်လား. . . ဩော်. . . တယ်လေ. . .'

သူကြီးကတော်အော်သံကြောင့် သူကြီးကတုန်ကယင် ဖြစ်သွားပြီး. . .

'အေး. . . အေးပါ. . . ငါအရှေ့ကသွားပ့ါမယ်. . . ငါက ငါက သူကြီးမို့လား. . .'

ဆိုပြီ အရှေ့ကထွက်ဖို့ပြင်တယ်။ ဒါပေမယ့် ဒူးတွေကတော့ ခိုင်ပုံမရဘူး။ လူတွေကတော့ ဒါကိုမမြင်ပါဘူး။ သူ ဒူးတုန်တဲ့အရှိန်နဲ့ ဝတ်ထားတဲ့ပိုးသားပုဆိုးတွန့်တွန့်သွားတာ ကြည့်လို့တောင်ကောင်း သေး. . .။

ရွာသားအားလုံး သူကြီးအိမ်မှာ ရှန်းရင်းဆန်ခတ်ဖြစ်နေကတည်းက ဘာဆက်ဖြစ်မယ်သိချင်လို့ သူကြီးအိမ်နားဝိုင်းရံပြီး ကြည့်နေကြတယ်။ သေနတ်သံကလည်း တစ်ချက်ထွက်ထားပြီမို့ ဘယ်သူကိစ္စတုံးသွားပြီလဲဆိုတာကိုလည်း သိချင်နေကြပုံရတယ်။ ဒေါ်စာကြီးကပဲ စိတ်မြန်လက်မြန် ဆော်ထည့်လိုက်ပြီလား. . ။ ဒါမှမဟုတ် သူကြီးကပဲ သူ့သိုင်းကွက်တွေအသုံးပြုပြီး ပြန်ဆော်ထည့် လိုက်ပြီလားပေါ့. . . ။

သူတို့စိတ်ထဲမှာ သေချာတာကတော့ တစ်ယောက်ယောက် တော့ကိစ္စတုံးနေပြီဆိုတာပဲ။ နတ်ကတော်ဒေါ်မြိုင်တို့ဆို သူကြီးဆုံးရင်လူမငှားနဲ့ သူကိုယ်တိုင်အေးရင်ကျူးပေးမယ် ဆိုပြီးတောင်ပြောနေပြီ။

အဲဒီအချိန်မှာပဲ ဒိုင်းခနဲ အိမ်တံခါးဖွင့်သံနဲ့အတူ ဇောချွေးတွေစိမ့်ထွက်နေတဲ့ သူကြီး။ သူ့ခေါင်းပေါ် သူလက်တင်ပြီး ကတုန်

www.burmeseclassic.com

ကယင်နဲ့ ထွက်လာတာတွေ့ရတယ်။ သူကြီးကိုမြင်တော့ အိမ်ရှေ့ ရပ်ကြည့်နေသူအားလုံး ရှုံခနဲဖြစ်သွားကြတယ်။ သူကြီး အိမ်ရှေ့ လှမ်းလာတယ်. . .။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း. . .။

သူကြီးလည်း အိမ်ရှေ့သုံးလှမ်းရောက်ရော အနောက်ကနေ ထဘီရင်ခေါင်းစည်းပြီး သူကြီးနောက်စေ့ကို နှစ်လုံးပြူးနဲ့ မျက်လုံး တစ်လုံးမှိတ်ပြီးအသေအချာချိန်ထားတဲ့ သူကြီးကတော် ဒေါ်စာကြီး ကိုတွေ့ရတယ်။ ဒေါ်စာကြီးကို အဲဒီလိုပုံလည်းမြင်ရော အာလုံး လှုပ်တောင်မလှုပ်ရဲကြတော့ဘူး။

ဒေါ်စာကြီးကလည်း ဝါရင့်မုဆိုးကြီးအတိုင်းပဲ သေနတ်ကို ဘယ်ဘက်ထိုးချိန်၊ ညာဘက်ထိုးချိန်လုပ်တယ်။ သူ ထိုးချိန်လိုက်တဲ့ နေရာတိုင်း ရှိတဲ့လူတွေအားလုံး ဖြုတ်ခနဲ ဖြုတ်ခနဲ ဝပ်ကျကုန်တယ်။ မဝပ်လို့လည်းမဖြစ်ဘူးလေ. . . ဒေါ်စာကြီးက ဆိတ်ပါးစပ် မျောက် လက်ရယ်. . . မတော်ကုတ်ထည့်လိုက်လို့ ဟုတ်ပေ့ဖြစ်နေဦးမယ်. . .

နောက် ဘယ်ကိုမှမချိန်တော့ဘဲ သူကြီးနောက်စေ့ကို သား ကောင်သဖွယ် မျက်လုံးတစ်လုံးမှိတ်ပြီး အသေအချာပြန် ချိန်ထားတယ်။ ဒါတောင် ပစ်ရင်မမှန်မှာစိုးလို့ထင်တယ်။ သူကြီးနောက်စေ့ကို ထုံး ကွင်းပြီးပစ်မှတ်ပါလုပ်ထားသေးတယ်။ ထိရင်လည်း ချက်ကောင်း ထိရအောင်. . .။

သူကြီးက္ကန္ဒြေမပျက်အောင်သာနေရတာ ဒါပေမယ့် မျက်နှာ ကြီးက ဖရိုဖရဲကြီးဖြစ်နေကြောင်း လူတိုင်းသိတယ်။ ခပ်ရွှဲရွှဲ ရွာသားတွေ ရှေ့မှာမို့ မျက်နှာကြီးဖရိုဖရဲနဲ့ပဲ ရွာဦးကျောင်းဘက်လှမ်းတယ်။ သူကြီးကတော်ဒေါ်စာကြီးက သူကြီးနောက်စေ့ သေနတ်ချိန်ပြီး ခြေ လှမ်းကျဲကြီးနဲ့လိုက်တယ်။ သူတို့ပုံစံက တကယ့်ရာဇဝင် လူဆိုးသုံ့ပန်း ကြီးကို ဖမ်းလာတဲ့ ကင်ပေတိုင်ကြီးလိုမျိုး. . . . သူတို့နှစ်ယောက် အနောက်ကမှ ဘာဆက်ဖြစ်မယ်ဆိုတာကို သိချင်တဲ့ ရွာသားတွေ

www.burmeseclassic.com

တစ်အုပ်ကြီး ချီတက်သွားကြတယ်။ လူတွေများ များချက်။ တကယ်ပါ ဗျာ. . .။ ရွာမှာ ဦးစိန်လန်သား လန်ချူးရှင်ပြုတုန်းကတောင် အဲ့သည်လောက် လူမစည်ဖူးဘူး။ ဖုန်တွေဆိုတာ တစ်ရွာလုံးကို မှုန်ထသွားမတတ်ဘဲ. . .။

ဘုန်းကြီးကျောင်းဝရောက်တော့ ဒီလောက်များတဲ့ရွာသား တွေကို ဘုန်းကြီးကျောင်းထဲပေးမဝင်ဘူး။ ဟုတ်တယ်လေ ပေးဝင်ရင် ရွာကျောင်းတောင်ပြိုလောက်ရဲ့. . . ကပ္ပိယကြီး ဦးဖြူသီးက ဘုန်းကြီးကျောင်းပေါက်ဝက ထွက်တားပြီး ကပ္ပိယဦးဇာတာက သူကြီးနဲ့ သူကြီးကတော်ကိုကျောင်းဝင်းထဲ ခေါ်သွားတယ်။

ကျောင်းဝင်းထဲရောက်တာတောင် သူကြီးကတော်ပစ် မှတ်ကမပြောင်းဘူး။ သူကြီးနောက်စေ့မှာကွင်းထားတဲ့ ထုံးကွင်း ကိုကွက်တိ. . .။ နှစ်လုံးပြူးပြောင်းကို မေးတင်ပြီး မျက်စိတစ် ဖက်မှိတ်ထားတုန်း. . .။ တစ်ခါတစ်ခါတော့ ဘုန်းကြီးကျောင်း နံရံမှာထွင်းထုထားတဲ့ နတ်ရုပ်တို့ ဇော်ရုပ်တို့ကိုတော့ လှမ်းလှမ်းချိန် မိတာတော့ရှိတာပေါ့. . .။ အရုပ်တွေက ဘာသိမှာတုန်း။ သူလှမ်းချိန် လည်း ကောင်းတယ်. . . ကောင်းတယ်ပုံမျိုးနဲ့ ပြုံးပြုံးကြီး ကြည့်နေမှာ ပေါ့. . .။

ဒီလိုနဲ့ ကျောင်းထိုင်ဆရာတော်ဘုရားရှေ့ရောက်လာတာပေါ့။

ဆရာတော်ဘုရားရှေ့ သူကြီးကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ပြီး ဦးချတာ တောင် ဒေါ်စာကြီးပြောင်းက နေရာမပြောင်းဘူး။ သူကြီး ညွှတ်သွားတဲ့ ခေါင်းအတိုင်း သူ့သေနတ်ပြောင်းက လိုက်ညွှတ်သွားတယ်။ သူကြီး ပြန်မတ်ရင် သူ့သေနတ်ပြောင်းပြန်မတ်တယ်။ သူကြီး ဘုရား တရား သံဃာသုံးကြိမ်ဦးချရင်း သူကြီးကတော် လက်ထဲကနှစ်လုံးပြူးကလည်း ဘုရား တရား သံဃာ သုံးကြိမ်လိုက်ပြီးဦးချတာပဲ။ ကြာတော့ ဆရာ တော်ဘုရားလည်း မနေနိုင်တော့ဘူး။

'ဟဲ့ မစာ. . .'

www.burmeseclassic.com


'ဘုရား. . .'

'နင့်သေနတ်အခုချလိုက်စမ်း. . .'

ဆရာတော်ဘုရား မိန့်သံကြားတော့ သူကြီးကတော် တွန့်သွားတယ်။ သေနတ်ကိုလည်း မချချင်ဘူး။ (သူကြီးနောက်စေ့က ချိန်လို့ကောင်းတာကိုး) ဒါပေမယ့် ဆရာတော်ကိုကလည်း ကြောက်တော့ ဆရာတော်စကားမပယ်ရှားဝံ့ဘူး. . .။ ဒါကြောင့် သေနတ်ကိုဘေးဘက် ဂလုံခနဲပစ်ချလိုက်တယ်။ သေနတ်ပစ်သံကြားတော့ ဆရာတော် မျက်မှောင်ကြုတ်သွားတယ်။ သူ့လက်ထဲ ယာလက်စကွမ်းတောင် ဆက်မယာဘူး။ ငြိမ်နေလိုက်တယ်။ ဒါကို အကြောင်းသိတဲ့သူကြီး ကတော်က ပျာပျာသလဲနဲ့သေနတ်ကို ပြန်ကောက်ပြီး ကြမ်းပြင်ပေါ် အသံမကြားအောင် ရှိရှိသေသေပြန်ချတယ်။ ဒီတော့မှ ဆရာတော် လည်း ကွမ်းကိုဆက်ယာတယ်။

ဆရာတော်က လက်ထဲယာပြီးသားကွမ်းကို ပါးစပ်ထဲ ထိုးထည့်လိုက်တယ်။ ပြီးတော့ ဘေးနားကကွမ်းညှပ်ကိုလှမ်းယူပြီး ကွမ်းသီးတစ်လုံးကိုစိတ်ရှည်လက်ရှည်ထိုင်ညှပ်နေတယ်။ အဲဒီ ကွမ်းသီး ကုန်သွားမှ နောက်တစ်လုံးကိုလှမ်းယူပြီး. . .

'ဆို. . .'

ဆရာတော်က တစ်လုံးတည်းသောစကားကိုမိန့်တယ်။ ဒါကို သူကြီးပါးစပ်မဟခင် သူကြီးကတော်ဒေါ်စာကြီးက. . .

'ဆရာတော်ဘုရား. . . ဆရာတော်ဘုရားရဲ့ဒကာ ဟောဒီလူကြီးက တပည့်တော်မ မသိအောင် ဖောက်ပြန်လို့ပါ ဘုရား. . .'

ဒေါ်စာကြီးရဲ့ ငိုသံဝဲနဲ့စကားကြောင့် ဆရာတော် မျက်ခုံးအစုံမြင့်တက်သွားတယ်။ နောက်သူကြီးဘက်လှည့် ပြီး. . .

'ဟဲ့. . . ဟုတ်ရဲ့လား. . . မောင်ဖိုးထင်. . .'

ဆရာတော်ရဲ့အမေးကို သူကြီးခေါင်းကမန်းကတန်းခါပြီး. . .

www.burmeseclassic.com

'မဟုတ်ရပါဘူး ဘုရား. . . တပည့်တော် ဖောက်ပြန်တာမဟုတ်ပါဘူး. . . သူနဲ့မညားခင်ကတည်းက. . .'

သူကြီးစကားမဆုံးလိုက်၊ သူကြီးကတော်ကတစ်စခန်းထလာပြန်တယ်။

'အို. . . မညားခင်ကဆိုလည်း နောက်ကွယ်မှာဆို ဖောက်ပြန်တာပဲမဟုတ်လား ဆရာတော်ဘုရား. . . ကာမေသု မိစ္ဆာစာရာကျူးလွန်ရင် ကျူးလွန်တာပါပဲ မဟုတ်လား ဘုရား'

ဒေါ်စာရဲ့စကားကြောင့် ဆရာတော်မျက်မှောင်ကြုတ်သွားတယ်။ ပြီးတော့ တစ်ကိုယ်တည်းရေရွတ်သလိုနဲ့. . .

'မညားခင်ထဲက ဖောက်ပြန်တာ. . .'

'အတိအကျ တင်ပ့ါဘုရား. . .'

ဆရာတော်ရဲ့ရေရွတ်သံကို ဒေါ်စာကြီးကထောက်ခံတယ်။ ဒါကို ဆရာတော်က. . .

'ဟဲ့. . . မညားခင်တည်းကဖောက်ပြန်တာဆို နင့်မှာ သက်သေသက်ကာရရှိလို့လား မစာ. . . ပြောစမ်း. . .'

ဆရာတော်ရဲ့အမေးကို သူကြီးကတော်ဒေါ်စာခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး. . .

'တင်ပ့ါ. . . ရှိပါတယ် ဘုရား၊ ဟောဒီမှာ သက်သေခံ ပစ္စည်းပါ ဘုရား'

ဆိုပြီး သူကြီးလက်ထဲကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့ စာကို လက်ညှိုးထိုးပြလိုက်တယ်။ ဆရာတော်မျက်မှောင်ပိုကြုတ်သွားတယ်။ ပြီးတော့ စာရွက်ကိုတစ်လှည့် သူကြီးကိုတစ်လှည့် ကြည့်တယ်။ ပြီးမှ. . .

'ပြစမ်း. . . ဘာစာတုန်းဟဲ့. . .'

ဆရာတော်ရဲ့အသံကြောင့် သူကြီးတုန်တက်သွားတယ်။ နောက်မှ ကတုန်ကယင်အသံနဲ့ . . .

www.burmeseclassic.com


'ဖြတ်စာပါဘုရား. . .'

သူကြီးရဲ့စကားကြောင့် ဆရာတော် မျက်ခုံးအစုံမြင့်တက်သွားတယ်။ ပြီးတော့ ဖြတ်စာဆိုတာကို စဉ်းစားနေပုံရတယ်။ အတော်ကြာမှ သူကြီးဘက်လှည့်ပြီး. . .

'ပြစမ်း. . . မောင်ဖိုးထင်. . . ဘာဖြတ်စာလဲလို့. . '

ဆရာတော်စကားကြောင့် သူကြီးတွန့်ဝင်သွားတယ်။ စာကို ဆရာတော်ဆီလည်းသူမပြရဲဘူး။ ဒါက ဒေါ်စာကြီးသူ့ကို နိုင်မယ့် နိုင်ပေါက်ကြီးဖြစ်နေတာကိုး. . .။ နောက်ပြီး ဆရာတော် စကားကိုလည်း မပယ်ရှားဝံ့ဘူး။ ဒါကြောင့် တုန်တုန်ယင်ယင်နဲ့ပဲ လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့စာကို ဆရာတော်လက်ထဲ အသာအယာထိုးထည့်ပေးလိုက်ရတယ်။

ဆရာတော်က သူ့လက်ထဲရောက်လာတဲ့စာကို အနီးကပ်ကြည့်လိုက်၊ အဝေးကကြည့်လိုက်လုပ်တယ်။ ဆရာတော်က မျက်လုံးမကောင်းဘူးလေ. . .။ တော်ရုံတန်ရုံစာဆို ဘာမှမမြင်ရဘူး။ ဒါကြောင့် ဘေးနားကျို့ကျို့လေးထိုင်နေတဲ့ ကပ္ပိယဘက်လှည့်ကာ. . .

'ဇာတာ. . .'

'ဘုရာ့. .'

'မျက်မှန်ယူစမ်းကွယ့်. . .'

'တင်ပ့ါဘုရား. . .'

ကပ္ပိယကြီးဦးဇာတာက ဆရာတော်ကို ဦးချလို့ ကသုတ် ကရက်နဲ့ ဆရာတော်အခန်းထဲက မျက်မှန်ကို သွားယူတယ်။ ပြီးတော့ ဆရာတော်နားကပ်ပြီး ရိုရိုသေသေပေးတယ်။ ဆရာတော်က ညှပ်လက်စကွမ်းညှပ်ကို ဘေးချပြီး မျက်မှန်ကိုတပ်လိုက်တယ်။ ပြီးတော့ သူကြီးပြောတဲ့ ဖြတ်စာ ဆိုတာကို ဖွင့်ဖတ်လိုက်တယ်။

'ဟင်. . .'

စာရွက်ပေါ်ကလက်ရေးမြင်တော့ ဆရာတော်အံ့အား သင့်

www.burmeseclassic.com

သွားပုံရတယ်။ ပြီးတော့ မျက်မှန်ကိုကျော်ပြီး သူကြီးနဲ့ သူကြီးကတော်ကိုတစ်လှည့်စီကြည့်တယ်။ သူကြီးနဲ့ သူကြီးကတော်က ဆရာတော်ဘာမြွက်ကြားမှာလဲဆိုတာ သိချင်ပြီး လက်အုပ်ချီထားကြတယ်။ ဆရာတော်ဘာမှ မမြွက်ကြားသေးဘူး. . .။ စာရွက်ကိုပဲပြန်ကြည့်တယ်။ စာကို နှစ်ခေါက်သုံးခေါက် အသေအချာဖတ်နေပုံရတယ်။ ဆရာတော်ရဲ့ ဦးခေါင်းတော်က အောက်နိမ့်ဆင်းလိုက် အပေါ်ပြန်တက်လိုက်ဖြစ်နေတယ်။ အတော်ကြာမှ သက်ပြင်းကို ခပ်မျှင်းမျှင်းချတယ်။ ပြီးတော့ စာရွက်ကို ဖြည်းဖြည်းလေးဘေးချပြီး ခုန ညှပ် လက်စက ကွမ်းသီးနဲ့ ကွမ်းညှပ်ကိုပြန်ယူတယ်။ နောက် ကွမ်းသီးကိုကွမ်းညှပ်နဲ့ စိမ်ပြေနပြေညှပ်ပြီး. . .

'ဒါက ငယ်စဉ်ကမှားခဲ့တာတွေပေါ့ကွယ်. . . .'

'ဗျာ. . .'

'ဘယ်လို. . .'

ဆရာတော်ရဲ့စကားကြောင့် သူကြီးကတော် ဒေါ်စာကြီး ခေါင်းထောင်သွားတယ်။ သူကြီးကခေါင်းငုံ့သွားတယ်။ ဒေါ်စာကြီးက သူ့အနိုင်ရပြီပေါ့. . . ဆရာတော်က သူတို့ကို မကြည့်ဘူး။ ကွမ်းသီးကို သာကွမ်းညှပ်နဲ့ ဖြည်းညှင်းစွာညှပ်ပြီး ဆက်ပြောတယ်. . .

'ဩော်. . . ခင်မှုံသာ. . . . ခင်မှုံသာ. . .'

'ဟင်. . . .'

'အလို. .'

ဆရာတော်ဆီက ထူးထူးဆန်းဆန်းနာမည်ကြားလိုက် ရတော့ သူကြီးရောသူကြီးကတော်ရော မျက်လုံးပြူးသွားတယ်။ ဟုတ်တယ်လေ အံ့အားမသင့်ဘဲနေနိုင်ရိုးလား. . .။ အခုဟာက ဦးချက်ဖောင်းပြောတဲ့ ဒေါ်မှုံကြီးလည်းမဟုတ်ဘူး။ သူကြီး ပြောတဲ့ နန်းခင်မှုံလည်းမဟုတ်ဘူး။ အခုဟာက ဆရာတော် ပြောတဲ့ ခင်မှုံသာဖြစ်နေတာကိုး. . .။ ဒါကို ဆရာတော်က သက်ပြင်းကိုခပ်မျှင်းမျှင်းချပြီး. . .

www.burmeseclassic.com



'အိမ်း. . . ဒီစာကိုသာ ဦးဇင်းလွန်ခဲ့တဲ့ နှစ်လေးဆယ်လောက်ကရရင် အခုလို လောကုတ္တရာလမ်းကိုမလျှောက်လှမ်းနိုင်ဘဲ ကိလေသာနွံထဲမှာဘဲ ရုန်းထွက်မရဖြစ်နေဦးမှာဘဲ. . .'

'အို. . .'

'အလို. .'

ဆရာတော်ဆီက ထူးထူးဆန်းဆန်းများကြောင့် သူကြီးရော သူကြီးကတော်ပါ အံ့အားသင့်နေကြတယ်။ ပြီးတော့ ဘာပြောလို့ ပြောရမှန်းမသိပါဘဲ ပါးစပ်ကလေးဟပြီး ဆရာတော်ကို ကြောင်ငေးနေကြတယ်။ ဒါကို ဆရာတော်ကပဲဆက်ပြီး. . .

'အေးလေ. . . အဲဒီလောကီဘဝမှာ ခင်မှူံသာပေးတဲ့ ဟောဒီစာသာရခဲ့ရင် ဦးဇင်းလည်း လောကုတ္တရာအရေးမှာ သာသနာ့အကျိုးသယ်ပိုးနိုင်တဲ့ ငယ်ဖြူဆရာတော်ဖြစ်လာမှာ မဟုတ်ပါဘူးကွယ်. . .'

သူကြီးရော သူကြီးကတော်ပါ ဆရာတော်ကို ပါးစပ်ကလေး ဟပြီး ငေးကြည့်နေကြတယ်။

'ကဲ ကဲ. . . သွားကြ. . . သွားကြတော့. . . ဒါ မောင်မင်းတို့ ကိစ္စမဟုတ်ဘူး. . . ဆရာတော့်ကိစ္စ. . . ဒီတော့ ရန်မဖြစ်ကြနဲ့တော့. . . ဟုတ်ပြီလား. . .'

ဆိုတော့ သူကြီးရော သူကြီးကတော်ရော "တင်ပ့ါ ဘုရား" ဆိုပြီး ဆရာတော်ကိုဦးချကြတယ်။ ဆရာတော်က သူတို့ကို မေတ္တာဘာဝနာစီးဖြန်းပေးတယ်။ ပြီးမှ . . .

'တပည့်တော်တို့ကို ခွင့်ပြုပါဦး ဘုရား. . .'

ဆိုတော့ ဆရာတော်က 'အေး အေး. . . သွားကြ. . . သွားကြ' ဆိုပြီးခေါင်းညိတ်ခွင့်ပြုတယ်။ ဒါကို သူကြီးကပြန်ဖို့ မတ်တတ်ထရပ်တော့ သူကြီးကတော်က. . .

'တော့် ကိုဖိုးထင်. . .'

www.burmeseclassic.com


သူကြီးက သူကြီးကတော်ကို ဝေ့ကြည့်တယ်။ သူကြီးကတော်ကမေးငေါ့ပြပြီး. . .

'တော့် နှစ်လုံးပြူးကြီး တော်ယူဦးလေ. . .'

ဆိုတော့ သူကြီးကလှိုက်လှိုက်လှဲလှဲပြုံးပြီး သူ့နှစ်လုံးပြူးကြီး သူပြန်ကောက်ယူလိုက်တယ်။ ပြီးတော့ နှစ်ယောက်သား လက်အုပ်ချီပြီး ဆရာတော်အခန်းထဲက နောက်ဆုတ်နောက်ဆုတ်နဲ့ ပြန်ထွက်သွားကြတယ်။

ကျောင်းပြင်ရောက်တော့ ဒီဖြတ်စာကိစ္စ ဘယ်လို ဆက်ဖြစ်မလဲဆိုပြီးသိချင်လို့ စောင့်ကြည့်နေတဲ့ရွာသားအားလုံး ရင်ကိုကော့ပြီးနှစ်လုံးပြူးထမ်းလာတဲ့ သူကြီးအနောက်က ယို့ယို့လေးလိုက်လာတဲ့ သူကြီးကတော်တို့ ရုတ်ခြည်းပြောင်းလဲသွားပုံကို တအံ့တသြကြည့်နေကြတယ်. . .။ သွားတုန်းက သူကြီးကတော်က သူကြီးကိုနှစ်လုံးပြူးကြီးချိန်သွားတယ်။ ပြန်လာတော့ သူကြီးက နှစ်လုံးပြူးကြီးထမ်းလာတယ်ဆိုတော့ ဘယ်လို အဖြေထုတ်ရမှန်းမသိဘူးဖြစ်သွားကြတယ်။ ဒါနဲ့ ဒီစာရဲ့အဓိက တရားခံဖြစ်တဲ့ ဘီလူးလှဦးကို သွားမေးကြတော့လည်း ဘီလူးက ဒီစာအကြောင်း နည်းနည်းလေးတောင်မဟတော့ဘူး။ ဘာမေးမေး၊ ဘယ်လိုမေးမေး မသိချင်ယောင်ဆောင်နေတော့ တာ. . .။ ဒါကြောင့် ဒီစာနဲ့ ပတ်သက်ပြီး သူကိုယ်တိုင်ရေးခဲ့တာလား. . . ဒါမှမဟုတ် ခင်မှုံကိုယ်တိုင်ပေးခဲ့တာလား. . . ဒါမှမဟုတ် သူတစ်နေရာရာက ကောက်ရခဲ့တာလား ဆိုတာကို ဘယ်သူမှမသိရတော့ဘူး။ တချို့ကလည်းပြောတယ်။ ဒါတမင် ဘီလူး အကွက်ချစီမံတာတဲ့. . . တချို့ကလည်း မတော်တဆပါတဲ့. . .။ ဘာပဲပြော ပြောအဲဒီစာလေးတစ်စောင်နဲ့တင် တစ်ရွာလုံး ပွက်လောရိုက်သွားကြတာအမှန်ပဲ. . .။ ဒီစာရဲ့ ဂယက်ကြောင့်ပဲ ဦးချက်ဖောင်းနဲ့ ဒေါ်မှုံ၊ တရားဝင် ညားသွားကြတယ်။ သူကြီးက သူကြီးကတော်ရဲ့ ထောင်းခံထိတယ်။ ဆရာတော်ဘုရားလည်း လူ့ဘဝနောက်ကြောင်းပြန်အမှတ်ရခဲ့

www.burmeseclassic.com


တယ်ပေါ့. . .။

အဲ ပြောရဦးမယ်။ ဒီစာနဲ့ပတ်သက်ပြီး အထူးဆန်းဆုံး ကိစ္စတစ်ခုဖြစ်သေးတယ်။ အဲဒါကတော့. . . အဲဒီစာနဲ့အတူ ကျောင်းကပ္ပိယကြီးဦးဇာတာ ပျောက်ချင်းမလှ ပျောက်သွားရတဲ့ အမှုပါပဲ။ဘယ်ကဘယ်လို ခြေရာဖျောက်သွားမှန်းကို မသိကြတော့ဘူး။ တချို့ကလည်း ပြောကြပါတယ်. . . ကပ္ပိယကြီးဦးဇာတာကို မနက်ဝေလီဝေလင်းမှာ အထုပ်အပိုးတွေနဲ့ စာရွက်တစ်ရွက်ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ရွာအပြင်ဘက် ထွက်သွားတာတွေ့ကြရတယ်တဲ့. . .။ နောက်ပြီး ပါးစပ်ကလည်း 'ဝတ်မှုံသင်းရေ. . . ဝတ်မှုံသင်းရေ. . . မောင်ကြီး ဇာတာလာပြီ. . .'ဆိုပြီး ရေရွတ်သွားတာ ရွာသား တချို့လည်း နားနဲ့ဆတ်ဆတ်ကြားရသတဲ့. . .။ ဒါကလည်း မျက်မြင်သက်သေ တစ်ယောက်နှစ်ယောက်သာရှိတဲ့အတွက် ဘယ်သူမှ ဒိဌမယုံရဲ ဘူး။ သေချာတာတစ်ခုက ဒီစာနဲ့ပတ်သက်ပြီး ဆိုးတာ တွေလည်းရှိ မယ်။ ကောင်းတာတွေလည်းရှိမှာပေါ့။ အဆိုးနဲ့ အကောင်းဆိုတာ ဒွန်တွဲနေတတ်တာကလား။ နောက် အဲဒီ စာကြောင့်ပဲ ဆိုးတာလား ကောင်းတာလားမသိတဲ့အမိန့်တစ်ခု သူကြီးထုတ်ပြန်လိုက်တယ်။

ရွာသူရွာသားများ မည်သူမဆို ရန်မဖြစ်ရ။ ရန်ဖြစ်လျှင် ဒဏ်ငွေငါးကျပ်. . တဲ့. . .။ အဲဒီအမိန့်ကို တစ်ရွာလုံးက ဝမ်းသာအယ်လဲလက်ခံကြတယ်။ ဘာလို့လည်းဆိုတော့ တစ်ရွာ လုံးကရန်ဖြစ်ချင်သူတွေမှမရှိတာ။ အားလုံး ကိုယ့်ရေကိုယ်သောက် ကိုယ့်ထမင်းကိုယ်စားပြီး အေးအေးချမ်းချမ်းနေနေကြတာပဲ. . .။ ဒါကြောင့် သူကြီးရဲ့အမိန့်ကို အားလုံးလက်ခံကြတယ်။ သူကြီးကလည်း သူကိုယ်တိုင်ခံခဲ့ရဘူးလို့လားမသိဘူး။ လင်မယားချင်းရန်ဖြစ်ရင်တောင် မရဘူး. .။ လင်မယားချင်း ရန်ဖြစ်ရင်လည်း ဒဏ်ငွေငါးကျပ်ပဲ. . .။ ဒါကိုလည်း ရွာသားအားလုံးသဘောကျကြတယ်။ လင်မယားချင်းရန်မဖြစ်ဘဲ ပြေပြေလည်လည်ဖြေရှင်းရတော့မှာကိုး. . .။

www.burmeseclassic.com



အဲ အဲဒီသတင်းကို ဝမ်းအသာဆုံးလူတွေကတော့ ဘီလူးတို့ အုပ်စုပဲ. . .။ သူတို့က ရန်မဖြစ်တတ်လို့လားဆိုတော့ မဟုတ်ဘူး။ ဒါပေမယ့် သိတယ်မဟုတ်လား. . .။

ဘီလူးတို့က အကွက်ရှိတယ်။ အကွက်ကမှ အကွက် ကောင်း. . .။

www.burmeseclassic.com

**ရန်**ဖြစ်ရင် ဒဏ်ငွေငါးကျပ်ဆောင်ရမယ်ဆိုတဲ့ အမိန့်ထုတ်ပြီးတာနဲ့ ရွာလယ်ပိုင်းကငွေတိုးချထားတဲ့ဒေါ်လှကြည်အိမ်က ကြက်ဖနှစ်ကောင်ပျောက်သွားတော့တာပဲ. . .။

နောက် ဒုတိယကံဆိုးသူက လယ်ပိုင်ရှင်ဦးစိန်လံပါ။ သူ့အိမ်အောက်မှာ တယုတယမွေးထားတဲ့ ဆိတ်သိုးလေး ပျောက်သွားတယ်။ နောက် နတ်ကတော်ဒေါ်မြိုင်က သူ့အိမ်မှာ နတ်ဆက်ထားတဲ့ အရက်ပုလင်းသုံးပုလင်းနဲ့ ငှက်ပျောခိုင်တစ်ခိုင်။ နောက် ပူပူနွေးနွေး ဇနီးမောင်နှံဖြစ်တဲ့ ဦးချက်ဖောင်းနဲ့ ဒေါ်မှုံကြီးတို့ စပါးကျီက စပါးသုံးတင်း။ အကြော်သည် ဒေါ်စောကြီးဆီက ဘူးသီးကြော်လေးခုနဲ့ နှမ်းဆီတစ်ပုလင်း. . .။ ဆေးဆရာဖိုးသာအိုဆီက ပန်းပေါင်းစုံသွေးဆေးတစ်ပုလင်းနဲ့ လေမျိုးရှစ်ဆယ်လျှက်ဆားသုံးထုပ်. . .။ ဦးဒိုးပေအရက်ဆိုင်က ကြက်ခြေထောက်ရိုးနှစ်ချောင်းနဲ့ ဒန်အိုးဖုံးတစ်ခု။ အို ပြောရရင်

www.burmeseclassic.com



တစ်ရွာလုံးပါ ပဲ. . .။ အိမ်ရှိပစ္စည်းအားလုံး ဖြုတ်ခနဲ ဖြုတ်ခနဲပျောက် ပျောက်ကုန်တာ. . .။

ဘယ်သူ့လက်ချက်လဲသိကြတယ်။ ဒါမျိုးလုပ်တတ်တာ ဘီလူးတို့အုပ်စုပဲရှိတာ။ ဒေါ်လှကြည်ဆို သူ့ကြက်ကို ဘီလူးတို့ အုပ်စုဆွဲသွားတာ မျက်စိနဲ့အတိုင်းသားမြင်တယ်။ ဒါပေမယ့် မပြော သာဘူး။ သိတယ်မဟုတ်လား. . .။ ရန်ဖြစ်ရင် ဒဏ်ငွေငါးကျပ် လေ. . .။ သူပြောလိုက်လို့ ဘီလူးတို့အုပ်စုခံပက်ရင် ရန်ဖြစ်ဦးမှာ. . .။ ရန်ဖြစ်ပြီဆိုတာနဲ့ ဒဏ်ငွေငါးကျပ်က ဆောင်ရဦးမှာ. . .။ ခါတိုင်း ဆိုရင်တော့ ဒေါ်လှကြည်ကို ဒါမျိုးလုပ်လို့ဘယ်ရမှာလဲ. . .။ မိုးမီး လောင်သွားမှာပေါ့. . .။ ဒီလို ကြက်ဆွဲသွားဖို့နေနေသာသာ ဘီလူးတို့ သူ့အိမ်နားကပ်သွားရင်တောင် ဒေါ်လှကြည်တို့ ပါးစပ်သေနတ်မောင်း တင်ပြီး ကောင်းကင်က တက်ကြဲပြီးသား. . .။

အခုတော့ အဲသည်လိုမလုပ်ရဲဘူး. . .။ သိတယ်မဟုတ် လား။ ရန်ဖြစ်ရင် ဒဏ်ငွေငါးကျပ်။ ငါးကျပ်ဆိုတာ နည်းမှတ်လို့. . .။ လေးတင်းဝင်ဆန်တစ်အိတ်မှ သုံးကျပ်၊ ဆီတစ်ပုံးမှ နှစ်ကျပ်၊ ယုတ်စွ အဆုံး ရွှေဒင်္ဂါးတစ်ပြားတောင် ကိုးကျပ်သာသာရယ်. .။ ဒါကြောင့် ရန်တစ်ခါဖြစ်ရုံနဲ့ ငါးကျပ်ဘယ်သူပေးချင်မှာလဲ. . .။

ဒါကိုအခွင့်ကောင်းယူပြီး ဘီလူးတို့အုပ်စု လုပ်ချင်တိုင်း လုပ် နေကြတာ. . .။ ဟိုလူ့အိမ်ကကြက်ဆွဲသွားလိုက်၊ ဒီလူ့အိမ်က ငှက် ပျောခိုင်ခုတ်သွားလိုက်နဲ့ လုပ်နေတာ. . . ထင်တိုင်ကြဲတာ. . . ကြာ တော့ ပိုပြီးအတင့်ရဲလာကြတယ်။ သူများအိမ်ပေါ်တက်ပြီး အိုးစွပ် ခွက်စွပ်စားသွားတာမျိုး၊ သူတို့ကြိုက်တဲ့ပစ္စည်းဆိုရင် လူရှေ့သူ ရှေ့ဆွဲ ချသွားတာမျိုး၊ မိန်းမပျိုလေးတွေတွေ့ရင် ထိကပါးရိကပါး လုပ်တာ မျိုး. . .။ အို စုံလို့ပဲ. .။ လူတွေက မပြောသာဘူးလေ။ သိတယ် မဟုတ်လား. . .။ ဒဏ်ငွေငါးကျပ်လေ. . .။ မကျေနပ်လို့ ရန်ဖြစ်ရင် ဒဏ်ငွေငါးကျပ်။ အဲ သူတို့ရဲ့ဒဏ်ကို အခံရဆုံးကတော့ သူတို့မိုးလင်း

www.burmeseclassic.com


မိုးချုပ်သောက်နေကျ ကိုရင်ကြက်ပုထန်းရည်ဆိုင်ပဲ. . .။ ထန်းရည်ကို အဝအပြဲ အရင်ကနဲ့ နှစ်ဆသောက်တယ်။ အမြည်းတွေကို အလကား နှိုက်စားတယ်။ ပြီးရင် ပိုက်ဆံမပေးဘဲ ပြန်တယ်။ ဒီကြားထဲ ငပိန်ဆို တဲ့ကောင်က ကိုရင်ကြက်ပုသမီးမိပွားကိုကြိုက်နေတော့ သာဆိုးသေး တာပေ့ါ။ တစ်နေကုန် မိပွားနားထိုင်ပြီး ပကျိပကျိနဲ့ ကလိနေတော့ တာ. . .။ ကြာတော့ ကိုရင်ကြက်ပုမိန်းမ (မိပွားတို့အမေ) ဒေါ်လုံးခများ သည်းမခံနိုင်တော့ဘူး။ ဘီလူးတို့ အုပ်စုလာတာမြင်ရင် အသည်းယား ရော. . .။ ဒါပေမယ့် မပြောသာဘူးလေ. . .။

သိတယ်မဟုတ်လား. .။ ရန်ဖြစ်ရင် ဒဏ်ငွေငါးကျပ်။အဲဒီငါး ကျပ်ဆိုတဲ့ငွေရဖို့ သူတို့ခများ မနည်းကုန်းရုန်းရှာတာမျိုး။

အခုလည်းကြည့်လေ. . .။ ဘီလူးတို့အုပ်စုရွာမြောက် ဖျားက ဦးဂျမ်းတောမွေးထားတဲ့တိုက်ကြက်ကြီးဆွဲလာပြန်ပြီ. .။

ဘီလူးတို့အုပ်စုကိုမြင်တော့ ကိုရင်ကြက်ပု ကတော် ဒေါ်လုံး အသားတဆတ်ဆတ်တုန်နေပြီ။ ချိုးချင်ဖဲ့ချင်နေပြီ။ ဒါကို ဘီလူး တို့ကတော့ ဂရုတောင်မစိုက်ဘူး။ ပြုံးဖြီးဖြီးမျက်နှာပေးကိုယ်စီနဲ့ ဆိုင် ရှေ့ရောက်လာတာနဲ့ တန်းပြီးတော့ဆိုင်ခုံပေါ် ခြေတစ်ဖက်လှမ်းတင် လိုက်ပြီး. . .

'ကဲ ကိုရင်ကြက်ပုရေ. . . ခြံမြောက်ဖျား ထန်းကောက်ပင် က တစ်မြူလောက်ချဦးဗျ. . . စားစရာကတော့ ခင်ဗျားတို့ဆီက နှိုက်မစားပါဘူးဗျ. . . ဟဲ ဟဲ. . . ဟောဒီမှာ ဘကြီးဂျမ်းတောရဲ့ တိုက်ကြက်၊ ဆွဲလာတာ. . . တိုက်ကြက်သားက မာပြီး သိပ်ချိုတာ ဗျ. . . ဟဲဟဲ. . . ချက်ပြီးရင် ခင်ဗျားတို့ကိုလည်း တစ်ခွက်ပေး မယ်. . . ကဲ လုပ်လုပ်. . . ကိုရင်ကြက်ပုက ထန်းပင်လေးတက်ပြီး ကျည်တောက်ကလေး ဆွဲခဲ့ပါဦး. . . ဟဲ အရီးလုံးက ဟောဒီကြက် ကလေးကိုကိုင်ပြီး ဆီပြန်ဟင်းလေးချက်ပေး. . . မိပွားက ထန်းရည် ငှဲ့ပေါ့. . . ဟဲဟဲ. . . ဒါပေမယ့် မောင်ပိန်ကိုတော့ ပိုမငှဲ့

www.burmeseclassic.com


ပေးနဲ့နော့. . . ဟဲဟဲ. . .'

ဘီလူးက သူပိုင်ထန်းတောလိုနဲ့ အမိန့်လည်းပေးရင်း မိပွား ကိုလှမ်းရိုလိုက်သေးတယ်။ အမှန်တော့ မိပွားက ငပိန်ဆို စေ့စေ့ တောင်ကြည့်လို့ရတာမဟုတ်ဘူး။ ဒါကိုသိသိကြီး ဘီလူးက တမင် လှမ်းရိတာ. . .။ ငပိန်ကတော့ ဘီလူးဘေးနားကနေ သွားကြီးဖြဲပြီး တဟီးဟီးနဲ့ဖြစ်နေတာ. . .။

သူ့ခမျာ မိပွားကိုတွေတွေကြီးစိုက်ကြည့်နေတာ သွား ရည်ကျမတတ်ပဲ. . .

'ကဲကဲ. . . လုပ်စရာရှိသေးတယ် ဆက်လုပ်ကြ. . . ကိုရင် ကြက်ပု ထန်းတက်တော့လေဗျာ. . . ကျုပ်တို့သောက်ဖို့အတွက် ဟို ထန်းကောက်ပင်ကသာချခဲ့. . . ရေတော့မထိုးနဲ့နော် ဟဲဟဲ သိတယ် မဟုတ်လား. . . ဘီလူးတို့က မလုပ်ရင်လည်း အရှင်း. . .'

ဘီလူးက ခပ်တည်တည်နဲ့ကွပ်ပျစ်ပေါ်ရောင်းဖို့တင်ထားတဲ့ ဟင်းအိုးတွေကိုခပ်တည်တည်နဲ့ဖွင့်ပြီး အသည်းအမြစ်တစ်တုံးကို ပလောက်ခနဲဝါးလိုက်တယ်။ ပါးစပ်ထဲညက်သွားတော့မှ အပြင်ကိုထွေး ထုတ်လိုက်ပြီး. . .

'ထွီ. . . ငန်လိုက်တာ. . . အရီးလုံးတင်က ဟင်းချက်ရင် ဆားလျော့ချက်လေ. . . ဒီလို စားမကောင်းတော့ ဘယ်သူက စားမှာ လဲ. . . ကျုပ်တို့လိုဖောက်သည်တွေခါသွားရင် မကောင်းဘူးနော်. . . မှန်း ဒါလေးက. . .'

ဆိုပြီး ငါးကြော်တစ်ဖတ် ဘတ်ခနဲဝါးလိုက်ပြန်တယ်။ ပြီးတော့ ငါးကြော်ကိုအသာမြုံ့ပြီး မျက်လုံးလေးစင်းလို့. . .

'အင်း. . . ဒါမဆိုးဘူး. . . ဟော့ကောင်တွေ ဝါးကြည့် စမ်း. . . ကောင်းတယ်ကွ. . . ငါးကလေးကို ကြော်ထားတာ ရွှနေ တာပဲ. . .'

ဆိုတော့ ဟိုကောင်တွေကလည်း ကြောင်ခံတွင်းပျက်တွေမို့

လား. . .။ ငါးကြော်ကိုတစ်ကောင်တစ်ဖတ်ယူပြီး ပါးစပ်ထဲ ပလောက်၊ ပလောက်နဲ့ပစ်ထည့်လိုက်ကြတယ်။ ဒါကိုမြင်တော့ ဒေါ်လုံးသည်းမခံနိုင်တော့ဘူး။ အသားတွေတဆတ်ဆတ်တုန် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး. . .

'ဟဲ့. . . သေနာတွေ. . . နင်တို့လွန်လွန်းလာပြီနော်'

ဒေါ်လုံးရဲ့အော်သံကို ဘီလူးတို့က ကြောက်မသွားတဲ့အပြင်ဂရုမစိုက်သလိုနဲ့ မျက်မှောင်ကြုတ်လိုက်ပြီး. . .

'လွန်တော့ ဘာဖြစ်လဲ. . . ရန်ဖြစ်ချင်လို့လား. . .'

ဘီလူးက အပိုင်ဖြေတယ်။ ဒါကို ဒေါ်လုံးက ထဘီကိုခပ်မြင့်မြင့်ဆွဲပြီး. . .

'ဩော်. . . နင်ကရန်ဖြစ်ရင် ဒဏ်ငွေငါးကျပ်ဆိုတာ ကြောင့်ဒီစကားပြောတာပေါ့လေ. . . တွေ့ကြသေးတာပေါ့'

ဆိုပြီး သူ့ယောက်ျားကိုရင်ကြက်ပုဘက်လှည့်လို့. . .

'တော့်. . . ကိုရင်ကြက်ပု. . .'

'ဟေ. . .'

ကိုရင်ကြက်ပု ထန်းပင်ပေါ်တက်ဖို့ ခါးကြိုးချည်နေရာက အလန့်တကြားပြန်ထူးတယ်။

'ကျုပ်ကို ငွေငါးကျပ်ပေးစမ်း. . .'

ဒေါ်လုံးစကားကြောင့် ကိုရင်ကြက်ပုမျက်လုံးပြူးသွား တယ်။

'ဘာ ဘာလုပ်ဖို့လဲ. . .'

'ဘာလုပ်ဖို့လဲ မမေးနဲ့. . . ငါးကျပ်ပေးဆို ပေးစမ်း'

ဒေါ်လုံးရဲ့အော်သံကြောင့် ကိုရင်ကြက်ပုလည်း ကြောက်အားလန့်အားနဲ့ "အေး အေးပါကွာ. . ."ဆိုပြီး ခါးကြားထဲကျစ်ထားတဲ့ငွေငါးကျပ်ကို ထုတ်ပေးလိုက်တယ်။ ဒါကို ဒေါ်လုံးက ဘတ်ခနဲဆွဲယူလိုက်ပြီး ဘီလူးတို့ဘက်လှည့်လို့. . .

'ဟဲ့ မသာတွေ. . . နင်တို့ဒီမှာခဏစောင့်. . . မကြာခင်

www.burmeseclassic.com


ငါပြန်လာမယ်. . . မိလုံးအကြောင်းသိစေရမယ်. . .'

ဆိုပြီး ရွာထဲဘက်သုတ်ခြေတင်သွားတယ်။ သူသွားနေ တာက သိတယ်မဟုတ်လား. . .။ ရန်မဖြစ်ရ ရန်ဖြစ်ရင် ဒဏ်ငွေငါးကျပ်လို့ အမိန့်ထုတ်ထားတဲ့ သူကြီးဆီကို. . .။

www.burmeseclassic.com

**တော**လေးညို့ညို့မှာ လူတွေရဲ့စကားသံအစား ငှက်ကလေးတွေစိုးစီစိုးစီအသံကြားရတော့ ကြည်နူးစရာပေါ့. . .။ ရွာရဲ့ခြေဦးလမ်းကလေးကလည်း သစ်ပင်ကြီးတွေရဲ့ အရိပ်အာဝါသနဲ့ကိုအေးပြီးညို့နေတာပါပဲ. . .။ တစ်ယောက်ယောက်ကများ ယာထဲဆင်းဖို့နွားဆွဲလာတာမျိုးဆို လွတ်ကြည့်ကောင်းတာ။

ရန်မဖြစ်ရ။ ရန်ဖြစ်ရင် ဒဏ်ငွေငါးကျပ်ဆိုတာကြောင့် တစ်ရွာလုံး စကားသံကျယ်ကျယ်လောင်လောင် မကြားရဘဲ အေးချမ်းနေတဲ့အတွက် သူကြီး အကြီးအကျယ်စိတ်ချမ်းသာနေတယ်။ ဒါကြောင့်ပီတိစိတ်နဲ့ ရွာဘက်လှမ်းကြည့်ရင်း ပုတီးကို တချောက်ချောက်နဲ့စိပ်နေတယ်။ သူ့ခမျာလည်းရပ်ရွာအေးချမ်းသာယာဖို့ကတစ်ကြောင်း၊ ခိုးဆိုးလုယက်မဖြစ်ရလေအောင် ကာကွယ်ရတာကတစ်ကြောင်း၊ မိသားစုအရေး ဝန်မလေးဘဲ ထမ်းဆောင်နေရတာက တစ်ကြောင်း

www.burmeseclassic.com



ကြောင့် နောင်ဘဝနိဗ္ဗာန်ရောက်ကြောင်းအလုပ်တောင် အေးအေး ချမ်းချမ်း မလုပ်ဖြစ်တာကြာပြီပဲ. . .။ အခုလည်းကြည့်လေ. . .။ ပုတီးစိပ် တရားထိုင်တာတောင် သာသနာ့ရပ်ဝန်းဘုရားရိပ် တရား ရိပ်မသွားနိုင်ဘဲ အိမ်ရှေ့မှာသာ အညောင်းပြေလမ်းလျှောက်ရင်း ဘုရားတရား အာရုံပြုနေရတာ. . .။ သြော် သူကြီးဘဝ တယ်လည်း ဒုက္ခကြီးပါလား. . .။ ရပ်ရွာမအေးချမ်းပြန်ရင်လည်း သူကြီးကြောင့်၊ ဟော အေးချမ်းပြန်တော့လည်း ဘယ်သူ့ဆီကဘာသတင်းကြား မလဲဆိုပြီး ပျာထိတ်ထိတ်နဲ့စောင့်နေရတာလည်းအမော. . .။

သားသမီးမကောင်းတော့ မိဘခေါင်းတဲ့၊ ရွာမကောင်းတော့ သူကြီးခေါင်းဆိုသလို သူကြီးခေါင်းပေါ်မကျဖို့ အရေး ရပ်ရွာကောင်း အောင် စီမံရတာလည်း တယ်ပင်ပန်းလှသကိုး. . .။

ဟော အခုတော့ ကြည့်စမ်း။ ရန်မဖြစ်ရ ရန်ဖြစ်ရင် ဒဏ်ငွေငါး ကျပ်ဆိုတော့ ဘယ်သူလှုပ်ရဲတော့လို့လဲ. . .။ အစကတည်းက အေး အေးချမ်းချမ်းနေချင်ကြတဲ့ ရွာသား အခုလိုအမိန့်ပါ ထပ်ဆင့်ထုတ် လိုက်တော့ ငြိမ်ကရောမဟုတ်လား. . .။သူကြီးက သူ့လုပ်ရပ်ကို သူ သဘောကျပြီး မွှမွှကလေးပြုံးလိုက်တယ်။ ဒီအပြုံးမျိုးက သူလူပျိုကာလ သားတုန်း က ခဏခဏပြုံးဖူးတယ်။ သူ အဲသည်လိုပြုံးလိုက်တိုင်း မိန်းမ ပျိုလေးများဆို သူ့ကို ငေးငေးကျန်ခဲ့တာ။ နှုတ်ခမ်းမွှေးရေးရေးနဲ့ နှစ်လိုဖွယ်အပြုံးကို မနှစ်သက်သူမှမရှိပဲကိုး. . .။ အခုတော့ သူအဲ သည်လိုမပြုံးဖြစ်တာကို ကြာပြီ။ သူကြီးက္ကန္ဒြေနဲ့နေရတာပ. . .။ ဟော အခုတော့ သူပြုံးနိုင်ပြီလေ. . .။ ရပ်ရွာက အေးချမ်းသာယာနေပြီ ကိုး. . .။ သူကြီး သဘောကျစွာ နောက်တစ်ကြိမ် ထပ်ပြုံးလိုက်တယ်။ ဒါပေမယ့် ပြုံးလိုက်တဲ့ သူ့နှုတ်ခမ်းအောက်တောင်ပြန်မကျပါဘူး. . .။ ရွာလမ်းတစ်လျှောက် ဖုန်တထောင်းထောင်းထအောင် အပြေးတစ်ပိုင်းနဲ့ သူ့ဆီ ဦးတည်လာသူတစ်ယောက်ကို တွေ့လိုက်ရတယ်။ သူကြီးပြုံး နေရာက ပါးစပ်ကလေးဟပြီး ငေးကြည့်နေတယ်။

www.burmeseclassic.com

အဝေးကဆိုတော့ ဖုန်တွေမှုန်ပြီး ဘယ်သူဘယ်ဝါမကွဲ ပြားဘူး။ အနားရောက်မှကြည့်လိုက်တော့. . .

'ဟင်. . .'

ကိုရင်ကြက်ပုကတော် မလုံး. . ။

မလုံးကိုမြင်တော့ သူကြီးအံ့အားသင့်သွားတယ်။ ဟုတ်တယ်။ အံ့အားသင့်မယ်ဆိုလည်း သင့်စရာ. ။ ဒေါ်လုံးဖြစ်နေ ပုံကိုကြည့်လေ. . ။ ထဘီကို ခါးတောင်းကျိုက်မတတ် ခပ်မြင့်မြင့် ဝတ်ထားပြီး လက်သီးကိုဆုပ် အံကိုကြိတ်ထားတာ. . ။ ဆံပင်တွေကလည်း ဖွာလန်ကျဲပြီး မျက်လုံးနှစ်လုံးကလည်း ကျွတ်ထွက်မတတ် ပြူးကျယ်ဝိုင်းစက်နေတယ်။ အံသာကြိတ်ထားတာ နှုတ်ခမ်းက'ဂငယ်'. . ။ နှာခေါင်းက အတွန့်အလန်၊ မျက်ခုံးက အရှုံ့. . ။

ခြံဝမှာရပ်နေတဲ့ သူကြီးလည်းမြင်ရော ဒေါ်လုံးက ဒေါကြီးမောကြီးနဲ့. . .

'တော်. . . သူကြီး. . .'

'ဟေ. . . ဘာတုန်း. . .'

သူကြီးက ဝမ်းခေါင်းသံကြီးနဲ့ ပျာပျာသလဲ ပြန်ထူးတယ်။ ဒါကိုဒေါ်လုံးက သူ့လက်ထဲ ကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့ ငွေငါးကျပ်သူကြီးလက်ထဲ ထိုးထည့်ပေးလိုက်ပြီး. . .

'ရော့. . . ဒီမှာ ငါးကျပ်'

ဒေါ်လုံးပေးတဲ့ ငွေငါးကျပ်၊ သူကြီးကြောင်တောင်နဲ့ လှမ်းယူလိုက်ပြီး. . .

'ဒါက ဘာတုန်းဟ. .'

'ဒဏ်ငွေဆောင်ထားတာ. . . ဒဏ်ငွေကိုကြိုဆောင်ထားတာ. . .'

'ဟေ. . . ဘာလို့တုန်း. . .'

'သည်းမခံနိုင်တော့လို့ တော်ရေ့. . . သည်းမခံနိုင်တော့

www.burmeseclassic.com

လို့. . .'

'ဘာ ဘယ်သူ့ကိုသည်းမခံနိုင်တာလဲ. . .'

သူကြီးအမေးကို ဒေါ်လုံးကထဘီကို ခပ်မြင့်မြင့်ဆွဲတင်လိုက်ပြီး. . .

'ကျုပ်တို့ထန်းတောမှာ ပိုက်ဆံမပေးဘဲ လာကျောနေတဲ့ ဟိုသူတောင်းစားတွေကို မကျေနပ်လို့တော့ရှေ့. . . မကျေနပ်လို့၊ ဒါကြောင့် သူတို့နဲ့ ရန်ဖြစ်ချင်လို့ ဒဏ်ငွေကြိုဆောင်ထားတာ. .'

'ဟော. . .'

ဒေါ်လုံးစကားကြောင့် သူကြီးမျက်လုံးပြူးသွားတယ်။ကြည့်ဦး ရန်ဖြစ်ဖို့ ဒဏ်ငွေကို ကြိုပြီးလာဆောင်ထားတာတဲ့. . .။

'ဟဲ့ ဟဲ့. . . ဒါနဲ့. . .'

'ကြာတယ်. . . ဒါနဲ့တွေ ဘာတွေ လုပ်မနေနဲ့. . . ကဲ ရော့. . . မိလုံးရန်ဖြစ်ဖို့ ဒဏ်ငွေငါးကျပ်. . . ကဲ. . . မိလုံးတို့စပြီ ဟေ့. . .'

သူကြီးရဲ့အလန့်တကြားအော်ဟစ်သံကို ဒေါ်လုံးက ဂရုမစိုက်တော့ဘူး။ သူကြီးလက်ထဲ ငွေငါးကျပ်ထိုးထည့်ပေးလိုက်ပြီး သူ့တာဝန်ကျေပြီလို့ အောက်မှတ်လို့လား မသိဘူး။ ရွာဘက်ပြန်လှည့်လို့ အသံကျယ်ကျယ်နဲ့. . .

'ဟဲ့. . . သေချင်းဆိုးတွေ. . . ငါလာပြီ. . . နင်တို့နဲ့ ရန်ဖြစ်ချင်လို့ သူကြီးကို ဒဏ်ငွေငါးကျပ်ကြိုဆောင်ထားပြီးပြီ၊ တွေ့ကြပြီပေါ့ သေနာကျတွေရဲ့. . . မိလုံးတဲ့ဟေ့. . . တစ်လုံး တည်းရှိတယ်. . .၊ ဟေ့. . . လာပြီ မိလုံးလာပြီ. . . .'

ဆိုပြီး ရွာထဲဘက် အပြေးတစ်ပိုင်းနဲ့ ပြန်လှည့်သွားတယ်။ သူ့ရဲ့အော်ဟစ်ဆဲဆိုသံက ရွာထဲပျံ့ခနဲ. . .။

'ဟော့ ဘယ်ကောင့်မှ ဂရုစိုက်တာမဟုတ်ဘူးနော်. . . မိလုံးတဲ့ ကြမ်းပြီဆို အမေဂျမ်းထက်ကြမ်းတယ်. . . ရမ်းပြီဆိုမှဖြင့် သူကြီးကို

www.burmeseclassic.com


ဒဏ်ငွေငါးကျပ်ကြိုဆောင်ပြီးမှကိုရမ်းတာ. . . သတ္တိရှိတဲ့လူ ထွက်ခဲ့ဟေ့. . . မိလုံးတဲ့ တစ်လုံးတည်းရှိ တယ်. . . နှစ်လုံးရှိရင် ဇပလင်လေးနဲ့ ပြုတ်စားပစ်မယ်. . . မိလုံးလို ရန်ဖြစ်ချင်ရင် သူကြီးကို ဒဏ်ငွေငါးကျပ်ဆောင်ပြီးမှကို လာဖြစ်. . . မိလုံးတို့ခံနိုင်သမျှ ပြုံးပြုံးကြီးခံခဲ့တာ. . . ဟင် မျက်နှာပဲကြည့်ပြီး ကျေနပ်နေတယ်မထင်နဲ့. . . အတွင်းမှာ အံကြိတ်ထားတာ. . . အံကြိတ်ထားတာ. . အခုတော့ သည်းမခံနိုင်တော့ဘူးတော်ရေ့. . . ဟောဒီမှာ မိလုံးတို့ သွားဖြဲပြလိုက်ပြီ. . . ဟောဒီမှာကြည့်. . . မွေးကတည်းက အစွယ်နဲ့ မွေးလာတာ. . . ဒါကို သွားတက်ထင်ပြီး မျက်စတော့လာမပစ်နဲ့. . . မိလုံးတို့က မီရာလှမ်းကိုက်တတ်တာ. . . မယုံရင် ကိုရင်ကြက်ပုကိုမေး. . . မိလုံးတဲ့ တစ်လုံးတည်းနော်. . .'

စသည်ဖြင့် ဒေါ်လုံးရဲ့အော်ဟစ်သံတွေက ရွာအနှံ့ကို ဖုံးလွှမ်းနေတော့တာ. . .။ ဖြစ်ချင်တော့ ဒေါ်လုံးရန်ဖြစ်ဖို့ ဒဏ်ငွေဆောင်ကတည်းက ဘီလူးတို့အုပ်စုလည်းလစ်ပြီ။ သူတို့ကလည်း ဒေါ်လုံးအကြံကို ရိပ်မိတာကိုး. . .။ ဒါကြောင့် ဒေါ်လုံးပါးစပ်သေနတ်မောင်းမတင်ရသေးခင်ကိုအမီရှောင်တာ။ ဒေါ်လုံးကလည်း ဘီလူးတို့အုပ်စုကို မတွေ့ရလို့ဘဲ ပိုစိတ်ဆိုးသွားတာလား. . .။ ဒါမှမဟုတ် ပြောကောင်းကောင်းနဲ့ပဲ ဆက်ပြောနေတာလားတော့မသိဘူး. . .။ ရွာအရှေ့အနောက် ဒေါင်းဒေါင်းပြေးကိုလျှောက်ပြီး လှည့်ပတ်ဆဲဆိုနေတော့တာ. . .။

'ဟင် ကိုယ့်မှာတော့ ချက်လိုက်ပြုတ်လိုက်နဲ့ လုပ်လိုက်ရတာ. . . သူတို့က အခန့်သင့်ရောက်လာပြီး ထန်းရည်ကိုသောက်၊ နောက် ဦးဦးဖျားဖျားချက်ထားတဲ့ ကြက်သားခွက်ကို နှိုက်ပြီး ပလောက်ပလောက်နဲ့ ဝါးတာ. . . ဝါးတာ. . . ပထမတစ်ကြိမ် ဩော်. . . ကြက်သားမို့လို့ မပြောပါဘူး. . . ဟော. . . အဲဒါပြီးတော့ ငါး. . . ဒါလဲပါးပါးလေးပါ. . . သည်းခံလိုက်ပါ မိလုံးရယ် ဆိုပြီး

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး အံကြိတ်ခံခဲ့တာ. . . အခုတော့ မခံနိုင်တော့ဘူးတော်ရေ့. . . အံကြိတ်တာများလို့ အံသွားတောင်တိုနေပြီ. . . . ဒင်းတို့က အချိုးမပြောင်းဘူး. . . ဟင်. . . အခုတော့ မွေးထားတဲ့ သမီးကိုတောင် ဒင်းတို့က နှိုက်မြည်းချင်နေတာ. . . နှိုက်မြည်းချင်နေတာ. . . ကောင်းကြသေးရဲ့လား အရပ်ကတို့ရဲ့. . . ကြီးစဉ်ငယ်လိုက်ဆို ငါ့အလှည့် မိလုံးအလှည့် အရင်ရောက်ရမှာကို ဒင်းတို့က ခွက်ကျော်နှိုက်ချင်နေတာ. . . ဟင် မိလုံးတို့က ဒီလိုကျောတာမျိုး သားအမိတောင်ခံတာမပဟုတ်ဘူး. . . . ’

ဒေါ်လုံးကြီး ပြောကောင်းကောင်းနဲ့မို့လားမသိဘူး. . ပြောမိပြောရာတွေပြောပြီး လမ်းသလားနေတာ ရွာသားတွေကလည်း မဖြစ်စဖူးအဖြစ်ထူးတဲ့ ဒေါ်လုံးကြီးကိုကြည့်ပြီး အံ့အားသင့်နေကြ တယ်. . .။ ဒီလိုနဲ့ မနက်ကတည်းက စပြောလိုက်တဲ့အပြော နေမွန်း တောင်တည့်ချင်နေပြီ။ ဒေါ်လုံးကြီး ဆဲဆိုသံက စီညံနေတုန်း. .။ မိလုံး တစ်လုံးတည်းရှိတယ် ဆိုတာကိုတောင် အလုံးရေရင်တောင် အလုံးတစ်သောင်းလောက်ရှိတယ်. . .။ ကြာတော့ သူကြီးလည်း သည်းမခံနိုင်တော့ဘူး။သူ့အိမ်ပေါက်ဝ ထွက်ရပ်နေတယ်။ နောက် ရွာအရှေ့ကနေ ရွာအနောက်ဘက်ကို ဖုန်တထောင်းထောင်းထအောင် လျှောက်ရင်း အလုံးရေလာတဲ့ ဒေါ်လုံးကြီးလည်း သူ့ရှေ့ရောက် ရော . . .

‘ဟဲ့ မိလုံး. . .’

သူကြီးခေါ်သံကြောင့် ဒေါ်လုံး သူကြီးကို ဝေ့ကြည့်တယ်။

‘နင်ဆဲနေတာ ငါးကျပ်ဖိုးပြည့်ပြီ’

သူကြီးက စကားကို တိုတိုပဲပြောတယ်။ သူကြီးစကား လည်းကြားရော ဒေါ်လုံးတွေသွားတယ်။ နောက် ဘာအသံမှ မထွက်ဘဲ သူ့ထန်းတောဘက် ချာခနဲပြန်လှည့်သွားတယ်။ ခပ် မြန်မြန်ဝေးသွားတဲ့ ဒေါ်လုံးကြောပြင်ကို ကြည့်ပြီး သူကြီး သက်ပြင်းချတယ်။ ပြီးတော့

www.burmeseclassic.com


ပြုံးလိုက်တယ်။ ရွာမှာ ဘယ်သူဘယ်လောက်ပဲ သောင်းကျန်းသောင်းကျန်း သူကြီးတစ်ခွန်းဟန့်လိုက်ရင် ပြီးတယ်မဟုတ်လား. . .။ သူကြီးက သူ့ရွာအပေါ် ဩဇာသက်ရောက်ပုံကို တွေးရင်းပြုံးမိတာပါ။

သူပြုံးလို့တောင်မဆုံးပါဘူး။ ဖုန်တထောင်းထောင်းနဲ့ ဒေါ်လုံးကြီး သူ့ဆီပြန်ပြီး ဦးတည်လာတာတွေ့ရတယ်။ ဒေါ်လုံးက ပထမအကြိမ်လာတဲ့အတိုင်းပါပဲ. . .။ မျက်လုံးကိုပြူး လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဒုန်းစိုင်းချလာတာ. . .။ ဒေါ်လုံးကိုလည်းမြင်ရော သူကြီးအံ့အားသင့်နေတယ်။ ဒေါ်လုံးကတော့ တန်းတန်းမတ်မတ်ပဲ သူကြီးဆီဝင်လာပြီး သူ့လက်ထဲ ကျစ်ကျစ်ပါအောင်ဆုပ်လာတာကို သူကြီးလက်ထဲ ထိုးထည့်ပေးလိုက်ပြန်တယ်။

'ရော့. . . ဒီမှာ နောက်ထပ်တစ်ဆယ်. . . ငါးကျပ်ကို နေ့ဝက်ဆဲရရင် တစ်ဆယ်ဆို နောက်နေ့မနက်ထိရမယ်. . . ရော့. . . ယူထား. . . မိလုံးတစ်ဆယ်ဖိုး ဒဏ်ငွေဆောင်ထားပြီးပြီ၊ ကဲ. . . ပြန်စမယ်. . .'

ဆိုပြီး သူကြီးကိုတောင်မကြည့်တော့ဘဲ ရွာဘက်ပြန်လှည့်လို့. . .

'ဟေ့. . . မိလုံးတဲ့ဟေ့. . . သတ္တိရှိပြီဆိုမှဖြင့် သူကြီးဆီ ဒဏ်ငွေဆောင်ပြီး ဆယ့်ငါးကျပ်ဖိုးပြည့်အောင် ဆဲတာ. . . မိလုံးလို သတ္တိရှိရင် မိလုံးလို ဒဏ်ငွေဆောင်ပြီးဆဲ. . . နောက် မနက်အထိ မိလုံးရဲ့ဆဲသံ အသံမစဲတန်းကြားရစေ့မယ်. . . ကဲ. . . စပြီ. . . မလုံးတဲ့ဟေ့. . . တစ်လုံးတည်းရှိတာ. . . နှစ်လုံးရှိရင် . . .'

ဒေါ်လုံးရဲ့အသံက ရွာထဲပြန်စီညံသွားတော့တယ်။ သူ့ခမျာလည်း သူကြီးကို ဆယ့်ငါးကျပ်ဒဏ်ငွေဆောင်ထားပြီးပြီ ဆိုတော့ စိတ်ချလက်ချကိုဖြစ်သွားပုံရတယ်။ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်တော့ဘူး။ ရွာထဲလှည့်ပတ်ပြီးလွှတ်ကိုအော်နေတော့တာ. . .။ ရေလည်း မသောက်ဘူး။ နားလည်းမနားတော့ဘူး။ တကယ့်အသံမစဲတန်း

www.burmeseclassic.com



ကိုကြားရတော့တာ. . .။

'ဩော်. . ကိုယ့်မှာတော့ သမီးပျိုလေးမွေးထားတာ. . ဟင်စယူကတည်းက ကိုရင်ကြက်ပုရယ် ယောကျ်ားလေးမွေးရင်တော့လိုပဲ ထန်းတက်နေရမှာ. . . ဒါကြောင့် ကျုပ်လိုမှီခိုစားလို့ရအောင် မိန်းကလေးပဲ ယူကြရအောင်ဆိုပြီး နှစ်ဦး သဘောတူ ရုက္ခစိုးနတ်ဆီသွားပြီး သမီးဆုပန်လိုက်ရတာ. . . ဟော သမီးလည်းအရွယ်ရောက်လာရော သင်းတို့က ထိကပါးရိကပါး လုပ်နေကြပြီ. . . ကျုပ်ကိုလုပ်ရင် မပြောပါဘူး. . . ဟောဒီမိလုံး ပြုံးချင်ယောင်ဆောင်ပြီး အံကြိတ်ခံလိုက်မယ်. . . ဘယ့်နှယ့်တော် အခုတော့ မသူတော်တွေကြား ကျုပ်သမီးလေး ရေတိမ်နစ်ရမှာလား. . '

ဒေါ်လုံးရဲ့အော်သံရွာထဲလျှံနေတုန်းပဲ ရွာကလည်း ရွာဝိုင်းကြီးဆိုတော့ သူ့အသံကိုမကြားချင်လည်း ကြားနေရတယ်။ ဒေါ်လုံးကလည်း ဆယ့်ငါးကျပ်ဖိုးတန်အောင် ဆဲမယ်လို့မျှား အစကတည်းက ကြံထားသလားအောက်မေ့ရတယ်။ ပြောသမျှ ထောင့်ကိုစုံရော. . .။ သူ့အမေ သူ့ကိုမမွေးခင်ကတည်းကစပြီး ရွာမှာသူ့ကို ဘယ်သို့ဘယ်ချမ်းသာ အနှိမ်ခံရတယ်အဆုံး. . . ရောကောသောကောနဲ့ တစ်ရွာလုံးကို ပတ်တုတ်နေတော့တာ. . . ကြာတော့ တစ်ရွာလုံး မျက်ထောင့်ကြီးတွေ နီလာတယ်. . . ဟိုလူ့လိုလို ဒီလူ့လိုလိုနဲ့ တစ်ရွာလုံးမိလုံးရဲ့ ပါးစပ်ကြောမှာ မျောနေရတာကိုး. .။

ဒေါ်လုံးကလည်း ဒေါ်လုံးပဲ. . .။ အခွင့်အရေးရတုန်း မို့လားမသိဘူး။ တစ်ရွာလုံးတစ်ယောက်မကျန်အောင်ကို စောင်းတုတ်နေတော့တာ. . .။ နေကလည်းစောင်းနေပြီ။ ကြာတော့ အခြေအနေမကောင်းမှန်း သူကြီးသိလာတယ်။ တစ်ရွာလုံး ထချကုန်ရင် လွယ်မှာမဟုတ်ဘူးလေ. . .။ အခု ဒေါ်လုံးလုပ်ပေါက်က တစ်ရွာလုံးထချမယ့်လုပ်ပေါက်။ ဒါကြောင့် သူကြီးက သူ့အိမ်ရှေ့ရောက်တာနဲ့ ဒေါ်လုံးကို ကမန်းကတမ်းခေါ်လိုက်တယ်။

www.burmeseclassic.com


'ဟဲ့ မိလုံး. . .'

ဒေါ်လုံး သူကြီးကိုငေ့ကြည့်တယ်။ ဘာမှမပြောဘူး။ သူကြီးကသာ သက်ပြင်းကိုချပြီး. . .

'ငါ အခုချက်ချင်းအမိန့်ပြင်လိုက်တယ်. . . ရန်ဖြစ်ရင် ဒဏ်ငွေငါးကျပ်အပြင် ရွာဦးကျောင်းမှာ ဆယ်ပေပတ်လည်ရေ နှုတ်မြောင်းပါဖော်ရမယ် ဒါပဲ'

သူကြီးရဲ့စကားကြောင့် ဒေါ်လုံးတွေသွားပြန်တယ်။ပြီးတော့ ဘာမှပြန်မပြောဘူး။ ပြန်ပြောလို့လည်း မရဘူး။ ဒါ သူကြီးအမိန့်ပဲ. . .။ ဒါကြောင့် သူတို့ထန်းတောဘက် ချာခနဲ ပြန်လှည့်သွားတယ်။ ဒေါ်လုံး ကို ကြည့်ပြီး သူကြီးကျေနပ်စွာပြုံးလိုက်တယ်။ ဟုတ်တယ်လေ. . .။ ဒဏ်ငွေငါးကျပ်အပြင် ရွာဦးကျောင်းရေနှုတ်မြောင်းပါဖော်ရမယ်ဆို တော့ ဘယ်သူဖော်ချင်မှာလဲ. . .။ မတန်ဘူးလေ. . .။ ဟုတ်ဖူး လား. . .။သူ့အတွေး မဆုံးဘူး။

သိပ်မကြာဘူး။ ဒေါ်လုံးပြန်ရောက်လာတယ်။ ဒါပေမယ့် သူ တစ်ယောက်တည်းမဟုတ်ဘူး။ သူ့အနောက်မှာ ပေါက်တူးကြီးထမ်း လာတဲ့ သူ့ယောကျ်ားကိုရင်ကြက်ပုရယ်၊ တူရွင်းပြားနဲ့ မြေသယ်ခြင်းရွက် လာတဲ့ သူ့သမီးမိပွားရယ်ပါ ပါလာတယ်။ သုံးယောက်သားလျှောက်လာ တာ ဖုန်တွေကို မှောင်လို့။ အားလုံး သူကြီးရှေ့ရောက်ရော ဒေါ်လုံး က. . .

'ကဲ. . . သူကြီး. . . ရေနှုတ်မြောင်းဖော်ရမယ့် နေရာကိုသာ ပြော. . . တော့်. . . ကိုရင်ကြက်ပု. . .'

'ဟေ. . .'

'ရှင်နဲ့ သမီး သူကြီးပြတဲ့နေရာမှာ ရေနှုတ်မြောင်းဖော် ထားစမ်း. . . ဒီမှာ ကျုပ်စိတ်ရှိလက်ရှိဆဲဦးမယ်. . .'

'အေးပါကွာ. . . မင်းစိတ်တိုင်းကျသာဆဲပါ. . . ကျန်တာ ကြက်ပုတာဝန်ထား. . . ကဲ. . . ပြော သူကြီး. . . ကျုပ်တို့ ဘယ်နား

www.burmeseclassic.com

က ရေနူတ်မြောင်းဖော်ပေးရမှာလဲ. . .’

ဆိုတော့ သူကြီးမျက်လုံးပြူးသွားတယ်။ အဲဒီအချိန်မှာပဲ ကြားရတဲ့အသံက. . .

‘ဟော့. . . မိလုံးတဲ့ဟော့. . . တစ်လုံးပဲရှိတယ်. . . နှစ်လုံးရှိရင်. .’

သူလည်းရွာထိပ်နားရောက်ရော ဖုန်တထောင်းထောင်း ထအောင်ပြေးလာကြတဲ့သူတွေ တွေ့ရတယ်။ ကြည့်လိုက်တော့ . . .

ဒေါ်လှကြည်. . .။ သူ့နောက်က ဒေါ်မှုံ၊ ဒေါ်မှုံ နောက်က တူရွင်းပြားထမ်းလာတဲ့ ဦးချက်ဖောင်း၊ အဲဒီ အနောက်ကမှ နတ်ကတော် ဒေါ်မြိုင်၊ ဒေါ်မြိုင်နောက်က အရီးဒေါ်ပုံ၊ ဦးသာခေါင်ကပေါက်တူးကြီး ထမ်းလို့. .။ သူတို့လက်ထဲမှာလည်း ငါးကျပ်တန်တွေ ကျစ်ကျစ်ပါ အောင် ဆုပ်ထားကြတယ်။အဲဒီအချိန်မှာပဲ ရွာထိပ်ကနေ ဘီလူးလှဦးကို လှစ်ခနဲတွေ့လိုက်ရတယ်။ ဘီလူးလှဦးကိုမြင်တော့ အားလုံး ဦးတည် ချက်ပြောင်းသွားကြတယ်။ အာလုံးနူတ်ဆီက. . .

“ဟဲ့. . . မသာ. . .”

ဆိုတဲ့ သံပြိုင်အော်သံနဲ့အတူ ငါးကျပ်တန်တွေကိုင်ပြီး ဘီလူး လှဦးနောက် ပြေးလိုက်သွားကြတယ်။ သူ့ဆီကို တစ်ရွာလုံးနီးပါး ဦး တည်လာတာမြင်တော့ ဘီလူးလည်း မှုန်နေအောင် ခြေကုန်သုတ် တော့တာ။ သူ့နောက်လိုက်တာကမိန်းမတွေဆိုပေမယ့် လက်မနှေးဘူး ဆရာ။ ဘီလူးနောက် မျက်ခြည်မပြတ်အောင်ကို သုတ်ခြေတင်ကြ တော့တာ။ ဘီလူးလည်း လွတ်လိုလွတ်ညား ဘယ်ဘက်ပြေးမလို ညာ ဘက်ပြေးမလိုလုပ်တယ်။ အနောက်ကလည်း ဘယ်တိမ်းမလို ညာတိမ်း မလိုနဲ့ “ဒီရွာမှာ နင်ဘယ်ကိုမှ ပြေးမလွတ်ဘူး”ဆိုပြီး အမီလိုက်တယ်။ ရွာလမ်းကလည်း ဘယ်သွားရင် ဘယ်ရောက်မယ်ဆိုတာ နော ကြေ အောင်အားလုံးသိကြတာကိုး။ နောက်ဆုံး ဘယ်လိုမှ လွတ်နိုင်မှန်းမသိ တော့ ဘီလူးရွာမြစ်ဆိပ်ဘက်ကို သုတ်ခြေတင်သွားတော့တာ။ ဒါကို

လည်းမြင်ရော အနောက်ကလိုက်သူ အားလုံးဝမ်းသာသွားကြတယ်။ မြစ်ဆိပ်ရောက်သွားရင် ပြေးစရာလမ်းက မရှိတော့ဘူးလေ. . .။ ပိတ်မိပြီပေါ့. . .။ ရေကူးသွားမယ်ဆိုတာတောင် သူကဘယ်လောက်ကူးနိုင်မှာမို့လဲ. . .။ဒါကြောင့် အားလုံးခြေလှမ်းကို အရှိန်ပိုမြင့်ပြီးမှီအောင်လိုက်ကြတယ်. . .။မြစ်ဆိပ်ရောက်တော့. . .။

"ဟင်. . ."

အားလုံးဆီကအာမေဋိတ်သံတွေ ထွက်လာကြတယ်။

"ဘီလူး . . ."

"ဘီလူးပျောက်နေပြီ. . ."

ဟုတ်တယ် ဘီလူးကို မတွေ့ရတော့ဘူး. . .။ အားလုံး ဘီလူးများ မြစ်ထဲခုန်ချသွားပြီလားဆိုပြီး မြစ်ဆိပ်ကိုသွားကြည့်ကြတယ်. . .။ မြစ်ရေလှုပ်တာတောင် မတွေ့ရဘူး ဒီအတိုင်းဆို ဘီလူး မြစ်ထဲခုန်ချသွားတာလည်း မဖြစ်နိုင်ဘူး. . .။ အနီးအနား လှည့်ပတ်ကြည့်တော့လည်း ဘီလူးရဲ့ အရိပ်အယောင်တောင် မတွေ့ရဘူး. . .။

ဒီလိုနဲ့ပဲ. . .။

သူကြီးသက်ပြင်းချလိုက်တယ်။ သူ့ခမျာ အခုမှ နားအေးသွားပုံရတယ်။ဟုတ်တယ်လေ. . .။အားလုံးရဲ့ဒေါသက ဘီလူးဆီပုံကျသွားပြီကိုး. . .။ သူ့ဆီရောက်စရာဘာမှ မရှိ တော့ဘူးပေါ့. . .။

"အတော်ရှုပ်တဲ့ ဘီလူး. . ."

သူကြီးခပ်ပြုံးပြုံးနဲ့ တိုးတိုးလေးရေရွတ်တယ်. . .။ ဟုတ်တယ်လေ ဒီရွာထဲမှာ ဒီလိုဖြစ်အောင် ပေါက်ကရလုပ်နေတာ ဒီကောင်တစ်ကောင်ပဲရှိတာ. . .။ သူကြီးပြုံးပြီးသက်ပြင်း ထပ်ချလိုက်တယ်. . .။ နောက် ကိုယ့်ကိုယ်ကိုပြောသလိုနဲ့. . .

"အေးလေ. . . ဒီလိုကောင်မျိုးရှိမှလဲ ရွာစိုပြည်မှာပေါ့. . ."

ဆိုပြီး ထပ်ရေရွတ်တယ်. . .။ သူရေရွတ်လို့တောင် မဆုံးဘူး. . .။ မြစ်ဆိပ်ကနေ ဖုန်ထောင်းထောင်းထအောင် ပြန်ပြေးလာ

www.burmeseclassic.com

တဲ့လူတွေတွေ့ရတော့. . . သူကြီးအံ့အားသင့်သွား တယ်. . . သူတို့လက်ထဲမှာ ငါးကျပ်တန်တွေ ကျစ်ကျစ်ပါ အောင်ဆုပ်ထားကြတာကိုး. . .။

ကြည့်လိုက်တော့ မလုံး၊ ဒေါ်လှကြည်၊ ဒေါ်မှုန်၊ သူတို့နောက်က ဦးချက်ဖေါင်း၊ ဦးသာခေါင်၊ ကိုရင်ကြက်ပု၊ မိပွား၊ တူရွှင်းပြားတွေထမ်းလို့. . . မျက်နှာပေါ်မှာလည်း မကျေနပ်မှုတွေနဲ့ မဲ့ရှုံ့လို့. . .။ သူတို့အားလုံး သူကြီးဆီ ဦးတည်လာတယ်။ သူတို့အားလုံးကို အဲဒီလိုပုံစံကြီးမြင်တော့ သူကြီး မျက်လုံးပြာသွားတယ်။ သိပြီ. . .။ သူတို့ဘာလာလုပ်တယ်ဆိုတာ. . .။

သူကြီးသက်ပြင်းချတယ်။ ပြီးတော့ အနီးအနားဝေ့ကြည့် တယ်။ သူ့တပည့် လက်ဝေ့ကျော်အုန်းမောင်က သူကြီးရဲ့ အရိပ်အခြည်ကိုကြည့်လို့. . .။ သူ့ခမျာလည်း အခြေအနေ မကောင်းမှန်းသိလို့ထင်တယ်။ တုတ်တုတ်တောင်မလှုပ်ဘူး။

'ဟဲ့ အုန်းမောင်. . .'

'ဘုရား. . .'

သူကြီးရဲ့ခေါ်သံကြောင့် အုန်းမောင်ပျာပျာသလဲပြန်ထူး တယ်။

'ထိတ်တုံးဖွင့်စမ်း. . .'

သူကြီးရဲ့စကားကြောင့် အုန်းမောင်မျက်လုံးပြူးသွားတယ်။ ပြီးတော့ ကတုန်ကယင်နဲ့. . .

'ဘာ. . . ဘာလုပ်ဖို့လဲ သူကြီးမင်း. .'

အုန်းမောင်ရဲ့အမေးကို သူကြီးက . . .

'လျှာမရှည်နဲ့. . . ဖွင့်ဆိုဖွင့်. .'

အုန်းမောင် ကြောက်ကြောက်လန့်လန့်နဲ့ ထိတ်တုံးဖွင့်တယ်။ သူကြီးက ဣန္ဒြေရရပဲ ထိတ်တုံးဆီလျှောက်သွားတယ်။ နောက် ထိတ်တုံးပေါ်ခြေဆင်းလိုက်ပြီး. . .

www.burmeseclassic.com


'ခတ်လိုက်စမ်း. . .'

သူကြီးရဲ့စကားကြောင့် အုန်းမောင် ပျာတောက်သွား ပြီး. . .

'ကျွန်. . . ကျွန်တော်. . .'

ကတုန်ကယင်ဖြစ်နေတဲ့ အုန်းမောင်ကို သူကြီးက မျက်မှောင်ကြုတ်ကြည့်ပြီး. . .

'ခတ်ဆို ခတ်လိုက်စမ်း'

' ဟုတ်. . . ဟုတ်. . .'

သူကြီးရဲ့ အော်သံကြောင့် အုန်းမောင်ကြောက်အားလန့်အား နဲ့ ထိတ်တုံးကို ဂျိုင်းခနဲဆွဲခတ်လိုက်တယ်။ အဲဒီတော့မှ သူကြီးသက်ပြင်းကိုချပြီး. . .

'ဟင်း. . . တောက်. . . ငါ့မှာလည်း ငွေယားရှိနေတာနဲ့တော့ ကြာရင်မလွယ်လောက်ဘူး. . .'

သူကြီးရဲ့မဆီမဆိုင်စကားကြောင့် အုန်းမောင် သူကြီးခြေထောက်ကိုငေးကြည့်နေမိတယ်။

သူကြီးခြေထောက်ကအကြီးသား. . .။ ဒါကြောင့် သူကြီးခြေရာကြီးတာဖြစ်မယ်. . .။

အုန်းမောင် သူကြီးခြေထောက်ကိုကြည့်ပြီး စဉ်းစားနေတယ်။ ပြီးတော့ ခေါင်းကိုခပ်ဖြည်းဖြည်းယမ်းပြီး. . .

'အေးလေ. . . ဘယ်လောက်ပဲခြေရာကြီးကြီး ထိပ်တုံးခပ်တော့လည်းဝင်တာပဲ. . .'

အုန်းမောင် တိုးတိုးလေးရေရွတ်တယ်။

ရွာလယ်လမ်းမှာတော့ ငွေငါးကျပ်ကိုင်လာသူတွေ ဖုန်တထောင်းထောင်းထအောင် သူကြီးဆီလှမ်းလာကြတုန်း. . .။

အေးလေ. . . သူကြီးကောင်းမှုနဲ့ သူတို့မှာလည်း ငွေယားလေးတွေရှိနေတာပေါ့. . .။

www.burmeseclassic.com

ရွာထိပ်က အောင်ဓမ္မစေတီမှာ ဥစ္စာစောင့်ပေါ်ပြီတဲ့. . .။ ညညဘက်ဆို ပေါက်ပြားတစ်လက်နဲ့ မြေတူးသံကြားနေရသတဲ့။ ဒါပေ မယ့် ဘယ်သူမှ ထမကြည့်ကြဘူး။ တစ်ရွာလုံး သရဲတစ္ဆေဆို လွတ်ကြောက်ကိုး. . .။ မနက်ထကြည့်တော့လည်း ဘာမှမတွေ့ဘူး။ အဲဒီသတင်းကြောင့်ပဲ တစ်ရွာလုံး ထိတ်ထိတ်ပျာပျာတွေ ဖြစ်နေတယ်။ ဒါကလည်း သတင်းပဲဆိုတော့ ယုံတဲ့လူလည်းရှိ မယုံတဲ့လူလည်းရှိပေါ့။ ဖြစ်ချင်တော့တစ်နေ့မှာ ရွာလယ်က ငွေတိုးချစားတဲ့ ဒေါ်လှကြည် အောင်ဓမ္မစေတီပေါ် တစ်ယောက်တည်း တက်ပြီးဆုတောင်းတယ်။ ထုံးစံအတိုင်းပေါ့. . . ဒေါ်လှကြည်ဆိုတာကလည်း အခွင့်အရေးသမား. . .။ အခွင့်အရေးတောင်းစရာမရှိ ဘုရားမှာတောင် အခွင့်အရေးတောင်းသေးတာ. . .။

" အရှင်ဘုရား ဤသို့ပြုရ ကုသလကြောင့် ယခု ဘဝသာမက

www.burmeseclassic.com


နောင်ဘဝမှာပါ ချမ်းသာသောသူ ဖြစ်ရပါလို၏ ဘုရား. . .”

တဲ့. . . အဲဒီအချိန်မှာပဲ ကြားလိုက်ရတဲ့ အသံကြီးက

“စိတ်ကောင်းမရှိသူမို့ မပြည့်ပါစေနဲ့ဘုရား. . .”

ဆိုပြီး လှိုဏ်သံကြီးနဲ့ အိုထွက်လာတာ. . .။ ဒေါ်လှကြည် ခမျာ ကြောက်တာမျက်ဖြူပါလန်တယ်. . .။ မေ့သွားတာလည်း နေ့ဝက်လောက်ကြာတယ်။ လူအတွေ့မြန်လို့. . .။ လူအတွေ့မမြန်ရင် ဒုက္ခရောက်လောက်တယ်. . .။ အဲဒီကစပြီး အဲဒီဘုရားနား ဘယ်သူမှ မကပ်ရဲတော့ဘူး. . .။ ဥစ္စာစောင့်တွေ ခြောက်လှန့်နေတယ် မှတ်ပြီး. . .။ ဒါပေမယ့် ဒါဟာ ပြဿနာအစပဲဆိုပါတော့. . .။

အဲဒီပြဿနာဖြစ်တာက သူကြီး သူ့ကိုယ်သူထိတ်တုံးခတ်ပြီး သုံးရက်မြောက်နေ့မှာဖြစ်တာ. . .။ ဖြစ်ပုံကလည်း ဆန်းတယ်။ သူကြီး ထိတ်တုံးထဲဝင်ပြီး ဘယ်သူဘယ်လိုပြောပြော ပြန်မထွက်တော့ တဲ့အချိန်. . .။ ပထမဆုံးပြဿနာရှာတဲ့ ဒေါ်လုံးဆို မြေကြီးမှာ လိမ့်နေအောင်ငိုပြီး တောင်းပန်တယ်။ မရဘူး. . .။ ကျန်တဲ့ ဒေါ်လှကြည်တို့ ဒေါ်မြိုင်တို့ဆိုလည်း သူကြီးခြေထောက်ကို ကုန်းကုန်း နမ်းပြီးတော့ကို တောင်းပန်တယ်။ ဒါလည်း မရဘူး။ ဆေးဆရာ ဖိုးသာအို ရောက်လာပြီး ဒီသတင်းကိုပြောမှကို သူကြီးထိတ်တုံးက ကမန်းကတန်းပြန်ထွက်တာ. . .။

ရွှေမြို့တော်က မင်းသားတစ်ပါး စစ်ရှောင်ရင်း ဒီရွာတွေဘက် ကိုရောက်လာပြီတဲ့. . .။ အဲဒီတော့မှ ရွာသားတွေ အားလုံး မျက်လုံး ပြူးကုန်တယ်။ ဘယ်အချိန်မှာ စစ်ဖြစ်နေကြတာလဲ. . .။ ဘယ်သူနဲ့ စစ်ဖြစ်နေကြတာလဲဆိုတာ တစ်ရွာလုံး ဘယ်သူမှမသိကြဘဲကိုး. . .။ မသိတာလည်းအကြောင်းမဟုတ်ဘူး. . .။ ကိုယ့်ရွာမှာကိုယ်နေ ကိုယ့် လယ်ကိုယ်စိုက်စားနေကြတာ. . .။ ဘာစစ်သိစရာလိုသေးလို့လဲ. . .။ စစ်မပြောနဲ့ ရန်တောင်မဖြစ်ရဘူးဆိုတဲ့အမိန့်ထုတ်ခဲ့လို့ အခုလို သူကြီးထိတ်တုံးထဲရောက်ခဲ့တာမဟုတ်လား. . .။ အခု ဖိုးသာအို

www.burmeseclassic.com

ရောက် လာပြီးပြောမှ ဒီစစ်ဆိုတဲ့စကားလုံးကို ရွာသားတွေ ကောင်း ကောင်းကြားဖူးတော့တယ်။

အခု ဒီဘက်ကို စစ်ရှောင်ရင်း ရောက်လာတဲ့ မင်းသား ကလည်း နှယ်နှယ်ရရမင်းသားတော့မဟုတ်ဘူး။ တကယ့် ဒိတ်ဒိတ်ကျဲ နန်းတွင်းဝန်ရဲ့ယောက်ဖ မယားပါသားဆိုလားပဲ။ နန်းတွင်းနဲ့အတော့် ကိုနီးတာ. .။ အတော်ကလေးကိုနီးတာ. .။ နောက်ပြီး သူက နန်းမြို့ရိုး စပ်လောက်ကတော့ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်ရလောက် အောင် ပေါက်ရောက်သတဲ့. . .။ ဒါကြောင့် တစ်ရွာလုံး ဒီမင်းသား ဆိုတာကိုတွေ့ချင်နေကြတာ။

ဟုတ်တယ်လေ. . .။ နန်းမြို့ရိုးစပ်လောက်သွားနိုင်တယ်ဆို တာ နည်းတဲ့ဂုဏ်မှမဟုတ်တာ။ ဒီရွာက အပေါက်ရောက်ဆုံး သူကြီး အစ်ကိုဘဒွေးတောင်မှ အလွန်ဆုံး ရတနာပုံမြို့ စွန်လောက်ရောက် ဖူးတာ. . .။ ဒါတောင် မတ္တရာသွားရင်း မျက်စိလည်ပြီးရောက်သွား တာတဲ့. . .။ မြို့ကြီးဆိုတာ ဟည်းနေတာပဲတဲ့. . .။ နောက်ပြီး ရွှေနန်းရှင်ရဲ့မြို့ရိုးကို ခပ်ဝေးဝေးက လှမ်းမြင်ခဲ့ရသတဲ့. . .။ ရွာသား တွေဆိုတာ အံ့အားသင့်တာမှ ကုန်ရော. . .။ အံ့အားသင့်မယ်ဆို လည်းသင့်စရာ. . .။ ဒီရွာမှာက ဟိုအရှေ့ဘက်နားက ကြာကွင်းကြီး ရွာတောင် ရောက်ဖူးတဲ့သူ ခပ်ရှားရှားမို့လား. .။ ဒါကြောင့် ရတနာပုံ ရောက်ဖူးသူဆို အကောင်ပဲ. . .။ ရွာမှာတော့ ဘဒွေးက အကောင် ပဲ. . .။ ဘာအကောင်လည်းတော့မသိဘူး. . .။ အကောင်ကတော့ အကောင်ပဲ. . .။ ထားပါတော့. .။

ဟော အခုတော့ ဘဒွေးထက်ပိုပြီး အကောင်ကျတဲ့ အကောင်ပေါ်လာပြီ။ သူကသိတယ်မဟုတ်လား. .။ ရွှေနန်းရှင်ရဲ့ မြို့ရိုးစပ်ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ရတဲ့ပြည် ပြေးမင်းသား တဲ့. . .။

ရွှေမြို့တော်က မင်းသားရောက်နေတယ်ဆိုတော့ သူကြီး

www.burmeseclassic.com


မနေသာတော့ဘူး။ ထိတ်တုံးကိုဖွင့်၊ သူ့ခြေသူထုတ်ပြီး ထမင်းတောင်မစားတော့ဘူး. . .။ မင်းသားရှိရာနေရာကို နောက်ပါအဖွဲ့သားများစုပြီး ကသုတ်ကရက်ချီတက်သွားကြတယ်။

သိပ်မဝေးပါဘူး. . .။ ရွာအဝင်ဇရပ်မှာတင်ရယ်။ မင်းသားက ရွာထဲမဝင်သေးဘဲ ဇရပ်မှာခဏနားနေသတဲ့. . .။

www.burmeseclassic.com

**သူ**ကြီးတို့ ရွာအဝင်ဇရပ်ရောက်တော့ ထူးထူးဆန်းဆန်း လူသုံးဦးတွေ့ရတယ်။

တစ်ဦးက ပြောင်ပြောင်လက်လက် အဝတ်အစားတွေ ဝတ်ထားပြီး ဇရပ်ပေါ် တင်ပျဉ်ခွေထိုင်နေတယ်။ သူ့ရှေ့မှာက ကြမ်းပြင်ပေါ် ပြားပြားဝပ်နေတဲ့လူတစ်ယောက်. . .။ အကျီအဝတ်အဆင်ကတော့ ထိုင်နေသူထက်နွမ်းတယ်။ ဒါပေမယ့် ဒီရွာက သူဌေးတွေတောင် သူ့လိုအဝတ်အစားမျိုးကို ဝတ်နိုင်မှာမဟုတ်ဘူး. . .။ ထိုင်နေတဲ့လူရွှယ်အဝတ်ဆို ပြောမနေနဲ့တော့။

ထိုင်နေသူရဲ့ အနောက်မှာတော့ ရှမ်းဝတ်စုံဝတ်ပြီး ရှမ်းလွယ်အိတ် လွယ်ထားတဲ့သူတစ်ယောက်။ လက်ဖဝါးထဲကတော့ ဘာတွေထည့်ထားတယ်ရယ်တော့မသိဘူး။ အဲဒါတွေကို လက်ညှိုးကလေးနဲ့ တို့တို့ပြီးစားနေတယ်။ အဲဒီလူမှာ ထူးခြားတာကတော့ မုတ်ဆိတ်

www.burmeseclassic.com



ပဲ. . .။ ရင်ညွှန့်လောက်ရှိတဲ့ မုတ်ဆိတ်ကို ကျစ်ဆံမြီးကျစ်ထားသေး တယ်။

ထိုင်နေသူရဲ့ရုပ်ရည်ကတော့ ဒီဘက်နယ်တွေမှာ တွေ့ရတတ်တဲ့ ရုပ်မျိုးမဟုတ်ဘူး။ ဖြူသန့်ပြီးတော့ကို ချောနေတာ. . .။ နှုတ်ခမ်းမွေးရေးရေးကလေးကလည်း စိမ်းဖန့်နေတာပဲ. . .။ သူ့ ရုပ်ရည်နဲ့ သူ့အဝတ်အဆင်ကို ကြည့်ခြင်းအား ဖြင့် သာမန်လူ မဟုတ်ဘူးဆိုတာ သိသာတယ်။

သူကြီးတို့လူစု ဇရပ်ပေါ်ရောက်တာနဲ့ ထိုင်နေတဲ့ လူရွယ် မျက်နှာညှိုးသွားတယ်။ ပြီးတော့ ဘယ်သူ့ကိုမှမကြည့်ဘဲ. . .

'ဟဲ့ သာအို. . .'

'ဘုရာ့. . .'

ဆေးဆရာဖိုးသာအို လူရွယ်နားပြေးသွားပြီး လက်အုပ်ချီလိုက်တယ်။ လူရွယ်က ပျာပျာသလဲဖြစ်နေတဲ့ဖိုးသာအိုကို မကြည့် ဘူး။ မျက်မှောင်ကြီးကြုတ်ပြီး ဆက်မိန့်တယ်။

'မောင်မင်းကို ငါရောက်ရှိနေကြောင်း ဘယ်သူ့ကိုမှ မသိစေနဲ့လို့ မှာထားလျက်နဲ့ ဘယ်ကလူတွေခေါ်လာတာတုန်းကွယ့်. . . ဟေ. . .'

လူရွယ်ရဲ့မြွက်ကြားစကားကို ဖိုးသာအိုက ပျာပျာသလဲနဲ့. . .

'မှန် မှန်ပါ. . . ကိုယ်တော်လေးရဲ့မိန့်မြွက်စကားကို တစ်သွေမတိမ်းလိုက်နာဖို့ ကျွန်. . . ကျွန်တော်မျိုး ကြိုးစားပါသေးတယ်. . . သို့သော် ကိုယ်တော်လေးရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက်. . .'

'တော်စမ်း. . .'

ဖိုးသာအိုရဲ့စကားမဆုံးလိုက်ဘူး။ လူရွယ်က ဖြတ်ပြီး ငေါက်တယ်။ နောက် ဒေါသထွက်သွားသလိုဟန်မျိုးနဲ့. . .

'တစ်ယောက်ကောင်းသော် တစ်သောင်းဗိုလ်ခြေညက်ညက်ကြေဆိုတဲ့စကား မောင်မင်းမကြားဖူးဘူးမှတ်တယ်. . . ငါ့ရဲ့လက်ရုံး

www.burmeseclassic.com

ရည်စွမ်းအားနဲ့ တစ်သောင်းသော်မက တစ်ကမ္ဘာလုံး လာပါစေ မမှုဘူး ဆိုတာ သင်မသိရော့လား. . .'

လူရွှယ်ရဲ့စကားကို သူကြီးက တစ်ကမ္ဘာလုံးလာပါစေ မကြောက်ဘူးဆိုတဲ့လူက ဘာလို့စစ်ပြေးလာပါလိမ့်ဆိုပြီး စဉ်းစားနေတယ်။ သူစဉ်းစားလို့မဆုံးခင် လူရွှယ်ကဆက်ပြီး. . .

'ငါကိုယ်တော်ရဲ့အသက်အန္တရာယ်ကို ကာကွယ်နိုင်ရလောက်အောင် သင်းတို့က ဘယ်သူတွေတုန်း. . .'

လူရွှယ်စကားကို ဖိုးသာအိုက ခါးမတ်တယ်ဆိုရုံလေးမတ်ပြီး. . .

'မှန်ပါ. . . ယခု ကိုယ်တော့်ရှေ့မှောက်ရောက်နေသူ ကတော့ နှယ်နှယ်ရရမဟုတ်ပါဘူး. . . မြို့ဝန်မင်းရဲ့ ရွှေစလွယ်ဆုရ ဒီရွာက သူကြီးဖိုးထင် သာဖြစ်ကြောင်းပါ. .'

ဖိုးသာအိုရဲ့ လျှောက်တင်ချက်ကြောင့် သူကြီးရင်ကော့လိုက်တယ်။ ဟုတ်တယ်လေ. . .။ မြို့ဝန်မင်းရဲ့ရွှေစလွယ်ရထားတဲ့သူကြီးပဲ နှယ်နှယ်ရရမှမဟုတ်ဘဲ. . .။ ဒါတောင်မြင်းချေးဝန်က သံချေးတက်နေတဲ့ ရွှေခါးဆုချထားတာထည့် မပြောလို့ နည်းနည်းတောင် နှာကစ်ချင်သွားသေးတာ။ ထားပါတော့။ ရွှေစလွယ်တစ်ခုနဲ့တင် လူရှိန်တယ်ဆိုတော့ နည်းမှတ်လို့. . .။

ဖိုးသာအိုရဲ့စကားကို လူရွှယ်သက်ပြင်းချလိုက်တယ်။ ပြီးတော့မှ ခေါင်းကိုငုံ့ပြီး. . .

'အေးလေ. . . မြို့ဝန်မင်းရဲ့ ရွှေစလွယ်ရ သူကြီးဆိုတော့ လည်း ခွင့်ပေးရတာပ. . . မြို့ဝန်မင်းရွှေစလွယ်ရ သူကြီး ငါကိုယ်တော် ရှေ့ ဒူးထောက်ခစားစေဗျာ. . .'

လူရွှယ်ရဲ့စကားကြောင့် သူကြီးထိုင်ရမလို ထရမလိုနဲ့ ကုန်းကုန်းကွကွကြီး ဖြစ်သွားတယ်။ ဟုတ်တယ်လေ. . .။ အကြောင်းလည်းမသိဘဲနဲ့ ဘယ်သူက ဒူးထောက်ခစားချင်မှာလဲ မဟုတ်ဘူး

လား. . .။ နောက်ပြီး နန်းတွင်းက အစစ်အမှန် မင်းသားတစ်ပါးဖြစ်နေရင်လည်း မလွယ်ဘူးလေ။ ရာဇဒဏ်ကလည်းသင့်မှာကြောက်ရသေး။ ဒါကြောင့် ဒူးလည်းမထောက်ချင်ဘူး။ အခစားကလည်း မဝင်လို့မဖြစ်ဘူး။ နောက်ဆုံးတော့ ထင်ချင်သလိုထင်ပေ့စေတော့လို့ ဆုံးဖြတ်ပြီး ထင်တယ်။ နှစ်လုံး ပြူးကိုဂလုံခနဲချပြီး လူရွယ်ရှေ့ တင်ပျဉ်ခွေထိုင်ချတယ်။ သူ့ အနောက်ကလူတွေကတော့ ထိုင်ရမလို ထရမလိုနဲ့ ကုန်းကုန်းကွကွကြီးတွေဖြစ်နေတယ်။ လူရွယ်ကတော့ ဘာမှမပြောဘူး။ သူကြီးကိုလည်း မကြည့်ဘူး။ သူ့ဘာသာသူ ရေရွတ်သလိုဟန်မျိုးနဲ့ မြွက်တယ်။

'ရေကြည်ဆက်စမ်း. . .'

အဲဒီအသံကြားတာနဲ့ လူရွယ်ရှေ့ တုတ်တုတ်မလှုပ်ဘဲ ဝပ်နေတဲ့သူက ဖတ်ခနဲထပြီး ဇရပ်ပေါ်ကနေ လွှားခနဲခုန်ချသွားတယ်။ မြန်တယ်။ လေတိုက်သွားသလားတောင် အောက်မေ့ရတယ်။ သိပ်မကြာဘူး။ ပြန်ရောက်လာတယ်။

ရေခပ်လာပုံက အဆန်း. . .။

ပိန်းကြာရွက်ကို ခွက်ပုံစံခွေပြီး အထဲမှာရေထည့်လာတာ. . .။ လူရွယ်က မင်းသားရှေ့ ဒူးတုတ်ခေါင်းငုံ့ရင်း ရေကြည်ဆက်သတယ်။ လူရွယ်က အဲဒီရေခွက်ကိုမယူဘူး။ ခပ်တည်တည်ပဲထိုင်နေတယ်။ သူ့အနောက်က ရှမ်းဝတ်စုံနဲ့ လူကြီးကသာ ရိပ်ခနဲလှုပ်ရှားလာပြီး သူ့အိတ်ထဲကခွက်တစ်ခွက် ထုတ်လိုက်တယ်။

ရွှေခွက်. . .။

ရွှေခွက်ကိုမြင်တော့ သူကြီးမျက်လုံးပြူးသွားတယ်။

ဟုတ်တယ်။ ကနုတ်ပန်းတွေနဲ့ တန်ဆာဆင်ထားတဲ့ ရွှေခွက်။ ဒါမျိုးတော်ရုံတန်ရုံလူသုံးနိုင်တာမျိုးမဟုတ်ဘူး။ ရှမ်းကြီးက သူ့လက်ထဲက ပြာမှုန့်အနည်းငယ်ကို ခွက်ထဲထည့်လိုက်တယ်။ ပြီးတော့ ပိန်းကြာရွက်ပေါ်ကရေကို ရွှေခွက်ထဲလောင်းချတယ်။ နောက် သူတို့မသိနိုင်တဲ့

www.burmeseclassic.com

ဘာသာစကားနဲ့ ရေခွက်ကို မန်းမှုတ်တယ်။ ပြီးတော့ သူ့အိတ်ထဲက အမှုန့်အနည်းငယ်နှိုက်ယူပြီး ရေခွက်ထဲပစ်ထည့်လိုက်ရင်ပဲ ရေက ချက်ချင်းဆူတက်လာတယ်။ အဲဒါကိုကြည့်ပြီး သူကြီးခမျာ ထိုင်ရမလို ထရမလို ဖြစ်နေတယ်။ နောက်မသိမသာနဲ့ တင်ပျဉ်ခွိတ်ထားတဲ့ ခြေတစ်ဖက်က အနောက်ပစ်လိုက်တယ်။ လက်ကိုလည်း လေးဖက်ထောက်လိုက်တယ်။ မျက်လုံးကတော့ တောင်ကြည့်မြောက်ကြည့်နဲ့ ဂနာမငြိမ်ဖြစ်နေတာ. . .။ မင်းသားက ဂရုမစိုက်ဘူး။ ရေကိုငုံတယ်ဆိုရုံလေးငုံတယ်။ ပြီးတော့ သူ့အနောက်မှာရပ်နေတဲ့ ရှမ်းဝတ်စုံ နဲ့လူကြီးကို ပြန်ကမ်းပေးလိုက်တယ်။ ဟိုလူကြီးကလည်း ရေကိုမသောက်ဘူးဗျ. .။ ခွက်ကိုဒီအတိုင်းပဲ တယုတယကိုင်ထားတယ်။ ဒီတော့မှ လူရွှယ်က သက်ပြင်းကို ချပြီး. . .

'သူကြီးဖိုးထယ်အနေနဲ့ ကိုယ်တော်ကိုအခုလိုအနီးကပ် ဖူးခွင့်ရတဲ့အတွက် ဝမ်းသာနေမှာပဲ မဟုတ်ဘူးလား. . .'

လူရွှယ်ရဲ့အမေးကြောင့် သူကြီး တအင်းအင်းတအဲအဲ နဲ့ ဘယ်လိုပြန်ဖြေရမှန်းမသိဘဲ ယောင်တောင်ပေါင်တောင်ဖြစ်သွား တယ်။ သူ့ခမျာ နန်းတွင်းကမင်းသားဟုတ်မှန်း မဟုတ်မှန်းမှမသိ တာ. . .။ ဒါကြောင့် မနေသာတဲ့အဆုံး ပြောင်ပဲဖွင့်မေးလိုက်တယ်။

'ဒါနဲ့ ကိုရင်ရဲ့အမည်နာမနဲ့ ဒီကိုရောက်လာရခြင်းအကြောင်း အရင်းမြွက်ပါဦး. . .'

သူကြီးစကားကို လူရွှယ်က ခါးကိုမတ်လိုက်တယ်။ သူကြီးက ပခုံးလေးကျုံ့ပြီးကြည့်တယ်။ နှုတ်ခမ်းမွေးစစမျက်လုံး မျက်ဖန်ကောင်းကောင်းနဲ့ ကြည်ညိုချင်စရာရုပ်ပဲ. . .။

'ကျုပ်ရဲ့နာမည်က နေဗလလို့တွင်တယ်. . . ရာထူးကတော့ နန်းတွင်းအတွင်းဝန်ရဲ့ ကွမ်းအစ်ကိုင် အို. . . ဒါတွေ ပြောနေလို့ သူကြီးသိမှာမဟုတ်ဘဲ. . . အဲ ဒီကိုရောက်လာရ ခြင်း အကြောင်းရင်းက ကျုပ်တို့မြန်မာပြည်ကို ကျူးကျော်စော်ကားနေသူတွေကို

www.burmeseclassic.com


ပြန်လည်တိုက်ထုတ်ဖို့ ဟောဒီရွာအရှေ့ဖျားက အောင်ဓမ္မစေတီမှာ အောင်မြေလာနင်းတာပဲ. . .'

လူရွှယ်စကားကြောင့် သူကြီးမျက်မှောင်ကြုတ်သွားတယ်။ နောက် သူမသိတာတွေကိုမေးတယ်။

'နေပါဦး. . . ကျုပ်တို့မြေကို ဘယ်သူတွေက ကျူးကျော်လာလို့လဲ. . .'

သူကြီးစကားကြောင့် လူရွှယ်စိတ်ဆိုးသွားသလိုဟန်မျိုးနဲ့ သူ့အရှေ့ကကြမ်းပြင်ကိုပုတ်ပြီး. . .

'အင်္ဂလိပ်တွေဗျ. . . အင်္ဂလိပ်တွေ'

သူကြီးမျက်မှောင်ကြုတ်သွားတယ်။ ပြီးတော့ ခေါင်းကို ခပ်ဖွဖွကုတ်ပြီး. . .

'အင်း. . . ကြားတော့ကြားဖူးသလိုပဲ. . . ဘယ်နားကြားဖူးမှန်းတော့မမှတ်မိတော့ဘူး. . . အဲ. . . ဒါနဲ့ နေစမ်းပါဦး. . . သူတို့က ကျုပ်တို့လိုလူတွေပဲလား. . .'

သူကြီးရဲ့အူကြောင်ကြောင်စကားကြောင့် လူရွှယ်ရုပ်ချက်ချင်းတည်သွားတယ်။ ပြီးတော့ သူကြီးကိုစေ့စေ့ကြည့်ပြီး. .

'ခင်ဗျားနောက်နေတာလား. . .'

သူကြီးကခေါင်းကို ခပ်သွက်သွက်ခါပြလိုက်တယ်။ ပြီးတော့ ပြန်ပြောတယ်။ "နောက်ပါဘူးနော်. . .'တဲ့။ အေးလေ အင်္ဂလိပ်ဆိုတာ သူမှမသိတာ။ သူမှမဟုတ်ဘူး တစ်ရွာလုံးကို မသိတာဘဲ. . .။

လူရွှယ်သက်ပြင်းချပြန်တယ်။ တစ်လောကလုံးမှာ ဒီလူငယ် သက်ပြင်းချအသန်ဆုံးဖြစ်မယ်လို့ သူကြီးထင်နေတယ်။

'အင်္ဂလိပ်ဆိုတာ ကျုပ်တို့လိုလူတွေဗျ. . . ဒါပေမယ့် သူတို့မှာ လူဖြူနဲ့ လူမည်းနှစ်မျိုးကွဲတယ်. . . လူဖြူတွေက သခင်တွေ၊ လူမည်းတွေက ကျွန်တွေ. . .'

သူကြီး သူ့ကိုယ်သူပြန်ကြည့်တယ်။ ပြီးတော့ သူ့ပေါင် သူ့လုန်

www.burmeseclassic.com



ကြည့်တယ်။ ခန္ဓာကိုယ်နဲ့စာရင် ပေါင်ကပိုဖြူနေတယ်။ ဒါကို သူကြီးက သူ့ပေါင်သူလက်ညှိုးထိုးပြီး. . .

'အင်္ဂလိပ်ဆိုတာ ဒီလောက်ဖြူလား. . .'

လူရွယ်က စိတ်ဆိုးသွားသလိုဟန်မျိုးနဲ့. . .

'ဟာ. . . ဒို့ထက်ပိုဖြူတာပေါ့ဗျ. . .'

လူရွယ်စကားလည်းကြားရော သူကြီးခေါင်းညိတ် တယ် နောက် သူ့အနောက်ဘက် လူတွေဘက်လှည့်ပြီး. . .

'ဆရာတော်ဟောဒါမှန်တယ်ကွ. . .'

သူကြီးစကားကို အားလုံးခေါင်းညိတ်ထောက်ခံကြ တယ်။ လူရွယ်ကတော့ သူကြီးတို့အုပ်စုကို အထူးအဆန်းသဖွယ် ငေးကြည့်နေတယ်။ သူတို့စဉ်းစားမိတာက တစ်မျိုးဖြစ်နေလိမ့် မယ်။ ဒါကိုသူကြီးက. . .

'ဆက်ပြောပါဦးကိုရင်ရ. . . ဒီလူဖြူတွေက ဒီကိုဘာလာလုပ် တာလဲ. . .'

'နယ်ချဲ့တာပေါ့ဗျ. . နယ်ချဲ့တာ. . .'

လူရွယ်က ဒေါသတကြီးအော်တယ်။ သူကြီးက မျက်မှောင် ကြုတ်တယ်။ ပြီးတော့ ခေါင်းကုပ်တယ်။ သူ့စိတ်ထဲ မရှင်းဘူးဖြစ် နေတယ်။

'နယ်ချဲ့တယ်. . နယ်က ချဲ့စရာလိုလို့လား. . .'

'ချဲ့စရာလိုလို့ ချဲ့တာပေါ့ဗျ. . .'

သူကြီးစကားကို လူရွယ်က ဒေါသတကြီးဖြတ်အော်တယ်။ ဒါကို သူကြီးကသူ့ခေါင်းသူကုတ်ပြီး . . .

'သြော်ဗျာ. . . နယ်များချဲ့ရတယ်လို့. . . ဒီလောက်နေစရာ မရှိရင်လည်း ပြောလိုက်စမ်းပါဗျာ. . . အဲဒီအင်္ဂလိပ်တွေကို ကျုပ်တို့ရွာ လာနေကြပါလားလို့. . . မြေလွတ်မြေရိုင်းတွေ အပုံကြိုက်တဲ့နေရာ ပန္နက်ရိုက်ပြီး တက်နေလို့ရတယ်. . . သူကြီးဖိုးထယ်က ခွင့်ပြုတယ်

www.burmeseclassic.com


လို့. . . . ဟားဟား. . .'

သူကြီးက သူ့စကားသူ သဘောကျပြီးရယ်တယ်။ သူ့လူတွေကလည်း ပြုံးပြီးခေါင်းညိတ်တယ်။ သူတို့လည်း စိတ်ကောင်းရှိကြတယ်ဆိုတဲ့သဘော. . .။ ဒါကိုလူငယ်က. . .

'ဟာဗျာ. . . ခင်ဗျားကြီးကလည်း'

ဆိုပြီးခေါင်းကို တဖြင်းဖြင်းကုပ်တယ်။ ဘာပြောလို့ ပြောရမှန်းမသိဘူး။ ဘယ်လိုရှင်းပြလို့ ရှင်းပြရမှန်းမသိဘူး။ ကိုယ့်တိုင်းပြည်ကိုနယ်ချဲ့လာပါတယ်ဆိုတဲ့ အင်္ဂလိပ်တွေကိုတောင် သူ့ရွာလာနေဖို့ဖိတ်ခေါ်နေတယ်ဆိုတော့ စဉ်းစားသာကြည့်တော့ နည်းနည်းလေးကြာတော့မှ လူရွယ်လည်း စဉ်းစားမိပြီး. . .

'မဟုတ်ဘူးဗျ. . . သူတို့က နယ်ချဲ့ရုံတင်မကဘူး. . ကျုပ်တို့မြေက သယံဇာတတွေကို ယူရုံတင်မကဘူး. . . ကျုပ်တို့ဆီက သားပျိုသမီးပျိုတွေပါ ဖျက်ဆီးပစ်ကြတာ. . .'

'ဘာဗျ. . .'

လူရွယ်ရဲ့စကားကြောင့် သူကြီးခေါင်းထောင်သွားတယ်။ လူရွယ်ရဲ့စကားက အခုမှ သူ့ရင်ထဲထိသွားပုံရတယ်။ ဒါကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး. . .

'ကျုပ်တို့ဆီက သယံဇာတတွေအပြင် သားပျိုသမီးပျိုတွေပါဖျက်ဆီးတယ်. . . ဟုတ်စ. . .'

သူကြီးစကားကို လူရွယ်က ခပ်အေးအေးပဲ ခေါင်းညိတ်ပြ တယ်။ ဒါကို သူကြီးက လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီး. .

သူကြီးရဲ့ ရုတ်တရက်အမေးကို လူရွယ်ကယောင်ပြီး ခေါင်းညိတ်တယ်။ သူပြောတာက တစ်မျိုး၊ သူကြီးနားလည်ပုံက တစ် မျိုး. . .။ ဒါပေမယ့် ကိစ္စမရှိဘူး။ နားလည်တယ်ဆိုရင်ပဲ ကျေနပ်ရ မှာ. . . .။

'ကဲ ဒါဆို. . . ဒီအင်္ဂလိပ်ဆိုတဲ့ကောင်တွေကို ပြန်ချေမှုန်းဖို့

www.burmeseclassic.com

ကျုပ်တို့ဘာကူညီပေးရမှာလဲ. . . ပြော. . .'

သူကြီးရဲ့အားတက်သရောအပြောကို လူရွှယ်ကပြုံးလိုက် တယ်။

'ဘာမှမလိုပါဘူး. . . ကျုပ်တို့ဘာသာကျုပ်တို့ စီမံမှာပါ၊ အခု ဒီကိုလာရရင်းအကြောင်းရင်းကလည်း ဒီအင်္ဂလိပ်တွေကို တော်လှန်ဖို့ အောင်မြေလာနင်းတာပါ. . .'

'အောင်မြေ. . .'

လူရွှယ်ရဲ့စကားကို သူကြီးက သံယောင်လိုက်တယ်။ လူရွှယ် က ပြုံးပြီးခေါင်းညိတ်တယ်။

'ဟုတ်တယ်. . . အောင်မြေလာနင်းတာ. . . ကျုပ်တို့ အရေး တော်ပုံအောင်ဖို့အတွက် 'အောင်'ပါတဲ့ဘုရားရှစ်ဆူလှည့်ပတ်ပြီး အောင် မြေနင်းခဲ့ပြီးပြီ. . . ကိုးဆူမြောက်အောင်မြေဖြစ်တဲ့ ဟောဒီရွာအဝင် အောင်ဓမ္မစေတီမှာ နောက်ဆုံးအောင်မြေအဖြစ် နင်းတာပါ. . .'

လူရွှယ်ရဲ့စကားကို သူကြီးစိတ်ဝင်စားသွားပြီး. . .

'အဲဒီတော့ ကျုပ်တို့က ဘာကူညီရမှာလဲ. . .'

လူရွှယ်က ဖွဖွလေးပြုံးလိုက်တယ်။ ပြီးမှ. . .

'ဘာမှ ကူညီစရာမလိုပါဘူး. . . အဲ ဒါပေမယ့် ဟောဒီည သန်းခေါင်ယံအတိမှာ ဟောဒီအောင်ဓမ္မစေတီက ရောင်ခြည်တော်ပွင့် တာကို ကြည့်ချင်ဖူးချင်ရင် လာခဲ့ကြပေါ့. . .'

'ဟင်'

❋ ❋ ❋

www.burmeseclassic.com

**ဟော**ဒီည ဆယ့်နှစ်နာရီမှာ ရွာအဝင်အောင်ဓမ္မစေတီက ရောင်ခြည်တော်ပွင့်မယ်ဆိုတဲ့သတင်း ရွာအတွင်း ခဏချင်းပျံ့နှံ့သွားတော့တယ်။ ရွာမှာကသိတယ်မဟုတ်လား. . .။ ကွဲနှစ်ကောင်ခတ်တာကအစ ဘယ်ကွဲနိုင်မယ်ဆိုတာ သိချင်ကြ တာလေ. . .။ အခုလို ဘုရားက ရောင်ခြည်တော်ပွင့်မယ်ဆိုတော့ ဆွေ့ဆွေ့ကိုခုန်ကြရော. . .။ ရွာလုံးကျွတ်ပဲ. . .။ အောင်ဓမ္မစေတီကို နေ့ခင်းထဲက လာကြည့်နေကြတာ. . .။ပြီးတော့ ရောင်ခြည်လွှတ်ချိန်ဖူးခွင့်ရရင် ပိုပြီးဆုတောင်းပြည့်တယ် ဆိုလားပဲ. . .

မင်းသားဆိုတဲ့ လူရွှယ်နဲ့ဆရာကြီးကတော့ ဂရုမစိုက်ဘူး။ ဘုရားခြေရင်းက ညောင်ပင်ကြီးနားအောင်မြေလို့ သတ်မှတ်ပြီး ရာဇမတ်ကြီးကာပြီးဝင်နေတာ. .။ ရာဇမတ်ကိုက သူကြီးက ကာပေးတာပေါ့. . .။ မင်းသားဆိုသူ တောင်းဆိုလို့ ရာဇမတ်ကို လူကြီး

www.burmeseclassic.com



နှစ်ရပ်စာ ကာပေးရတယ်။ ပြီးတော့ အဲဒီနေရာက ရွာဇရပ်နဲ့က အနီးကလေးရယ်. . .

ဆိုးတာက တစ်ရွာလုံး ရုတ်ရုတ်သဲသဲနဲ့ ရောက်နေကြတာ ပဲ. . .။ တချို့ကလည်း အိမ်မှာတောင် ထမင်းမချက်တော့ဘူး။ ကလေး တွေပါ ခါးထစ်ခွင်ပြီး ရွာထိပ်ဇရပ်ထဲမှာပဲ တပျော်တပါး လာချက်စား နေကြတာ။ ဒီကြားထဲ ဘီလူးသူငယ်ချင်းကြွကြီးက ရွာဇရပ်ကို ရေနံချေး သုတ်ပေးမယ်ဆိုပြီး ဇရပ်ခေါင်မိုး လှေခါးထောင်ပြီး ဇရပ်ဘီလူးစွယ်ကို ရေနံချေးတက်သုတ်နေတာ. . .။ အမှန်တော့ သူက ရေနံချေးသုတ် ချင်လို့မဟုတ်ဘူး။ ရာဇမတ်ထဲက မင်းသားနဲ့ ဆရာကြီးဘာတွေလုပ် ကြမယ်ဆိုတာ သိချင်လို့ ဇရပ်ရေနံသုတ်ချင်ယောင်ဆောင်ပြီး အပေါ်စီး က တက်ကြည့်နေတာ. . .။ ရာဇမတ်က လူကြီးနှစ်ရပ်ကျော်ကျော် ဆိုတော့ အောက်မှမမြင်ရဘဲကိုး. . .။

တစ်ရွာလုံး မီးဖိုတဲ့လူဖို၊ ရေခပ်တဲ့သူခပ်နဲ့ ရောက်ယက်ခတ် နေတော့ သူကြီးမနေနိုင်တော့ဘူး။ ဘုရားရောင်ခြည်တော်ပွင့်သည် အထိ တစ်ရွာလုံးကြည့်ရအောင်ဆိုပြီး သူကိုယ်တိုင် ထမင်းဒကာခံမယ် ဆိုပြီး ပြောလိုက်တော့မှ နည်းနည်းနားအေးသွားတယ်။ ချက်ဖို့ပြုတ်ဖို့ က ဒေါ်လှကြည်တာဝန်ယူ. . .။ ကျန်တဲ့သူတွေက ဝိုင်းကူပေါ့. . .။ တစ်ရွာလုံး အားတက်သရောပါပဲ ဝိုင်းကူကြတာ. . .။

သူကြီးက ထမင်းကျက်ရင် ဆရာကြီးကို ထမင်းစားဖို့သွား ပြောတယ်။ ဟိုနှစ်ယောက်လုံးခေါင်းခါတယ်။ မစားဘူးတဲ့။ ပြီးတော့ ဆရာကြီးရဲ့ပြာတွေကိုပဲ လျက်နေကြတယ်။ ကြာတော့ သူကြီးမနေနိုင် တော့ဘူး။ အဲဒီပြာဟာ ဘာပြာလဲ သိချင်လာတယ်။ ဒါကြောင့် ဆရာ ကြီးဆိုသူနားကပ်ပြီး. . .

'နောင်ကြီး. . . နောင်ကြီး လျက်လျက်နေတာ ဘာပြာလဲ. . '

ဆရာကြီးက ပြာလျက်လျက်တန်းလန်းနဲ့ သူကြီးကိုပြန်ကြည့် တယ်။ ပြီးတော့မှ မဖြေချင်ဖြေချင်ပုံစံမျိုးနဲ့ ပြန်ဖြေတယ်. . .

www.burmeseclassic.com


'ပြဒါးပြာ. . .'

ဆရာကြီးရဲ့အဖြေကြောင့် သူကြီးမျက်ခုံးနှစ်ခုလုံး မြင့်တက်သွားတယ်။ နောက်ပြီး အရောင်လက်တဲ့ မျက်လုံးအစုံနဲ့ ဆရာကြီးကိုကြည့်ပြီး ထပ်မေးတယ်။

'အဲဒါ ဘာကောင်းလို့လဲဟင်. . .'

ဆရာကြီးက ပြာကိုလက်ညှိုးနဲ့ကပ်ပြီး ပါးစပ်နဲ့ လျက်လိုက် တယ်။ ပြီးမှ သူကြီးနားကပ်ပြီး. . .

'အဟာရသိဒ္ဓိပြီးတယ်'

'ဟင်. . .'

သူကြီးမျက်လုံးကြီး ပြူးထွက်သွားတယ်။ သိပြီ. . .။ ဆရာ ကြီးနဲ့ မင်းသားဆိုတဲ့လူငယ် ဘာလို့ထမင်းမစားကြသလဲ ဆိုတာသိပြီ။ အဟာရသိဒ္ဓိပြီးတဲ့ ဒီပြဒါးပြာကိုလျက်နေကြလို့ကိုး. .။ ဒီပြာကို သူကြီး ပိုပြီးလိုချင်သွားတယ်။ ဒါကြောင့် ဣန္ဒြေတောင်မဆောင်နိုင်တော့ဘဲ. . .

'ကျုပ် ကျုပ်ကိုရော နည်းနည်းပေးလို့ရမလားဟင်'

သူကြီးရဲ့ခပ်တိုးတိုးစကားကိုပဲ ဆရာကြီးက မျက်မှောင်ကြုတ်ပြီး သူကြီးကိုဝေ့ကြည့်တယ်။ ဘာမှမပြောဘူး။ လှုပ်လည်းမလှုပ်ဘူး။ သူကြီးက နှုတ်ခမ်းမွေးထောင်ရုံလေးပြုံးပြလိုက်တယ်။

'အဟီး. . .'

သူ့ခမျာလည်း သူကြီးတန်မဲ့ စကားမှားမှာစိုးရသေးတာကိုး. . .။ ဒါပေမယ့် မမှားဘူး။ ဆရာကြီးက သူ့အိတ်ထဲက ဘူးတစ်ဘူးကိုထုတ်တယ်။ ပြီးတော့ ဘူးထဲက ပြာတချို့ကို သူကြီးရဲ့ လက်ဖဝါးပေါ်ခေါက်ချပေးလိုက်တယ်။ သူကြီးက ပျာပျာသလဲနဲ့ ပြာတွေကို လက်ဖဝါးနဲ့ခံတယ်။ ပြီးတော့ ဟန်တောင်မဆောင်နိုင်ဘဲ လက်ညှိုးနဲ့ ပြာတွေကို ကောက်ယူပြီး ပါးစပ်ထဲထည့်လိုက်တယ်။

'အင်'

www.burmeseclassic.com


ပြာတွေ ပါးစပ်ထဲရောက်သွားတာနဲ့ သူကြီး မျက်လုံးပြူးတက်သွားတယ်။ ပြီးတော့ လက်ညှိုးလေးစုပ်လျက်သား ဆရာကြီးကို ပြန်လှည့်ကြည့်တယ်။ ဆရာကြီးက ဘာမှမသိသလို ဟန်မျိုးနဲ့ သူကြီးကို မျက်လုံးလေးစင်းပြီး ကြည့်နေတယ်။ ဒါကြောင့် သူကြီးလည်းရှက်ပြီး ပါးစပ်ထဲရောက်ပြီးသား လက်ညှိုးကို သွားနှစ်ဖက်ပွတ်တိုက်လိုက် တယ်။ နောက်မှ ပက္ခုတ်ခနဲဆွဲထုတ်ပြီး ဆရာကြီးနားကပ်ကာ တိုးတိုးလေးပြောတယ်။

'ငန်တယ်နော်. . .'

သူ့အမေးကို ဆရာကြီးက မျက်မှောင်ကြုတ်လိုက်တယ်။ ပြီးမှ ခပ်တည်တည်နဲ့. . .

'ရေသွားသောက်လိုက်. . .'

ကပျာကယာပဲ သူကြီးဘေးနားရေအိုးစင်က ရေတစ်ခွက်ခပ်သောက်လိုက်တယ်။ ခုနငန်နေတဲ့ပြာက ရေထိလိုက်တော့ အံ့သြလောက်အောင် ချိုဆင်းသွားတာပဲ. . .။ ဒါကိုဆရာကြီးက. . .

'ဘယ့်နှယ့်လဲ ချိုလား. . .'

ဆရာကြီးအမေးကို သူကြီး ကပျာကယာခေါင်းညိတ်လိုက်ပြီး. . .

'ချိုတယ်'

'အေး. . . ချိုရင်ဆက်လျက်. . . ဒါက ဘုန်းကံရှိတဲ့သူတွေ လျက်မှချိုတာ. . .'

ဆရာကြီးစကားကြောင့် သူကြီးဘဝင်မြင့်သွားတယ်။ ဟုတ်တယ်လေ ပြဒါးပြာက ဘုန်းကံရှိတဲ့သူလျက်မှ ချိုတာတဲ့ကိုး။ သူ့ကိုယ်သူလည်း ဘုန်းကံရှိသူဆိုပြီး ကျေနပ်သွားတယ်။ သူ့စိတ်ထဲမှာလည်း ထမင်းတောင်မဆာတော့သလို ဖြစ်သွားတယ်။ ဒါကြောင့် ဆရာကြီးကိုတောင် စကားဆက်ပြောမနေတော့ဘဲ ရွာသားတွေဘက်လှည့်လို့ ဟိတ်ဟန်တစ်ခွဲသားနဲ့ လှည့်ပတ်ငေါက်တော့တာ။

www.burmeseclassic.com


'ဟေ့ လုပ်ကြလုပ်ကြ. . . နေမမြင့်ခင်ထမင်းစားနိုင်အောင် ကြိုးစားကြ. . . ဟေ့. . . ဟိုကောင်မောင်ကောင်း ထင်းသယ်လေကွာ. . . တယ် ငါ့စိတ်နဲ့တော့ မဖြစ်ပါဘူး. . .၊ ကိုယ်တိုင်သာဝင်လုပ်လိုက်ချင်တယ်. . .၊အခု ပြဒါးပြာလျက်နေရတာနဲ့ မအားလို့. . .'

ဆိုပြီး ပြာလေးလျက်ကာလျက်ကာနဲ့ ဂုဏ်ယူနေတယ်။ ရွာသားတွေအားလုံးကလည်း လူလယ်ခေါင် ပြာထိုင်လျက်နေတဲ့ သူကြီးကို တအံ့တသြကြည့်ကြတယ်။ ဘာလဲ ဘာကောင်းသလဲပေါ့။ လူတွေကြည့်လေ သူကြီး ပိုဘဝင်မြင့်လေမို့ အားလုံး မမြင်မြင်အောင် ပြဒါးပြာတွေလျက်ပြနေရင်းက. . .

'ဟဲ့. . . ဒေါ်မြိုင်. . . မီးထိုးပါဟ. . . ဘာကြောင်ကြည့် နေတာလဲ. . . ငါ့ကို မင်းသားများအောက်မှတ်နေလား. . . လုပ်ပါဟ. . . ဟေ့ဟ. . . ကျုပ်က ပြဒါးပြာလျက်နေရတော့ မအားလို့ ဝင်မလုပ်တာနော်. . . ဟားဟား. .'

ဆိုပြီးညာသံတောင်ပေးလိုက်သေးတယ်။ ပြီးတော့ လူအားလုံးရှေ့ဖြတ်လျှောက်ပြီး ပြာတလျက်လျက်နဲ့ ဂိုက်ပေးကြွမ်းနေတယ်။ ဒီပြာမျိုးက သူလိုဘုန်းကံရှိသူလျက်မှချိုတယ်ဆိုတာကိုး. . .

'အရီးဒေါ်ပုံ. . . ကြက်သွန်လှီးတာ တယ်နှေးသကိုး မြန်မြန်လှီးပါဗျ. . . တော်ကြာ ကလေးတွေဆာကုန်မှဖြင့် ကျုပ်ကတော့ အကြောင်းမဟုတ်ဘူး. . . အာဟာရသိဒ္ဓိပြီးစေတဲ့ ပြဒါးပြာရထားပြီးပြီဆိုတော့ မဆာ. . .'

သူကြီးက ပြောရင်းပြောရင်းနဲ့ စကားရပ်သွားတယ်။ မီးဖိုရှေ့ဖြတ်လျှောက်မိချိန်မှာ မီးဖိုပေါ်က ဟင်းနံ့ရသွားတာကိုး။ ဟင်းနံ့ဆွဲဆောင်မှုကြောင့် ခုနမဆာဘူးထင်ရတဲ့ဗိုက်တကျုတ်ကျုတ်နဲ့ မြည်သွားတယ်။ ဒါပေမယ့် ဒါစိတ်ကထင်တာဖြစ်မယ်လေလို့အောက်မှတ်ပြီး စကားထပ်ဆက်တယ်။

'မဆာတတ်တော့ဘူးဗျ. . . ပြဒါးလေ. . . ပြဒါးပြာ'

www.burmeseclassic.com


ဆိုပြီး ပြောမိပြောရာပြောကာ ရေအိုးစင်က ရေတစ်ခွက် ခပ်သောက်လိုက်တယ်။ ရေသောက်လိုက်တိုင်း ပြာက ချိုချိုဆင်းသွားတာပဲ. . . .။ အဲဒီတော့မှ သူ့စိတ်ထဲတကယ် မဆာတော့သလိုဖြစ်သွားတယ်။ ရွာသားအားလုံးက သူကြီးဖြစ်နေပုံကို အထူးအဆန်းလို ဝိုင်းကြည့်နေတယ်။ ဒါပေမယ့် မီးဖိုနားတော့ထပ်မဖြတ်တော့ဘူး။ ဆာတယ်ပြန်ထင်မှာစိုးလို့. . .။

မင်းသားနဲ့ ဆရာကြီးကတော့ ရာဇမတ်ကာအတွင်းထဲဝင်ပြီး ကန်တော့ပွဲတွေ ခေါင်းလောင်းတွေနဲ့ ဘာတွေစီမံနေတယ်ရယ် မသိဘူး။ ဦးခုံသံတွေ ခေါင်းလောင်းသံတွေ ဆူညံနေတော့တာ။ ရွာသားအားလုံးကလည်း စိတ်ဝင်တစားနဲ့ မသိမသာကြည့်ကြတယ်။ ကြည့်သာကြည့်နေတာ အထဲမှာဘာလုပ်နေတယ်ဆိုတာ ဘယ်လိုမှ သဲသဲကွဲကွဲမမြင်ရဘူး။ အဲဒီအချိန်မှာပဲ. . .

'မင်းသားတစ်ပါး ဟုတ်လား. . . ဘာမင်းသားလဲ. . . ဇာတ်မင်းသားလား. . . ကလိမ်ကကျစ်မင်းသားလား. . . ဟားဟား ဘာမင်းသားဆိုတာ ရှင်းရှင်းပြော. . . ဘီလူးလှဦးတို့က မင်းသားသောဘာသော ရွေးတာမဟုတ်ဘူး. . . လူကိုက လူပျက်. . . ဟက်ဟက်ဟက်. . .'

ကြားလိုက်ရတဲ့အသံကြောင့် အားလုံးလှည့်ကြည့်ကြတယ်။ ဘီလူး. . .။

ဘီလူးကိုမြင်တော့ အားလုံးမျက်နှာပျက်ကုန်တယ်။ ရာဇမတ်ကာထဲ ဦးခုံနေတဲ့ မင်းသားမျက်နှာကြီး ရဲတက်သွားတယ်။ ဟုတ်တယ်လေ ဘယ်က ကလေကချေ အရက်သမားမှန်း မသိတဲ့သူက လူအထင်ကြီးလေးစားနေတဲ့အချိန်မှာ ရောက်လာပြီး လာသရော်နေတာကိုး. . .။ ဒါကြောင့် ရာဇမတ်ကာထဲက ဒေါကြီးမောကြီးထွက်လာပြီး. . .

'သူကြီး. . . . ဒီလူက ဘယ်သူလဲ. . .'

www.burmeseclassic.com


သူကြီးက မင်းသားကိုဝေ့ကြည့်တယ်ဆိုရုံပဲ ဝေ့ကြည့်တယ်။ နောက် ဘီလူးကိုတောင်မကြည့်ဘူး။ ဟင်းချက်နေတဲ့ ဒေါ်လှကြည် ဘက်လှည့်ပြီး. . .

'ဒေါ်လှကြည်. . . ဒီကောင့်ကို ခိုင်းစရာရှိတာ ခိုင်းလိုက်စမ်း. . .'

သူကြီးစကားကို ဒေါ်လှကြည်က ကပျာကယာခေါင်းညိတ်တယ်။ ပြီးတော့ သူ့နားကချိုင့်တစ်ခုကို ဆွဲယူပြီး ဘီလူးဘက်လှည့်ပေးကာ. . .

'ရော့. . . ဒီမှာ ဟင်းအိုးထဲထည့်ဖို့ ငရုတ်သီးစိမ်း သွားချိုးခဲ့. . .'

ဒေါ်လှကြည်က နဂိုဘီလူးကို ကြည့်မရသူမို့ ခပ်ဆတ်ဆတ်ပြောတယ်။ ဘီလူးက သူကြီးတစ်လှည့် ဒေါ်လှကြည်ကမ်းပေးတဲ့ချိုင့်တစ် လှည့်ကြည့်တယ်။ နောက် ဘာစိတ်ကူးပေါက်တယ်ရယ်မသိဘူး။ ဒေါ်လှကြည်ကမ်းပေးတဲ့ချိုင့်ကို ဖြတ်ခနဲဆွဲယူပြီး ဘာမှဆက်မပြောတော့။ ရွာဘက်ပြန်လှည့်သွားတယ်။ ဒီတော့မှ သူကြီးလည်း သူပိုင်ပါတယ်ဆိုတဲ့အပြုံးမျိုး ပြုံးပြီး မင်းသားဘက်လှည့်ပြီး. . .

'မလွယ်ဘူး ကိုရင်ရ. . . ရပ်ရွာအုပ်ချုပ်ရတယ်ဆိုတာ. . . ဒီကောင်က ဒီရွာနီးချုပ်စပ်မှာတော့ နာမည်ကျော် လူမိုက်ကလေးပေါ့ဗျာ. . . ဒါပေမယ့် ကိစ္စမရှိပါဘူး. . . ဖိုးထယ်ဟေ့ဆိုရင် ငြိမ်းပါတယ်. . . ဒါတောင် ကျုပ်က ပြဒါးပြာလျက်နေတဲ့အချိန်မို့ နောက်မဟုတ်ရင် ဒီကောင့်ခေါင်းတော့ ကွမ်းသွေးစားလောက်ပြီ. . . ကဲကဲ. . . ကိုရင်လည်း လုပ်စရာရှိတာ ဆက်လုပ်ပါ. . .'

သူကြီးကအရှိန်ရတုန်းမို့လားမသိဘူး။ ကြွားမိကြွားရာကြွားတာ။ ပြဒါးပြာရဲ့ မူလဘူတပိုင်ရှင်မင်းသားကိုပါ ပြန်ကြွားမိသွားတယ်။ မင်းသားက ဂရုစိုက်မိသလား မစိုက်မိသလားတော့ မသိဘူး။ သက်ပြင်းတော့ချတယ်။ ပြီးမှ. . .

www.burmeseclassic.com


'ဒါဆိုလည်း ကျုပ်တို့ အချိန်မီအောင် ဆက်ပြီးစီမံရတာပေါ့. . . ဒါပေမယ့် အောင်မြေနင်းတဲ့ကိစ္စဆိုတော့ စည်းပေါက်လို့မရဘူး. . . အခုချိန်ကစပြီး ရာဇမတ်ကာနဲ့ တစ်လံကွာထက်ပိုပြီး မကပ်ကြဖို့ သူကြီးကြပ်မတ်ပေးပါ. . .'

ဆိုပြီး ရာဇမတ်ကာထဲပြန်ဝင်သွားတယ်။ သူကြီးကတော့ ပြုံးတုံးတုံးနဲ့ ပြာလေးလျက်ပြီး. . .

'အခုချိန်ကစပြီး ရာဇမတ်ကာနဲ့ တစ်လံကွာထက်ပိုပြီး ကပ်လို့မရတော့ဘူးနော်. . . ကပ်လို့ကတော့ ခုပြဒါးပြာလျက်နေရလို့ မလုပ်သေးဘူး. . . မနက်ဖြန်တော့ ငါနဲ့ အတွေ့ပဲ. . .'

သိပ်မကြာဘူး။ ဘီလူးလှဦး ချိုင့်ကလေးကိုင်ပြီး ပြန်ရောက်လာတယ်။ ပြီးတော့ သူ့လက်ထဲကချိုင့်ကို ဒေါ်လှကြည်ဆီ "ရော့" ဆိုပြီး ထိုးပေးလိုက်တယ်။

ဒေါ်လှကြည်ကလည်း ဘီလူးလှဦးကို မှတ်ပလားဆိုတဲ့ အထာမျိုးနဲ့ မျက်စောင်းချီပြီး ချိုင့်ကိုလှမ်းယူတယ်။ ပြီးတော့ ချိုင့်ကိုဖွင့်ကြည့်လိုက်တော့ ဒေါ်လှကြည် မျက်လုံးပြူးတက်သွားတယ်။ ပြီးတော့. . . .

'အောင်မလေးတော့ ဖားဖား. . .'

ဒေါ်လှကြည်ရဲ့ ကြောက်လန့်တကြားအော်သံကြားရတယ်။ ပြီးတော့ တုန်တက်သွားတယ်။ ဟုတ်တယ် ချိုင့်ထဲပါလာတာက သူအကြောက်ဆုံး ဖားပျံ. . . .။

ဖားပျံကို အရှင်လတ်လတ်မြင်လိုက်ရတော့ ဒေါ်လှကြည် မျက်လုံးပါ ကလယ်ကလယ်ဖြစ်ပြီး ကတုန်ကယင်ချိုင့်ကို ဒီအတိုင်းကြောင်ကိုင်ထားမိတယ်။ သူလည်း ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေပုံရတယ်။ အဲဒီအချိန်မှာပဲ ဖားပျံက သူ့ကိုယ်ပေါ် ဖတ်ခနဲ ခုန်တက်လိုက်တော့. . .

'အောင်မလေး ကယ်တော်မူကြပါဦးတော့. . .'

www.burmeseclassic.com


ဆိုပြီး ငယ်သံပါအောင်အော်လို့ ချိုင့်ကို အားကုန်လွှင့်ပစ်လိုက်တယ်။ ဖြစ်ချင်တော့ သူပစ်လိုက်တဲ့ချိုင့်က ဘေးနားမှာ မီးထိုင်ထိုးနေတဲ့ ကပ္ပိယကြီးဦးဇာတာရဲ့နဖူးကို တိန်ခနဲမှန်ရောပဲ. . .'

သူ့ခေါင်းပေါ် ရုတ်တရက်ကျလာတဲ့ချိုင့်အရှိန်ကြောင့် ကပ္ပိကြီးလည်းလန့်သွားပြီး. . .

'ဟိုက်. . . ဘာကြီးလဲဟ. . . အင်းဟာ အင်းဟာ. .'

ဆိုပြီး လက်ထဲကိုင်ထားတဲ့ ထင်းမီးချောင်းနဲ့ အရှေ့က ကြက်သွန်ထိုင်နွှာနေတဲ့ အရီးဒေါ်ပုံဖင်ကို ယောင်တိယောင်ကန်းနဲ့ ထိုးထည့်လိုက်မိတယ်. . .

'အောင်မလေး သေပါပြီတော့. . . အရပ်ကတို့ ကယ်တော်မူပါ. . .'

မီးအပူရှိန်ကြောင့် အရီးဒေါ်ပုံလည်းလန့်ပြီး ကြက်သွန်လှီးဓားကိုပင် ပစ်မချနိုင်ဘဲ. . .

"အောင်မလေးထိုးတယ်တော့ . . . ကျုပ်တော့ပြေးပြီ"

ဆိုပြီး ကြောက်အားလန့်အားနဲ့ ထပြေးတယ်။

ဖြစ်ချင်တော့ သူပြေးသွားတာက ဇရပ်မျက်နှာကျက်မှာ ရေနံတက်သုတ်နေတဲ့ ကျွဲကြီးရဲ့လှေကားတည့်တည့်။ သူ့ကိုယ်လုံးနဲ့ လှေကားဝုန်းခနဲတိုက်မိပြီး လှေကားထိပ်မှာချိတ်ထားတဲ့ ရေနံပုန်း ဖုန်းဆိုပြုတ်ကျလာတယ်။

'ကျပဟ. . .'

ကျွဲကြီးအော်လို့တောင် မဆုံးဘူး။ ရေနံပုန်းက ဇရပ်ဘေး ခွေးခြေမြင့်ကြီးပေါ်မှာ ခြေဖျားလေးထောက်ပြီး ရာဇမတ်ကာထဲကို ချောင်းနေတဲ့ နတ်ကတော်ဒေါ်မြိုင်ခေါင်းကိုအုန်းခနဲ စွပ်ကျသွားတယ်။ ရုတ်တရက် ထင်မှတ်မထားတဲ့အခြေအနေမို့ ဒေါ်မြိုင်လည်းကြောက်လန့်ပြီး. . .

'အောင်မလေးတော့ ကန်းပါပြီ. . . ဘာ. . . ဘာကြီးလဲ'

www.burmeseclassic.com


ဆိုပြီး ကြောက်အားလန့်အားနဲ့ ဝုန်းဆိုခုန်ချလိုက်တာ ခုန အရီးဒေါ်ပုံတိုက်ချသွားတဲ့ ရေနံလှေကားကို တွယ်မိရက်သားဖြစ်သွားတယ်. . . လှေကားက လမ်းကြောင်းပြောင်းပြီး ရာဇမတ်ကာထားတဲ့ ဖျာကြမ်းကြီးထဲကျသွားတယ်. . . ကျတာမှ ရာဇမတ်ကာထဲက မင်းသားရဲ့ ကုပ်ပေါ် ဖုန်းဆို ခွလျက်သားကျသွားတယ်. . .

'ဟိုက် ကျပဟ. . . ဘာကြီးလဲဟ. . .'

မင်းသားဆီက ကျယ်လောင်တဲ့ အော်သံကြားရတယ်။ နောက်ဆက်ပြီး. . .

'ဟဟ ဘာကြီးအုပ်နေတာလဲ. . . ဘာမှမမြင်ရတော့ဘူး. . . လုပ်ပါဦး. . . လုပ်ကြပါဦး. . .'

ဆိုတဲ့ မင်းသားရဲ့ငယ်သံပါအော်သံဆက်ကြားရတယ်။ ကြည့်လိုက်တော့ မင်းသားရဲ့ခေါင်းပေါ် ဒေါ်မြိုင်ရဲ့ထဘီက အုပ်နေပြီ။

မင်းသားလည်း သူ့ခေါင်းထဘီအုပ်နေပြီမို့ယောင်ပြီး

'ဟဲ့ ဟဲ့ မလှုပ်နဲ့ မလှုပ်နဲ့လေ. . .'

ဒါကို ဒေါ်မြိုင်ကလည်း သူပြုတ်မကျအောင် ထဘီကြားကနေ မင်းသားရဲ့ လည်ပင်းကို ညှစ်ထားတယ်။

'ဟဟ. . . ညှစ်ပြန်ပဟ. . . ညှစ်ပြန်ပဟ. . . ဘာနဲ့ ညှစ်နေတာတုန်း. . . ယားတယ်နော်. . . ယားတယ်'

မင်းသားက ကြောက်အားလန့်အားနဲ့ အော်မိအော်ရာ စွပ်အော်တယ်။ အခြေအနေကရုတ်ခြည်းကို ရုတ်ရုတ်သဲသဲ ဖြစ်သွား တယ်။ ဘယ်သူက ဘာလုပ်ပေးရမှန်းမသိဘူး။ အရီးဒေါ်ပုံက ပြေး တုန်း။ ကွဲကြီးကလည်း ဇရပ်မျက်နှာကြက်ပေါ် တွဲလဲခိုတုန်း၊ လှေကားမှ မရှိတော့တာ. . .။ ဒေါ်လှကြည်ကလည်း တက်နေတုန်း၊ ကပ္ပိယကြီးကလည်း မီးရာ မီးနဲ့ လိုက်ထိုးတုန်း၊ မင်းသားကလည်း ထဘီအုပ်နေတုန်း. . .။

ကြာတော့ မင်းသားမခံနိုင်တော့ဘူးထင်တယ်။ သူ့ ကုပ်ပေါ်

www.burmeseclassic.com

ခွစီးထားတဲ့ နတ်ကတော်ဒေါ်မြိုင်ကို 'အင်းဟာ'ဆိုပြီး ပစ်ချလိုက်တယ်။
ဖုန်းခနဲမြည်သံနဲ့အတူ "အောင်မလေးတော့ သေပါ ပြီ" ဆိုတဲ့ ဒေါ်မြိုင်ရဲ့ အော်သံကြားရတယ်။ ရုတ်ရုတ်သဲသဲ အခြေအနေမို့ သူကြီး လည်းပြေးသွားပြီး. . .
'ဟော့ဟော့. . . ဘာဖြစ်ကြတာလဲ. . .'
သူကြီးရဲ့အမေးကို မင်းသားက ရုတ်တရက်မဖြေနိုင် သေး ဘူး။ သူ့ခေါင်းပေါ် ဖရိုဖရဲဖြစ်နေတဲ့ခေါင်းပေါင်းကို ဖလား ဖလားနဲ့ ခါထုတ်နေတယ်။ ခေါင်းမှာ ဆံပင်တွေကလည်းပွလို့ ပခုံးမှာလည်း ရေတွေစိုလို့. . .။ ကြည့်ရတာ ဒေါ်မြိုင်ကြီး မင်းသားကုပ်ပေါ်ကျတုန်း ကြောက်သေးဖျန်းသွားပုံရတယ်။
'ဟော့. . . ဘာဖြစ်ကြတာလဲလို့ မေးနေတယ်လေ. . .'
ဘယ်သူမှပြန်မဖြေတော့ သူကြီးက စိတ်ဆိုးပြီးထပ်မေး တယ်။ ဒါကို မင်းသားကခေါင်းပေါင်းခါရင်း. . .
'ဘာဖြစ်ရမှာလဲဗျ. . . ကျုပ်ကုပ်ပေါ် ဒီအဒေါ်ကြီးခုန်ချ လို့. . .'
ကြည့်လိုက်တော့ ဒေါ်မြိုင်က မြေကြီးပေါ်က မထနိုင်သေး ဘူး။ မင်းသားပစ်ချတဲ့အရှိန်နဲ့ ခါးအတော်နာသွားပုံရ တယ်။ သူကြီးက မျက်မှောင်ကြုတ်ပြီး. . .
'ဟဲ့ မမြိုင်. . . နင်က ဘာလို့သူ့အပေါ်ခုန်ချတာလဲ'
သူကြီးရဲ့အမေးကို ဒေါ်မြိုင်ကခါးကိုကိုင်ရင်း. . .
'ကျုပ် ခုန်ချချင်လို့ ခုန်ချတာမဟုတ်ဘူး. . . ကျုပ် ခေါင်းပေါ် ကျွဲကြီး ရေနံချေးပုန်း ပစ်ချလို့ လန့်ပြီးခုန်ချတာ. . .'
ဒေါ်မြိုင်ရဲ့စကားကြောင့် သူကြီး ပိုစိတ်ဆိုးသွားပြီး ကျွဲကြီး ဘက်လှည့်လို့. . .
'ဟေ့ကောင် ကျွဲကြီး ရေနံချေးပုံးကို ဘာလို့ပစ်ချရတာလဲကွ ဟေ. .'

www.burmeseclassic.com

'ကျုပ်ပစ်ချတာ မဟုတ်ဘူး သူကြီး. . . ကျုပ်လှေကားကို အရီးဒေါ်ပုံက ဝင်တိုက်လို့ သူ့ဘာသာသူပြုတ်ကျသွားတာ. . .'

သူကြီး ဒေါ်ပုံဘက်လှည့်လိုက်ပြန်တယ်။

'ဒါဆို အရီးဒေါ်ပုံက ဘာလို့လှေကားကို ဝင်တိုက်ရတာ လဲ. . .'

'ကျုပ်ဖင်ကို ကပ္ပိယကြီးက မီးနဲ့ထိုးလို့ လန့်ပြီးပြေးမိပြေးရာ ပြေးရင်းက ဝင်တိုက်မိတာ. . .'

သူကြီးဒေါသက ကပ္ပိယကြီးဆီလှည့်သွားပြန်တယ်။

'ကပ္ပိယက အရီးဒေါ်ပုံကိုဘာလို့ မီးနဲ့ထိုးတာတုန်း'

'ကျုပ်နဖူးကို ဒေါ်လှကြည်က ချိုင့်နဲ့ပစ်လို့ ယောင်ပြီးထိုး မိတာ. . .'

'ဒေါ်လှကြည်က ကပ္ပိယကိုဘာလို့ချိုင့်နဲ့ပေါက်တာလဲ'

'ဟို ဟို. . . ချိုင့်ထဲမှာ ဖားပျံတွေလို့. . .'

'အဲဒီ ဖားပျံကချိုင့်ထဲ ဘယ်လိုရောက်လာတာလဲ. . .'

'ဘီလူး. . .'

ဘီလူးအသံကြားတော့ သူကြီးမျက်ခုံးအစုံမြင့်တက်သွား တယ်။ ဒါကို ဒေါ်လှကြည်က ဆက်ပြီး. . .

'ဘီလူးက ချိုင့်ထဲ ဖားပျံထည့်သွားတာ. . .'

'တောက်'

ဒေါ်လှကြည်ရဲ့အဖြေစကားတောင်မဆုံးဘူး သူကြီးရဲ့ တောက်ခတ်သံကြားရတယ်။ မျက်နှာကြီးလည်းနီရဲလို့. . .။ မျက်လုံး မှာလည်း အခိုးတွေထွက်လာတယ်။

'အဲဒီဘီလူး ဘယ်ရောက်သွားလဲကွ. . . ဟေ. . .'

သူကြီးအမေးကို ဘေးနားရှိတဲ့လူတွေက. .

'ပြေးပြီ. . . သူကြီး ပြေးပြီ ဟိုမှာ. . .'

ကြည့်လိုက်တော့ ဘီလူးထွက်ပြေးသွားတာ ဖင်ပိုင်းပဲ မြင်ရ

www.burmeseclassic.com


တော့တယ်။ ဖုန်တွေလည်း မှုန်ထလို့. . .။

ဘီလူးပြေးသွားတာလည်းမြင်ရော သူကြီးပိုလို့ဒေါသထွက်သွားပြီး. . .

'ဟေ့ကောင် အုန်းမောင်. . . အဲဒီကောင်ကိုမိအောင်လိုက်ဖမ်းစမ်း. . .'

ဆိုပြီး အမိန့်ပေးလိုက်တယ်။ အုန်းမောင် ခေါင်းညိတ်ပြီး ဘီလူးနောက် မှုန်နေအောင်ပြေးလိုက်သွားတယ်။ ဒီတော့မှ သူကြီး လည်း သက်ပြင်းကိုချ မင်းသားဘက်လှည့်လို့ ခန့်ခန့်ကြီး ပြောလိုက် တယ်။

'ကိုရင်လုပ်စရာရှိတာဆက်လုပ်ပါ. . . ခုနကဟာကိုလည်း အကြံအစည်အောင်မှာမို့ ရွှေမိုးငွေမိုးရွာတာလို့ပဲ အောက်မှတ်လိုက်ပါ'

'ရွှေမိုး ငွေမိုး. .'

သူကြီးရဲ့စကားကို မင်းသားက သံယောင်လိုက်တယ်။ သူကြီး က ခန့်ခန့်ကြီးခေါင်းညိတ်တယ်။ သူကြီးကိုကြည့်ပြီး မင်းသားလည်း ကြောင်တောင်တောင်နဲ့ ရေရွတ်တယ်။

'ရွှေမိုး ငွေမိုး. . . ရွှေမိုး ငွေမိုး. . . သြော် . . . ရွှေမိုး ငွေမိုး ကလည်း နွေးတေးတေး မွှေးတေးတေးကြီးပါလားနော်'

မင်းသားရဲ့စကားကို ဒေါ်မြိုင်က ကတုန်ကယင်နဲ့ တိုးတိုး လေး ရေရွတ်ပြန်တယ်။

'ဒါတောင် တညင်းသီးမစားခဲ့မိလို့ပါတော်. . ' တဲ့. .။

မင်းသားက "သြော်"လို့ရေရွတ်ပြီး ဒေါ်မြိုင်တစ်လှည့် သူကြီး တစ်လှည့်ကြည့်ပြီးတော့ သဘောပေါက်သွားသလို ခေါင်း တဆတ် ဆတ်ညိတ်တယ်။ ပြီးမှ မာန်ပြန်သွင်းလိုက်တယ်။ ပြီးမှ သက်ပြင်း ကိုချပြီး. . .

'ကဲ ဒါဆိုလည်း ရွှေမိုးငွေမိုး တညင်းသီးမိုး. . . အဲလေ. . . နံ့သာမိုးရွာပြီးပြီမို့ . . . အကြံအစည်အောင်မြင်အောင် ကျုပ်တို့ဆက်

www.burmeseclassic.com


စီရင်မယ်. . . ရွှာသားတွေအားလုံး ဘုရားရောင်ခြည်တော်ပွင့်တာ မမြင်လိုက်ရဖြစ်မှာစိုးလို့ ဘုရားကိုသာ မမှိတ်မသုံ ကြည့်ကြပါ တော့. . .'

ဆိုပြီး ရာဇမတ်ကာထဲပြန်ဝင်သွားတယ်။

ရွှာသားအားလုံးလည်း အဲဒီတော့မှ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး ဘုရားနဲ့အနီးဆုံးနေရာကို နေရာယူလိုက်ကြတယ်။ အဲဒီအချိန်ကစပြီး သူတို့ရဲ့စိတ်ထဲမှာ ခုနကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ အားလုံးမေ့သွားပြီ. . .။

ဘီလူးလည်းမရှိတော့ဘူး။ ရွှေမိုးငွေမိုးလည်းမရှိတော့ဘူး။ ကုန်ကုန်ပြောမယ်။ ထမင်းစားဖို့တောင် သတိမရကြတော့ဘူး။ သူကြီးကတော့ ပြဒါးပြာဆိုတာလေးလျက်ကာလျက်ကာနဲ့ ကြွေ့နေတုန်း. . .။

www.burmeseclassic.com

**နေ**ဝင်ပြီ. . .။

ဒီနေ့ကပဲ နေအဝင် စောသလားမပြောတတ်ဘူး။ အစောကြီးကိုမှောင်ကျနေတာ. . .။ရွာသားတွေအားလုံးလည်း ရွာအဝင်ဝကအောင်ဓမ္မစေတီရောက်နေကြလို့ တစ်ရွာလုံး မှောင်ညို့ပြီး တိတ်ဆိတ်နေတော့တာ. . .။ ဘုရားရှေ့မှာငုတ်တုတ် ထိုင်နေကြတဲ့ရွာသားတွေကလည်း အသံတောင်မထွက်ဘူး။ စေတီကိုပဲ မမှိတ်မသုန်စိုက်ကြည့်နေတယ်။ ဘယ်အချိန်မှာ ရောင်ခြည်တော်ပွင့်မလဲလို့. . .။ သူကြီးကိုယ်တိုင်ကကို အရှေ့ဆုံးမှာထိုင်ပြီး ပြဒါးပြာလေးလျက်ကာလျက်ကာနဲ့ စေတီကိုပဲ စိုက်ကြည့်နေတယ်။ သူ့ခမျာလည်း ရေသောက်တာများလို့ ဗိုက်ကြီးကယ်နေတော့ အပေါ့အပါးထသွားချင်နေပြီ။ နို့ပေတဲ့ သူအပေါ့သွားနေတဲ့အချိန် ရောင်ခြည်တော်ပွင့်သွားမှာစိုးလို့ ထမသွားဘူး။ ဒီအတိုင်းပဲ ပေပြီးအောင့်ထားတယ်။

www.burmeseclassic.com


စောသေးလို့ထင်တယ်။ ရောင်ခြည်တော်ကပွင့်မလာသေး ဘူး။

ရာဇမတ်ကာထဲက မင်းသားနဲ့ ဆရာကြီးကလည်း ဘာတွေ မန်းမှုတ်နေတာရယ်မသိဘူး။ အသံတွေဆူဆူညံညံနဲ့ တချွင်ချွင် တချွမ် ချွမ်ကြားရတယ်။ တစ်ခါတစ်ခါများ ထခုန်လိုက်သလား အောက် မှတ်ရတယ်။ မြေကြီးတွေ တဖွားဖွားလွင့်ထွက်လာကြတယ်။

ဒါပေမယ့်. . .။

ရောင်ခြည်တော်က မပွင့်သေးဘူး။

ညနက်ပြီ. . .။

ညသန်းခေါင်ယံအချိန်ရောက်လုပြီ။ ရောင်ခြည်တော်ပွင့် တော့မှာမို့ ရွာသားတွေတုတ်တုတ်တောင်မလှုပ်ဘူး။ ယုတ်စွအဆုံး မျက် တောင်တောင်မခတ်ဘူး။ ဘုရားရောင်ခြည်တော်ပွင့်ရင် မမြင် လိုက်ရမှာစိုးလို့။ သူကြီးတောင်မှ ပြဒါးပြာကို ဆက်မလျက်တော့ဘူး။ စေတီကိုပဲစိုက်ကြည့်နေတော့တာ. . .။ သူ့ခမျာလည်း ဆက်မလျက် နိုင်တော့ဘူးလေ. . .။ ပြာလျက်လိုက် ရေသောက်လိုက်ဆိုတော့ ဗိုက် ကလည်း အတော်ကယ်နေပြီ။ ဆီးကလည်းသွားချင်နေပြီ။ ရေငတ် တာကတော့ ပြောမနေနဲ့တော့။ ပါးစပ်ထဲ 'ငန်ကျိကျိနဲ့မို့ အာခေါင်ပါ ခြောက်နေပြီ. . .။ ဒါပေမယ့် လုံးဝမထဘူး။ ရောင်ခြည်တော်ပွင့်ရင် မမြင်လိုက်ရမှာစိုးလို့. . .။

ရာဇမတ်ကာထဲက တချွင်ချွင် တချွမ်ချွမ်အသံတွေ ရုတ်ခြည်း ငြိမ်ကျသွားတယ်။ အဲဒီအသံတွေလည်း ငြိမ်ကျသွား ရော ပတ်ဝန်း ကျင်တစ်ခုလုံး ချောက်ချားလောက်အောင် တိတ်ဆိတ်သွားတယ်။

'ဟယ်'

ဒေါ်မြိုင်ရဲ့အာမေဋိတ်သံ။ အားလုံးခေါင်းထောင်ပြီး စေတီ ကိုကြည့်ကြတယ်။ ဘာများထူးခြားပြီလဲပေါ့. . .။ ဘာမှ မထူးခြားဘူး။ အရင်အတိုင်းပဲ မှောင်နေတုန်း။ ဒါကြောင့် အားလုံးဒေါ်မြိုင်ကို ဝေ့

www.burmeseclassic.com

ကြည့်ကြတယ်။ ဒေါ်မြိုင်က သွားလေးဖြဲပြီး. . .

'ဘာမှမဟုတ်ဘူး. . . ဇီးကွက်များ ဖြတ်ပျံသွားသလား လို့. . .'

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်။ ပြီးတော့ စေတီ ကိုပဲ မမှိတ်မသုန်ပြန်ကြည့်နေကြတယ်။ သူကြီးတစ်ယောက်က မျက်မှောင်ကြုတ်လိုက် စဉ်းစားလိုက်ဖြစ်နေတယ်။ ရာဇမတ်ထဲက အသံတွေ ဘာလို့တိတ်သွားရသလဲပေါ့. . .။ သူ့စိတ်ထဲမှာလည်း သံသယဖြစ်လာပုံရတယ်။ ဒါပေမယ့် မထရဲဘူး။ တကယ့်ဘုရားက ရောင်ခြည်တော်ပွင့်ရင် မမြင်လိုက်ရမှာစိုးလို့. . .။ အဲဒီအချိန်မှာပဲ ကျယ်လောင်တဲ့အသံက. . .

'သူကြီး သူကြီး. . . ဗျို့သူကြီး. . .'

အော်သံကြားလို့လှည့်ကြည့်လိုက်ကြတော့. . .

ဘီလူး. . .။

ဘီလူးရေးကြီးသုတ်ပျာနဲ့ပြေးချလာတယ်။ သူ့ကိုယ်မှာလည်း ချွေးတွေရွှဲနစ်လို့. . .။ ဘီလူးကိုမြင်တော့ သူကြီးစိတ်ဆိုးသွားပြီး. . .

'မင်း ဘာလာရှုပ်ပြန်တာလဲကွ ဟေ. . .'

သူကြီးရဲ့ဒေါသတကြီးစကားကို ဘီလူးက. . .

'ကျုပ် လာရှုပ်တာမဟုတ်ဘူးဗျ. . . ကုန်ပြီဗျ. . . တစ်ရွာလုံးကုန်ပြီ. . .'

ဘီလူးရဲ့အထူးအဆန်းစကားကြောင့် ရွာသားတွေ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်။

'ဘာကုန်တာလဲကွ. . . ဘာကုန်တာလဲ ဟေ. . .'

'ဘာကုန်ရမှာလဲဗျ. . . ခင်ဗျားတို့မင်းသားနဲ့ ဆရာကြီးဆိုတာ ရွာထဲဝင် မ,လို့ကုန်ပြီ. . .'

'ဟင်. . .'

'ဟာ. . .'

www.burmeseclassic.com


'အလို. . .'

ဘီလူးရဲ့ မထင်မှတ်တဲ့စကားကြောင့် တစ်ရွာလုံး အံ့အားသင့်သွားကြတယ်။ ပြီးတော့ အာမေဍိတ်သံတွေ ထွက်လာတယ်။

'ဘယ်လိုကုန်တာလဲ. . . မင်းသားနဲ့ ဆရာကြီးက ရာဇမတ်ကာထဲရှိနေတာပဲ. . .'

'အေးလေ. . . ဘယ်မှမထွက်ဘဲ ဘယ်လိုဝင်မှာလဲ'

'ဒီကောင် ရောင်ခြည်တော်ပွင့်တာနဲ့လွဲအောင် တမင် လာနှောင့်ယှက်တာနဲ့တူတယ်'

စသည်ဖြင့် ပွစိပွစိဖြစ်ကုန်တယ်။ ဒါကို သူကြီးက. . .

'အေးလေ. . . ဟေ့ကောင်. . မင်းသားနဲ့ ဟိုဆရာကြီးက ဒီရာဇမတ်ကာထဲကမှ မထွက်တာ ဘယ်လိုဝင်မှာလဲ'

သူကြီးရဲ့ အူကြောင်ကြောင်စကားကြောင့် ဘီလူးစိတ်မရှည်တော့သလိုဟန်မျိုးနဲ့. . .

'အာ. . . ဒီမှာကြည့် ဘာမင်းသား ဘာဆရာကြီးမှမရှိတော့ဘူး. . .'

ဆိုပြီး ရာဇမတ်ကာကြီးကို အားလုံးမြင်အောင် ဝုန်းဆို တွန်းလှဲလိုက်တော့. . .

'ဟင်'

'အလို'

'အို'

'မရှိတော့ဘူး. . .'

'ဟာ. . . ဟိုမှာ တွင်းကြီး တွင်းကြီး. . .'

အာမေဍိတ်သံတွေ ဆူညံသွားပြန်တယ်။ ဟုတ်တယ်။ သူတို့မြင်လိုက်ရတာက ရာဇမတ်ကာထဲက လေးပေပတ်လည် လောက်ရှိတဲ့ တွင်းကြီး. . .။

အားလုံးကြောင်ငေးပြီး တွင်းကြီးကိုကြည့်နေကြတယ်။ ဒါကို

www.burmeseclassic.com


ဘီလူးက. . .

‘ကဲ. . . မြင်ပြီမဟုတ်လား၊ အဲဒီလူလိမ်နှစ်ယောက် ဒီတွင်းကြီးထဲက ဆင်းပြီးပြေးပြီဗျ. . . ပြေးပြီ. . .’

အဲဒီတော့မှ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး. . .

‘ဟင်. . . ဒါဆို ဘယ်ကိုပြေးတာလဲ. . . ဘယ်ကိုပြေးတာလဲ. . .’

‘အေး. . အချိန်မီလိုက်ကြရအောင်. . .’

‘ပြောပါ မီအောင်လိုက်ကြရအောင်. . .’

စသည်ဖြင့် တစ်ယောက်တစ်ပေါက်နဲ့ ဆူညံနေတယ်။ ဒါကို ဘီလူးက တစ်ချက်စဉ်းစားလိုက်တယ်။ ပြီးမှ

‘မြစ်ဆိပ်ကို ဖြစ်လိမ့်မယ်ဗျ. . . မြစ်ဆိပ်ကို. . .’

ဘီလူးရဲ့စကားဆုံးတာနဲ့ ရွာသားအားလုံးက. . .

‘ဟာ ဒါဆို အချိန်မီလိုက်ကြရအောင်. . .’

‘ကဲ. . . မြစ်ဆိပ်ကိုသွားကြစို့. .’

‘တော့ ကိုဖိုးမောင်. . . ကျုပ်လည်းလိုက်မယ်’

စသည်ဖြင့် ဆူညံစွာအော်ဟစ်ပြီး မိန်းမတွေကအစ ကလေးတွေကအဆုံး မြစ်ဆိပ်ကိုတစ်ရွာလုံး ဒုန်းစိုင်းချသွားကြတယ်။ သူကြီးကတော့ ထိပ်ဆုံးကပေါ့. .။ ဆီးကတော့ အောင့်လက်စနဲ့ဆက်အောင့်သွားတယ်။

www.burmeseclassic.com

**သူတို့**အားလုံးမြစ်ဆိပ်ရောက်တော့ မင်းသားဆိုတဲ့ လှူငယ်က လှေပေါ်ရောက်နေပြီ။ ညဦးထဲကပျောက်နေတဲ့ ဖိုးသာအိုနဲ့ ဆရာကြီးကတော့ လှေကို ကမ်းပေါ်က တွန်းထုတ်နေတုန်း . . ။

'ဟေ့ . . . လူလိမ်တွေ မပြေးနဲ့ . . . '

သူကြီးရဲ့အောင်မြင်ခန့်ညားတဲ့ အသံလည်းကြားရော သုံးယောက်လုံး တုန်တက်သွားတယ်။ ပြီးတော့ ကုန်းတစ်ပိုင်း ရေတစ်ပိုင်းဖြစ်နေတဲ့လှေကို ရေထဲရောက်အောင် ကမန်းကတန်း တွန်းချတယ်။

'ဟေ့ကောင်တွေ မပြေးနဲ့လို့ပြောနေတာ မကြားဘူး လား . . . '

'ဒိုင်း . . . '

အော်သံနဲ့အတူ သူကြီးလက်ထဲက နှစ်လုံးပြူးက ပေါက်ကွဲ သံကြားရတယ်။ အဲဒီအသံလည်းကြားရော ရေထဲရောက်နေပြီဖြစ်တဲ့

www.burmeseclassic.com


မင်းသားက ဆရာကြီးနဲ့ ဖိုးသာအိုတောင် မစောင့်တော့ပဲ လှေကို ကမန်းကတမ်းလှော်ပြေးတယ်။ လှေလည်းထွက်သွားရော ဖိုးသာအိုနဲ့ ဆရာကြီးကုန်းပေါ်ကနေ တဟေ့ဟေ့ တဟာဟအော်မြည်ရင်းကျန်ခဲ့တယ်။

'ဟေ့ကောင်တွေ. . . အဲဒီလူလိမ်နှစ်ယောက်ကို ဖမ်းလိုက်စမ်း. . .'

သူကြီးရဲ့အမိန့်ပေးသံနဲ့အတူ ရွာသားတွေအားလုံး ဆရာကြီးနဲ့ ဖိုးသာအိုကို ဖမ်းထားလိုက်တယ်။ မင်းသားဆိုတဲ့ လူရွယ်ရဲ့လှေ ကတော့ ကမ်းနဲ့ အတော်ဝေးပြီး အစက်အပျောက်လောက်သာမြင်ရ တော့တယ်။ အဲဒီလူရွယ်လွတ်သွားတဲ့အတွက် သူကြီးရဲ့ဒေါသက ဖိုးသာအိုနဲ့ ဆရာကြီးဆိုသူအပေါ်ကို ကျရောက်သွားတယ်။

'ကဲ. . . မင်းတို့ ဘာငြင်းချင်သေးလဲကွ ဟေ. . .'

ဟိုနှစ်ယောက်လုံး ခေါင်းငုံ့သွားတယ်။ ဒါကို သူကြီးက

'ကိုင်း ပြောစမ်း. . . တို့ရွာကပစ္စည်းတွေ ဘယ်မှာလဲ ပြောစမ်း. . .'

'ဟို ဟို. . .'

'ပစ္စည်းတွေ ပစ္စည်းတွေက. . .'

သူကြီးရဲ့အမေးကြောင့် ဟိုနှစ်ယောက်လုံး ဘာပြောလို့ ပြောရမှန်းမသိဘဲ ယောင်နနတွေဖြစ်နေတယ်။ ပစ္စည်းတွေက သူတို့လက်ထဲ ရှိနေပုံမရဘူး။

အဲဒီအချိန်မှာ ကြားလိုက်ရတဲ့အသံက. . .

'ပစ္စည်းတွေက ဟောဒီမှာ သူကြီး. . .'

အသံကြားရလို့ လှည့်ကြည့်လိုက်တော့. . .

ဘီလူး. . .။

သူ့ရှေ့မှာလဲ အထုပ်ကြီးတွေပုံလို့။ သူ့ခြေရင်းမှာက ခေါင်းမှာ ဘုတစ်လုံးနဲ့ လဲကျနေတဲ့ မင်းသားလူလိမ်ရဲ့တပည့်။ သူ့ခမျာ ဘီလူး လက်ချက်မိပြီး မေ့နေပုံရတယ်။

www.burmeseclassic.com


ဘီလူးက လူအုပ်ကြီးဆီ ခပ်တည်တည်နဲ့ရင်ကော့ဝင်လာပြီး. . .

'ဒီမှာ ပစ္စည်းတွေပါသူကြီး. . . နေ့ခင်းလောက် ကတည်းက ဖိုးသာအိုနဲ့ မင်းသားရဲ့တပည့်ပျောက်နေတာကို မသင်္ကာလို့ လိုက်ကြည့်တော့ ဖိုးသာအိုက ဒီမြေအောက်လိုဏ်ခေါင်းရဲ့တစ်ဖက်မှာ ထိုင်စောင့်နေတာတွေ့ရပါတယ်. . . ဒီမြေ အောက်လိုဏ်ခေါင်းက ဟိုးရှေးမဆွ ဘုရားမတည်စဉ်ကတည်းကရှိခဲ့ပါတယ်၊ ဒါကြောင့်အဲဒီ မင်းသားနဲ့ ဒီလူကြီးရာဇမတ်ကာထဲ ဝင်နေကတည်းက ဒီလူတွေမြေအောက် လိုဏ်ခေါင်းတူးတော့မယ်ဆိုတာသိခဲ့ရပါတယ်. . . ဒီပြဿနာ မဖြစ်ခင် နှစ်ရက်လောက်ကတည်းက ဒီကောင်တွေ ညဘက် ဉစ္စာစောင့်လိုလိုနဲ့ ဒီနေရာလာတူးနေတာကျုပ်မြင်ခဲ့တယ်. . . ဒါပေမယ့် သူတို့ ဘာလုပ်မယ်ဆိုတာမသိလို့ ငြိမ်နေခဲ့တာ. . .'

ဘီလူးရဲ့စကားကြောင့် တစ်ရွာလုံးမျက်လုံးပြူးသွားတယ်။ ဒါကို သူကြီးက. .

'ဟင်. . . ဒါ. . . ဒါဆိုမင်းကဒါကို ဘယ်လိုသိနေတာလဲ"

သူကြီးအမေးကို ဘီလူးကပြုံးပြီး. . .

'ဟိုတစ်ခါကျုပ်ကို ဒေါ်လုံးတို့ ဒေါ်လှကြည်တို့ လိုက်ကတည်းက ကျုပ်ဒီလိုဏ်ခေါင်းထဲ ဝင်ပုန်းနေခဲ့တာ။ ဒါ နဂိုတည်းက ရှိခဲ့တာ။ ဘုရားဥပနာ လှိုဏ်ခေါင်းပဲ. . "။

"ဟင်. . ."

"အလို. . ."

"အို. . ."

ဘီလူးစကားကြောင့် အားလုံး အံ့အားသင့်သွားကြတယ်။ ဟုတ်တယ် ဒီနေရာမှာ ဒီလိုလှိုဏ်ခေါင်းမျိုး ရှိနေတယ်ဆိုတာ ဘီလူးတို့အရွယ်မပြောနဲ့ ရှေးလူကြီးတွေတောင် မသိခဲ့တာပဲ. . .။

"ဒါ. . . ဒါဆို. . . ငါ့ဘုရားမှာ လာဆုတောင်းတုန်း

က. . .”

ဒေါ်လှကြည်ရဲ့ စကားသံ. . .။ ဘီလူးက မိန့်မိန့်ကြီး ပြုံးပြီး. . .။

“ဟုတ်တယ် . . အဲဒါ ကျုပ်ဒီလှိုဏ်ခေါင်းထဲက ပြန်အော်တာ”

‘ဒီ. . . ဒီပစ္စည်းတွေက. . .’

‘ဒီပစ္စည်းတွေက တစ်ရွာလုံး ဘုရားရောင်ခြည်တော် ပွင့်မယ် ထင်ပြီး ရွာလုံးကျွတ်ဘုရားကို ရောက်နေတဲ့အချိန် ဟောဒီ မင်းသားရဲ့ တပည့်က တစ်အိမ်တက်တစ်အိမ်ဆင်းလိုက်ယူထားတာတွေပါ. . .’

‘ဟာ. . .’

‘ဟင်. . .’

‘အလို. . .’

‘ကုန်ပြီ. . . ကုန်ပြီ တစ်ရွာလုံးကုန်ပြီ. . .’

ဘီလူးရဲ့စကားကြောင့် အားလုံးအံ့အားသင့်သွားတယ်။ ဟုတ်တယ် ရွာလုံးကျွတ်ဘုရားရောင်ခြည်တော်ပွင့်တာ ကြည့်ဖို့ ရွာပြင်ရောက်နေတဲ့အချိန် ဒီကောင်က တစ်အိမ်တက်ဆင်း စိမ်ပြေနပြေတက်ယူနေတာဖြစ်မယ်။ ဒါကြောင့် သူကြီးကတော်ရဲ့ စိန်ဘယက်ကအစ ဘီလူးအမေ ဒေါ်တောရဲ့ ထဘီအဆုံးအားလုံးပါတယ်။ ဒီတော့မှ သူကြီး လည်းပိုတင်းသွားပြီး. . .

‘ဟော့ကောင်တွေ သူပြောတာဟုတ်သလား. . .’

သူကြီးရဲ့ဒေါသတကြီးအမေးကို နှစ်ယောက်လုံးခေါင်းညိတ်ပြီး. . .

‘ဟုတ် ဟုတ်ပါတယ်’

‘သူ သူပြောတဲ့အတိုင်းပါပဲ သူကြီး. . .’

နှစ်ယောက်လုံးရဲ့ ကတုန်ကယင်အဖြေကြောင့် သူကြီး သက်ပြင်းချတယ်။ နောက်အကျင့်ပါနေတဲ့အတိုင်း ပြာကိုလျက်ဖို့လက်ပြင်

www.burmeseclassic.com

တယ်။ အဲဒီတော့မှသူကြီးလည်း သတိရသွားပြီး မျက်မှောင်ကြုတ်သွား တယ်။ နောက် ဆရာကြီးဘက်လှည့်လို့. . .

'ဒီပြာတွေကရော ဘာပြာတွေလဲ. . .'

သူကြီးရဲ့အမေးကို ဆရာကြီးက ခေါင်းငုံ့လိုက်တယ်။ ဒါကို သူကြီးက အသံကိုမြှင့်ပြီး. . .

'ဟဲ့ ပြောလေကွာ. . .'

သူကြီးရဲ့အောင်မြင်တဲ့အသံကြောင့် ဆရာကြီး ကတုန် ကယင်ဖြစ်သွားတယ်။ နောက်ဘယ်သူ့ကိုမှ မကြည့်ဘဲ တိုးတိုးလေး ပြောတယ်။

'ငွေးသီးပြာ. . .'

'ဘာ. . .'

ဆရာကြီးရဲ့စကားကြားတာနဲ့ သူကြီး"ဘာ"ဆိုပြီး တစ်လုံးပဲ ရေရွတ်နိုင်ပြီး မျက်နှာကြီးနီတက်လာတယ်။ ပြီးတော့ ဘာစကားမှ ထပ် မဆက်နိုင်ဘဲ ပါးစပ်ကြီးဟပြီးငြိမ်နေတယ်။ နောက်အသားတွေ တဆတ်ဆတ်တုန်လာတယ်။ အခုမှ သူလည်းစဉ်းစားမိတော့တယ်။ ဟုတ်တယ်။ ငွေးသီးပြာမို့လို့ ရေသောက်လိုက်တိုင်း ချိုချိုနေတာ. . .။

ငွေးသီးလည်း ဒီအတိုင်းပဲလေ. . .။ စားလိုက်ချိန်သာ ဖန် သလိုလို ငန်သလိုလို ရှိပေမယ့် ရေသောက်လိုက်ရင် ဘာနဲ့မှမတူ အောင် ချိုဆင်းသွားတော့တာ. . .။ အခု ငွေးသီးပြာကလည်း ငွေးသီး ကို အခြောက်လှန်းပြီးတော့ ညက်နေအောင်ပြန်ကြိတ်ထားလို့ဖြစ်မယ်။ မူလအရသာမပျက်ပြန်ခံစားလို့ရနေတာ။ ဒါကိုသိမှ သူကြီး အသားပို တုန်တက်သွားတယ်။ ပြီးတော့ လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ် မျက်လုံးကိုပြူး၊ အံကြိတ်ပြီး

'အုန်းမောင်. . .'

'ရှိပါတယ် သူကြီးမင်း. . .'

သူကြီးရဲ့ဘေးနားအသင့်ရှိနေတဲ့ အုန်းမောင်က ထူးတယ်။

ဒါကို သူကြီးကလှည့်တောင်မကြည့်ဘဲ. . .

'ဒီလူညာတွေ လူလိမ်တွေကို ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်စမ်း. . .'

ဆိုပြီး အမိန့်ပေးတယ်။ ပြီးမှ ဟိုဆရာကြီးဘက်လှည့်လို့. . .

'ဟောဒီ ငွေးသီးပြာရှင်ကိုတော့ ငါးချက်ပိုပါစေ ဒါပဲ'

လို့မိန့်ပြီး ခြေလှမ်းကျဲကြီးနဲ့ ရွာဘက်လှည့်ဝင်သွားတယ်။ ခြေလှမ်းကျဲကြီးနဲ့လှမ်းသွားတာ အကြောင်းရှိတယ်။ သိတယ်မဟုတ်လား. . .။ သူ့ခမျာ တစ်နေကုန် ငွေးသီးပြာလေးလျက်လိုက် ရေလေးသောက်လိုက်လုပ်နေတာ ဗိုက်တွေကယ်ပြီး ရှူးကထွက်ချင်နေပြီ။ ဒါကြောင့် ဘယ်သူ့ကိုမှမကြည့်ဘဲ အမြန်ဆုံး သုတ်ခြေတင်သွားတော့တာ။ အိမ်တောင်မရောက်ပါဘူး။ ရွာအဝင်တောစပ်မှာတင် သူကြီးချုံကြီးတစ်ခုထဲ ခုန်ဝင်သွားတာတွေ့ရတယ်။

ပြီးတော့ ပုံပြင်ထဲက သူရဲမရယ်သံလိုလို တရှုံရှုံ တဟဲဟဲ အသံတွေကြားရတယ်။

မြင်တယ်။ ရွာသားတွေအားလုံးအဲဒါကိုမြင်တယ်။ ဒါပေမယ့် ဘာမှမပြောကြဘူး။ ဘာလို့လဲဆိုတော့ သူတို့သူကြီး လုပ်သမျှတင့်တယ်ထင်နေကြတာကိုးလို့. . .။

သူကြီးချုံထဲ ရှူးဝင်ပေါက်နေဦး သူတို့စိတ်ထဲမှာ သူကြီး ငါးမျှားချင်လို့ ချုံထဲခါချဉ်ဥဝင်နှိုက်နေတယ်လို့ သဘောထားပြီးသား. . .။

အဲဒီကိစ္စနဲ့ ပတ်သတ်ပြီး တစ်ရွာလုံးက ဘီလူးရဲ့ စိတ်ရင်းကို အသိအမှတ်ပြုကြတယ်။ ဘယ်သူကမှတော့ သူ့ကို ကျေးဇူးတင်ပါတယ်မပြောရဲဘူး. . .။ ကျေးဇူးတင်ထိုက်သူစာရင်းထဲ ဘီလူးကိုထည့်လို့မရဘူးလေ. . .။ အဲဒီလို ကျေးဇူးတင်ပါတယ် သွားပြောလိုက်ရင် ဘီလူးတို့ ရောင့်တက်လိုက်မယ့်ပုံများ. . .။ ဒါပေမယ့်သူကြီးကတော့ ဘီလူးအစွမ်းအစကို အသိအမှတ်ပြုလိုက်မိပုံရတယ်။ ဒါကြောင့် ကိုရင်ကြက်ပုထန်းတောက ဘီလူးတို့သောက်နေကျ ထန်း

www.burmeseclassic.com

ကောက်ပင်ကို ငွေနှစ်ကျပ်နဲ့ ဘီလူးကို အပိုင်ဝယ်ပေးလိုက်တော့တာ။ အဲဒီထဲက စပြီး ဘီလူးတို့ မြေကြီးပေါ်တောင် မဆင်းတော့ဘူး။ ထန်းကောက်ပင်ပေါ်တင် လင့်စင်ထိုးပြီး နေ့မီးညမီးကူးအောင်ကို ဆော်တော့တာ။ ကျည်တောက်တွေ ဘာတွေလည်း ဆွဲမနေတော့ဘူး။ ထန်းနို့လေးလှီးပြီး ထန်းရည်အစက်ကျရာနေရာ ပါးစပ်လေးဟပြီး ပက်လက်လှန်အိပ်နေတော့တာ။ ကျည်တောက်ဆွဲရတာပျင်းလို့တဲ့. .။ ပြီးရော. . .။

သြော် ပြောရဦးမယ်။ ဟိုလူလည် ဆေးဆရာဖိုးသာအိုနဲ့ ဆရာကြီးကိုလည်း ရွာလယ်မှာတင် အုန်းမောင် ကျော်တစ်ရာ ရင်တစ်ရာနှက်တာများ ဝက်သတ်သလားတောင် အောက်မှတ်ရတယ်။ အော်တာများ ငယ်သံတောင်ပါတယ်။ ဟိုလူလည် မင်းသားရဲ့တပည့်ဆိုတာတော့ ပြောမနေနဲ့တော့ အစကတော့ လူစွမ်းကောင်းလိုလို ဘာလိုလိုနဲ့ တကယ်လည်းကျရော အုန်းမောင်နဲ့ ကြိမ်လုံးမြင်တာနဲ့ မေ့လဲသွားလို့ မနည်း နှာနှပ်ယူရတယ်။

ပြီးတော့ သုံးယောက်လုံး အဝတ်အစားတွေချွတ်ပြီး နံငယ်ပိုင်းနဲ့ ရွာကမောင်းထုတ်လိုက်ကြတယ်။

ပြန်ရတဲ့ပစ္စည်းတွေကိုတော့ သူကြီးပဲဦးစီးပြီး ကိုယ်ပိုင်ရာ ဆိုင်ရာပြန်လွှဲပေးလိုက်ကြတယ်။ တစ်ရွာလုံးလည်း ကိုယ့်ပစ္စည်းကိုယ် မပျောက်မပျက်ပြန်ရတာဆိုတော့ ပျော်တာပေါ့။ အပျော်ဆုံးကတော့ သိတယ်မဟုတ်လား. . .။ ဘီလူးပဲ. . . လင့်စင်ပေါ် ပက်လက်လှန်ပြီး စိတ်ကူးတွေယဉ်နေတော့တာ. . .။

သူကြီးကသူကြိုက်တဲ့ ထန်းကောက်ပင်ကိုတောင် လက်ဆောင်ပေးတယ်ဆိုတော့ နောက်တစ်ခါအရေးကြုံလို့ သူဖြေရှင်းနိုင်ရင် သူကြိုက်တဲ့ခင်မှုံကလေးကိုရော လက်ဆောင်ပေးမလားပေါ့. . .။ တကယ်ရမရတော့မသိဘူး။ သူ့စိတ်ကူးထဲမှာတော့ ခင်မှုံနဲ့သူ ထန်းပင်တွေကြား ပတ်ပြေးနေပြီ။ အဲဒီလို. . .

www.burmeseclassic.com


ရွာကလူတွေကလည်း သိတယ်မဟုတ်လား. . .။ သိပ်ပြီး အငြိုးအမှတ်မထားတတ်တော့ ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေကို အချိန်တိုတိုအတွင်းမှာတင် မေ့ပျောက်သလောက် ဖြစ်နေကြပြီ။

ဒါပေမယ့် မေ့ပျောက်လို့မရနိုင်တဲ့အဖြစ်တွေက ရှိသေးတယ်။ အဲဒါက ဟိုလူလိမ်မင်းသားပြောသွားတဲ့ အင်္ဂလိပ်တွေပဲ။

အင်္ဂလိပ်ဆိုတာ ဘယ်လိုလူမျိုးလဲ. . . လူဖြူ လူမည်း ဆိုတာ သူတို့တွေနဲ့ ဘယ်လိုကွာလဲ သိချင်နေကြတယ်။ အဲဒီအချိန်မှာပဲ ထင်မှတ်မထားတဲ့ အဖြစ်အပျက်တချို့ ဖြစ်ခဲ့သေးတယ်လေ။ အဲဒီ အဖြစ်အပျက်က ခုနပြောတဲ့ လူဖြူဆိုတာနဲ့ အဓိက ပတ်သတ်နေတယ်။ ဖြစ်ပုံက ဒီလိုပါ။

တစ်နေ့ တောထဲဝင်သွားတဲ့ ဒိုးပေ ဒရောသောပါးနဲ့ ရွာထဲ မျက်ကလဲဆန်ပျာပြေးဝင်လာတာက စတာပါပဲ. . .။

www.burmeseclassic.com

"အား . . ."

လူမမြင်ရသေးခင် ကြောက်လန့်တကြား အော်သံက ရွာကိုဖုံးလွှမ်းသွားတယ်။ နောက်မှ ရွာဘက်ကို ခြေကုန်သုတ်လာတဲ့ ဒိုးပေကိုတွေ့ရတယ်။ သူ့ခမျာပြေးသာပြေးလာတာ ဘယ်လောက် ကြောက်နေတယ်ရယ်တော့ မသိဘူး။ မျက်နှာကြီးက ဖျော့ပြီး မျက်လုံးကြီးကပြူးထွက်နေတယ်။

'ကယ်ကြပါဦးဗျို့. . . ကယ်ကြပါဦး. . . လူဖြူကြီး လူဖြူကြီး. . .'

အော်သံတွေက ဗလုံးဗထွေးနဲ့ . . . ဘာအော်လို့အော် နေမှန်းကိုမသိရဘူး။ သူ့ခမျာ တစ်ခုခုကိုကြောက်လန့်ပြီး ခြေကုန်သုတ်လာမှန်းတော့သိရတယ်။ အနောက်ကို တောင်လှည့်မကြည့်ဘူး။ ဒရောသောပါး ပြေးလာတာများ ဖုန်တွေကိုမှုန်ထနေတာ။

www.burmeseclassic.com


ကိုရင်ကြက်ပု ထန်းတောလည်းရောက်ရော သူ့ခမျာ မဟန်နိုင်တော့ဘူးထင်တယ်။ ဟပ်ထိုးဟပ်ထိုးနဲ့ကို လဲကျသွားတော့တာ။ ဆိုင်ထဲကလူတွေအားလုံးလည်း သူ့ကိုအထူးအဆန်းလို ဝိုင်းကြည့်နေကြတယ်။ ရုတ်တရက်မို့ ဘာလုပ်လို့လုပ်ပေးရမှန်းကိုမသိဘူး။ ဒိုးပေကလည်း လဲကျသွားတာနဲ့ ပြန်ကိုမထနိုင်တော့ဘူး။ မျက်ဖြူကြီးလန်ပြီးတက်မလိုဖြစ်နေတော့တာ. . .။

အဲဒီတော့မှ ဘီလူးတို့အုပ်စု သူတို့စံမြန်းရာ ထန်းပင်ပေါ်ကမန်းကတန်း ပြေးဆင်းလာတော့တာ။ သူတို့ ဒိုးပေနားရောက်တော့ ဒိုးပေကအသက်ရှူတောင်မမှန်ချင်တော့ဘူး။ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေပြီ။ အခြေအနေကို ရိပ်မိတဲ့ဘီလူးက. . .

'ဟ ဟ လုပ်ပါဦးဟ. . . ထန်းရည် ထန်းရည်အမြန် ပေးပါဦး. . .'

ဘီလူးရဲ့အော်သံကြောင့် ကွဲကြီးက ကမန်းကတန်းပဲ ကိုရင်ကြက်ပုဖွက်ထားတဲ့ ကျည်တောက်ကြီးတစ်ခု ပြေးဆွဲလာတယ်။ နောက်ဘီလူးက သတိမေ့နေတဲ့ ဒိုးပေရဲ့ပါးစပ်ကို အတင်းဖြဲပြီး ထန်းရည်တွေလောင်းထည့်လိုက်တယ်။

အောင်မာ. . .။ လူကသာ သေမလိုဖြစ်နေတာ ထန်းရည်ကျတော့ ရေတံလျှောက်ထဲလောင်းချလိုက်တဲ့အတိုင်းပဲ ကျည်တောက်တစ်တောက်လုံး ဖြုတ်ခနဲကုန်သွားတော့တာ။ ကျည်တောက်ထဲကထန်းရည်တစ်စက်တောင် မကျန်တော့မှ ဒိုးပေအော့ခနဲ လေတက်ပြီးသတိရသွားသလိုနဲ့ ငေါက်ခနဲထထိုင်တယ်။ ခဏပဲ. . .။ နောက်မျက်လုံးကလယ်ကလယ်နဲ့ ပြန်ဖြစ်သွားပြီး. . .

'လူဖြူဖြူကြီး. . . လူဖြူဖြူကြီး. . .'

ဆိုပြီး ဘီလူးရဲ့လက်ပေါ် ဖုတ်ခနဲပြန်လဲကျသွားတယ်။ ပြီးတော့ စောစောနားကအတိုင်း ဖုတ်လိုက်ဖုတ်လိုက်နဲ့ ပြန်တက်နေတယ်။ ဒါကိုအလိုက်သိတဲ့ဘီလူးက ထန်းရည်ကျည်တောက် နောက်

www.burmeseclassic.com

တစ်တောက် ပြေးဆွဲပြီး ဒုံးပေပါးစပ်ထဲ လောင်းချပေးလိုက်တယ်။ ငတိကလူသာသတိမရတာ ထန်းရည်မျိုဖို့ကျတော့ သတိအရ သား. . .။ လည်စလုတ်သာလှုပ်နေတာ မျက်လုံးကမပွင့်ဘူး။ ကျည်တောက် နောက်တစ်တောက်ကုန်သွားတော့မှ ဒုံးပေက သတိရလာသလို ငေါက်ခနဲ ထထိုင်တယ်။ ပြီးတော့. . .

'လူဖြူဖြူကြီး. . . လူဖြူဖြူကြီး. . .'

ဆိုပြီး ဆတ်ငင်ဆတ်ငင်နဲ့ ပြန်မေ့လဲမလိုလုပ်တယ်။ ဒါကို ဘီလူးက ဒုံးပေရဲ့ကုပ်ကိုဆွဲပြီး. .

'ဟေ့ကောင်. . . ဒုံးပေ ထန်းရည်ကကုန်ပြီကွ. . . မင်း မေ့လဲနေလို့လည်း အပိုပဲ. . .'

ဆိုမှ ဒုံးပေက ဆတ်ခနဲပြန်ထိုင်ပြီး ကျီးကြည့်ကြောင်ကြည့်နဲ့ ကြည့်တယ်။ သူ့ခမျာ ဘာကိုမှ ကောင်းကောင်းသတိရသေးပုံမရဘူး။ မျက်လုံးတွေက ကြောင်တောင်တောင်နဲ့ရယ်။ ဒါကို အလိုက်သိတဲ့ ဘီလူးက ဘေးနားဝိုင်းက ထန်းရည်ခွက်တစ်ခွက်ကိုယူပြီး ဒုံးပေပါးစောင်ထဲ လောင်းထည့်ပေးလိုက်ပြန်တယ်။ အဲဒီတော့မှ ဒုံးပေက အားရပါးရဟားခနဲ သက်ပြင်းတစ်ချက်ချတယ်။ ပြီးတော့ သူ့ကို ဝိုင်းကြည့်နေကြတဲ့သူတွေ အားလုံးကိုဝေ့ကြည့်တယ်။ ပြီးတော့ ဘေးနားက ထန်းရည်ခွက်တွေကို လိုက်ကြည့်တယ်။ ဘေးနားက မောင်စိုးတို့ဝိုင်းမှာ လက်ကျန်ရှိသေးတာမြင်တော့ ဆတ်ငင်ဆတ်ငင်က လုပ်ချင်သေးတာ။ ဒါကို ဘီလူးကကုပ်ဆွဲပြီး. . . .

'ဟေ့ကောင်. . . ပြောမှာဖြင့်ပြောကွာ. . . ငါတယ် စိတ်မရှည်တော့ဘူး. . .'

ဆိုပြီးလက်ရွယ်တော့မှ ဒုံးပေက သူကြုံခဲ့သမျှကိုပြောတော့တာ. . .။

'ဖြစ်ပုံက ဒီလို. . .'

အဲဒီနေ့မနက်အစောကြီးမှာ ဒုံးပေတစ်ယောက်တည်း တော

www.burmeseclassic.com


တက်သွားတယ်။ တောတက်သွားရခြင်းရဲ့ ရည်ရွယ်ချက်ကလည်း ကြီးတယ်။ အိမ်စားဖို့ ယုန်သွားရှာတာ. . .။

ဒီတောထဲမှာက ယုန် ဒါမှမဟုတ် သားကောင်ငယ်တွေက ဘယ်နားရှာရှာ ရှာလို့ရတယ်။ ဒါကြောင့် ပစ်စရာ ခတ်စရာတောင် ရေးကြီးခွင်ကျယ်လုပ် ရှာမနေဘဲ လောက်လေးတစ်လက်ဆွဲပြီး တောတက်ခဲ့တယ်။ ဖြစ်ချင်တော့ ဒီနေ့မှပဲ သားကောင်က တစ်ကောင်ဆို တစ်ကောင်မှ မတွေ့ဘူး။ ခါတိုင်းနေ့တွေမှာတော့ တောထဲဝင်လိုက်တာနဲ့ ဖွတ်၊ ပဒတ်၊ ဇီဝဇိုးငှက် စသည်ဖြင့် တစ်ကောင်မဟုတ် တစ်ကောင် တွေ့နေကျပဲ. . .။ အခုတော့ သူတောထဲဝင်ချိန်ကစပြီး တစ်တောလုံး ငြိမ်နေတာ. . .။

ဒါနဲ့ သူလည်း တောလယ်လောက်မှာရှိတဲ့ စမ်းချောင်း ဆီ ရောက်အောင်သွားခဲ့တယ်။ စမ်းချောင်းမှာက ဘာပဲပြောပြော သားကောင်မတွေ့တာတောင် ဖားလေး ငါးလေးလောက်ကတော့ ရနိုင်တယ်လေ။ ကံကောင်းရင်သူများထောင်ထားတဲ့ သုတ်ကိုင်းက ငါးကြင်းရွှေဝါလောက်တော့ အသာလေးဖြုတ်လာလို့ရတယ်။

စမ်းချောင်းနားရောက်တော့လည်း ဘာမှမရှိဘူး။ ခါတိုင်းဆို ရေအောက်မှာကူးနေတဲ့ ဖားစ၊ ငါးစလောက်ကတော့ တွေ့နေကျ. . .။ အခုတော့ စမ်းချောင်းမှာလည်း ငြိမ်. . . လို့. . .။

'ဘာဖြစ်တာပါလိမ့်. . .'

သူစဉ်းစားလို့မဆုံးခင် သူ့နောက်နားက တချွတ်ချွတ် ခြေသံကြားရတယ်။ ဒါနဲ့ သူလည်းလန့်ပြီး နီးစပ်ရာခြုံထဲလှိမ့်ဝင်ပြီး ဝပ်နေလိုက်တယ်။ ခြေသံက သူနဲ့ တဖြည်းဖြည်းနီးလာတယ်။

သူပထမဆုံးမြင်လိုက်ရတာက ရေတကောင်းဘူးလို ရှည်မျော မျောဟာကြီးစွပ်ထားတဲ့ ခြေထောက်နှစ်ဖက်၊ မည်း တာလည်းပြောင်လို့. .။ နောက် အပေါ်ဘက်က ပင်လယ်သဲရောင် အထက်အောက်ဝတ်စုံ. . .။ လူဖြူဖြူကြီး. . .။

www.burmeseclassic.com



မျက်နှာနဲ့ လက်တွေမှာလည်း အမွေးအမျှင်တွေ ဒင်ကြမ်း ပြည့်နေတာ။ လူဖြူဖြူကြီးလည်းမြင်ရော သူလန့်အော်တော့ တာ. . . .။

ဟုတ်တယ်။ လန့်လည်းလန့်စရာ ။ အရပ်ကလည်း သူ့တစ် ဖောင်စာလောက်မြင့်တဲ့အပြင် ဆံပင်ကအစ ဖွေးဆွတ်နေတာ။ မျက်နှာ ကလည်း သူမြင်ဖူးတဲ့ သူကြီးပေါင်ထက်တောင် အဆမတန်ပိုဖြူတယ်။

လူဖြူဖြူကြီးကလည်း သူ့အော်သံကြားတော့ တစ်ခါတည်း သူ့ နောက်ပြေးလိုက်တော့တာ။ သူလည်း ရှေ့ကပြေး၊ လူဖြူဖြူကြီး ကလည်း နောက်ကပြေးလိုက်ပေါ့။ နောက်ပြီး သူနားမလည်နိုင်တဲ့ ဘာသာစကားနဲ့ သူ့ကို အနောက်ကနေ လိုက်အော်တယ်။ ဒါပေမယ့် သူ လှည့်မကြည့်တော့ဘူး။ တစ်သန်တည်းပြေးလာတာ တောစပ် ရောက် မှ ခြေရာဖျောက်သွားတော့တာတဲ့. . .။

လူဖြူဖြူကြီးက ဘယ်နားကျန်ခဲ့မှန်းတော့ မသိဘူး။ သူက တော့ အခု ကိုရင်ကြက်ပုထန်းတောကို ပြန်ရောက်လာပြီ။

ပြောရင်းပြောရင်းနဲ့ ဒိုးပေ ဆန့်ငင်ဆန့်ငင် ပြန်ဖြစ်သွားတယ်။ ပြီးတော့ မျက်ဖြူကြီးလန်ပြီး ပါးစပ်ကြီးဟလို့ ငြိမ်နေတာ။ ဒါကိုအလိုက် သိတဲ့ဘီလူးက ကိုရင်ကြက်ပုကို အသနားခံပြီး ကျည်တောက်တစ်ခု ဆွဲလို့ ငပိန်ပါးစပ်ထဲ လောင်းထည့်ပေးလိုက်တယ်။ ကျည်တောက် လည်းကုန်ရော ငပိန်ကို ခေါ်လို့ မရတော့ဘူး။

ဘယ်ရတော့မှာလဲ. . .။ ထန်းရည်ကျည်တောက်သုံး တောက်တောင် ကုန်အောင်သောက်မှတော့ မူးပြီး အိပ်ပျော်ပြီပေါ့။

လူဖြူဖြူကြီးသတင်းက ရွာအတွင်း တစ်မုဟုတ်ခြင်း ပျံ့နှံ့သွား တယ်။ အဲဒီသတင်းလည်းကြားရော တစ်ရွာလုံး လှုပ်လှုပ်ရှားရှားဖြစ် သွားကြတယ်။

သူကြီးကတော့ မှတ်ချက်ချပါတယ်။ ဒါအင်္ဂလိပ်ဆိုတာတွေ ပဲဖြစ်မယ်လို့. . .။ ဟို လူလိမ်မင်းသားပြောတဲ့အထဲမှာ လူဖြူတွေ

www.burmeseclassic.com


ဆိုတာ အင်္ဂလိပ်တွေဆိုပြီး ပါခဲ့တာကိုး. . .။ အဲဒီသတင်းလည်းကြား ရော တစ်ရွာလုံးကျိုးလန့်စာစားတွေ ဖြစ်ကုန်တယ်။ အင်္ဂလိပ်တွေတော့ ကျူးကျော်လာပြီ။ မကြာခင်လူတွေကို နှိပ်စက်ညှင်းပန်းတော့မယ်ဆိုပြီး တော့ပေ့ါ. . .။

အဲဒါကြောင့် သူကြီးကိုယ်တိုင်တောင် မနေနိုင်တော့ဘူး။ ရွာ ထိပ်ကို ဆင်းလာပြီး အင်္ဂလိပ်တွေကျူးကျော်လာရင် ပြန်ခုခံနိုင်အောင် ရွာခြံစည်းရိုးခတ်ဖို့ အားချင်းစီစဉ်တော့တာ. . .။

သူကြီးကိုယ်တိုင် ဆင်းပြီဆိုမှဖြင့်တော့ တစ်ရွာလုံးလည်း ဘယ်နေလို့ဖြစ်တော့မှာလဲ. . .။ အားလုံး သစ်ပင်လှဲ၊ ခြံစည်းရိုးကာနဲ့ အလုပ်ကိုရှုပ်ကုန်တော့တာ. . .။

အမှန်တော့ အင်္ဂလိပ်ဆိုတာ လူတွေလား၊ နတ်တွေလား တောင်သိကြတာမဟုတ်ဘူး။ ဒါပေမယ့် ကိုယ့်ရွာကို ကျူးကျော်စော် ကားတာမျိုးတော့ ဘယ်သူခံနိုင်မှာလဲလေ. . . နော့။

ဒီကြားထဲ နတ်ကတော်ဒေါ်မြိုင်ကလည်းတစ်မျောင့်။ ဟိုမှာ သူများတွေ အလုပ်ရှုပ်နေပါတယ်ဆိုမှ သူကြီးနားကပ်ပြီး. . .

'သူကြီးနှယ်. . . စိုးရိမ်တတ်ရန်ကော. . . ဒီနယ်က ကိုယ် တော်လေးစောင့်ရှောက်တဲ့နယ်ပါ. . . ဒါကြောင့် ဒီနယ်မျိုးကို ဘယ် အင်္ဂလိပ်တွေကမှ ဝင်လို့ရမှာမဟုတ်ဘူး. . . သူတို့ဝင်လာရင်တော့ ကိုယ်တော်လေးကိုယ်တိုင်စားပြီးရှင်းပစ်လိုက်. . . အေးရော. . .'

ဆိုပြီး ကပ်ကြွိုင်နေတော့တာ. . .။ သူကြီးကတော့ သူ့ဟာနဲ့ သူ အလုပ်ရှုပ်နေတာဆိုတော့ ဒေါ်မြိုင်ကြီးစကားနား မထောင်နိုင်သေး ဘူး။ ခြံစည်းရိုးကို ဘယ်လိုကာရကောင်းမယ်၊ ရွာတံခါးပေါက်ကို အမြင့် ဘယ်လောက်ထားရကောင်းပဲ့ ဆိုပြီး သူ့ဘာသာသူ တွေးနေတယ်။ ဒါကိုကြည့်ပြီး ဒေါ်မြိုင်ကြီး ပိုပြီးမချင့်မရဲဖြစ်သွားပြီး. . .

'ဘာလဲ သူကြီးက ကိုယ်တော်လေးအစွမ်းကို မယုံလို့လား . . . ကိုယ်တော်လေးရှိနေရင် အင်္ဂလိပ်မပြောနဲ့ သဲလိပ် ကျောက်လိပ်

www.burmeseclassic.com

ကအစ ပင်လယ်လိပ်အဆုံး ဘယ်လိပ်မှအနားကပ်ရဲမှာမဟုတ်ဘူး. . . ဟင်း ဟင်း. . . ကိုယ်တော်လေးတို့က တစ်ခွန်းပြော တစ်ခွန်းငြိမ်းပဲ. . .'

ဒေါ်မြိုင်ကြီးရဲ့ အားကြိုးမာန်တက်စကားကို သူကြီးကြားပုံတောင်မရဘူး။ သူ့ဘာသာသူ ခြံစည်းရိုးကာတဲ့နား လှည့်ပတ်ကြည့်နေတယ်။ ကြာတော့ ဒေါ်မြိုင်ကြီး သည်းမခံနိုင်တော့ဘူး. . .။ ဒီတစ်ချီတော့ လူရှေ့သူရှေ့ သူ့အစွမ်းတော့ ပြရချည်သေးရဲ့ အောက်မှတ်လို့လားမသိဘူး. . .။ သူကြီး ရှေ့ခါးကော့ရပ်ပြီး. . .

'ဘာလဲ သူကြီးက ကိုယ်တော်လေးနဲ့ မကြုံဖူးလို့ မယုံတာလား. . . ကောင်းတယ်တော်ရဲ့. . .'

ဆိုပြီးပြောတယ်။ သူကြီးက ဂရုကိုမစိုက်ဘူး။ သူ့အလုပ်သူလုပ်နေတာ. . .။ ဒါကြောင့် ဒေါ်မြိုင်ကြီး ပိုတင်းသွားပြီး. . .

'ကဲ သူကြီးမယုံတော့လည်း ကိုယ်တော်လေးကိုမျက်ဝါး ထင်ထင်ပြရတာပ. . . အဲဒီတော့မှ ကိုယ်တော်လေးအစွမ်းဘယ်လောက်ရှိတယ်ဆိုတာ သိသွားမယ်. . . ဒီအင်္ဂလိပ်ဆိုတဲ့ ကောင်တွေကို ကိုယ်တော်လေးအစွမ်းနဲ့ကို မောင်းထုတ်ပြမယ်. . . လာလေ့. . .'

ဆိုပြီးထဘီကို ခပ်မြင့်မြင့်မြှောက်ပြီး ရွာဘက်သုတ်ချေ ပြန်တင်သွားတော့တယ်။ သူ့နောက်မှာမှ ကိုယ်တော်လေးကိုယုံတဲ့ အရီးဒေါ်ပုံတို့၊ ဒေါ်မှုံကြီးတို့၊ အမေရင်တို့ တစ်သီကြီးပါချသွားတော့တယ်. . .။

သူကြီးကတော့ လှည့်ကိုမကြည့်ပါဘူး. . .။ သူ့ ဘာသာသူဆက်လုပ်ရမယ့်အလုပ်တွေကို ဆက်လုပ်နေတယ်။ သူ့ခေါင်းထဲမှာလည်း အစီအစဉ်တွေ တစ်သီတစ်တန်းကြီးဖြစ်နေတယ်။ ရွာခြံစည်းရိုးကာပြီးရင် ကာလသားတွေကို ကိုယ် ခံပညာသင်ပေးရဦးမယ်။ ပြီးရင်ရွာနီးချုပ်စပ်က ရွာတွေကို စည်းရုံးရေးဆင်းရဦးမယ်လေ. . .။ လက်နက်အင်အား မမျှတာတောင် လူညီညွတ်ရင် ကိုယ်ကတစ်ပန်းသာ

www.burmeseclassic.com


မှာမဟုတ်လား. . .။ သူကြီးခေါင်းထဲမှာ အင်္ဂလိပ်ဆိုတာအတွက် လုပ်စရာအလုပ်တွေ ပလုံစီထနေတယ်။ ဘယ်ကစလုပ်လို့ လုပ်ရမှန်းကိုမသိ ဖြစ်နေတယ်။ အဲဒီအချိန်မှာပဲ. . .

'ဟော့. . . ကိုယ်တော်လေးကြွလာပြီဟော့. . . အင်္ဂလိပ်ဆို တဲ့ နာနာဘာဝတွေ ဝေးရာကရှားကြစမ်း. . . ကိုယ်တော်လေး တဲ့ဟော့. . .'

အသံကြားလို့ ကြည့်လိုက်တော့ ခေါင်းပေါင်းအနီ၊ ရင်စည်းအနီစည်းထားတဲ့ ဒေါ်မြိုင်ကြီး အရက်ပုလင်းကြီးကိုင် အသားတဆတ်ဆတ်တုန်ပြီး ပြန်ရောက်လာတယ်။ သူ့နောက်မှာလည်း အရီးဒေါ်ပုံတို့အဖွဲ့ လက်အုပ်ကလေးချီလို့ ယို့ယို့ကလေး လိုက်လာကြတယ်။

'ဟော့. . . ကိုယ်တော်လေးတဲ့ဟော့. . . အားလုံး ဒူးထောက်ခစားကြစမ်း. . .'

ဒေါ်မြိုင်ကြီးအသံကြောင့် အားလုံးဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေကြတယ်။ သူကြီးကတော့ ဒေါ်မြိုင်ကြီးကို မြင်ကတည်းက စိတ်ညစ်နေတာ။ ဒါကို ဒေါ်မြိုင်ကြီးက သူကြီးရှေ့မှာ အသားတွေတုန်ခြေဖျားထောက်ခုန်ရပ်လိုက်ပြီး. . .

'မောင်မင်း. . . ဘာမှမပူလင့်. . . ဒီအင်္ဂလိပ်ဆိုတဲ့ ကျတ်တွေကို ကိုယ်တော်လေး တာဝန်ယူတိုက်ထုတ်ပေးမယ်၊ မောင်မင်းသာကိုယ်တော်လေးကို ဒူးထောက်ခစားစမ်း. . .'

ဒေါ်မြိုင်ကြီးစကားကြောင့် သူကြီး ပိုစိတ်ညစ်သွားပုံရတယ်။ ဒါကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး. . .

'ဟဲ့ မမြိုင်. . .'

ဒေါ်မြိုင်ကြီးက မထူးဘူး။ သူကြီးသက်ပြင်းကိုချပြီး. .

'ကိုယ့်အလုပ်ကိုယ်လုပ်ပါကွယ်. . .၊ ဒီမှာ တစ်ရွာလုံး ခေါင်းမီးတောက်နေကြတာ. . .'

သူကြီးစကားကို ဒေါ်မြိုင်ကြီးက. . .

www.burmeseclassic.com


'ဘာမြိုင်ကြီး. . . ဘယ်ကမြိုင်ကြီးလဲ. . . ကိုယ်တော်လေးကို ကိုယ်တော်လေးလို ရှိရှိသေသေဆက်ဆံစမ်း. . .၊ ကိုယ် တော်လေးဘုန်း မိုးသို့ချွန်း. . . မဆုံးရှိစေတော့မှာနော်. . . ဟင်းဟင်း. . .'

ဒေါ်မြိုင်ကြီးစကားကြောင့် သူကြီး ပိုစိတ်ညစ်သွားသလို ခေါင်းမှာပတ်ထားတဲ့ ပတ်ပေါင်းကို ဖြုတ်တယ်။ ခေါင်းကို ကုတ်တယ်။ ပြီးတော့ ခေါင်းပေါင်းကိုခါပြီး. . .

'သွားမယ်ဖြင့် သွားစမ်းပါ မြိုင်ကြီးရာ. . .'

'အောင်မာ အောင်မာ. . . ငါလို ဘုန်းရှင်ကံရှင်ကို များမောင်မင်းက မောင်းထုတ်ရတယ်လို့. . . မသွားဘူး. . . ကိုယ်တော်လေးတဲ့ဟေ့. . . ဘာလုပ်ချင်လဲ. . .'

ဒေါ်မြိုင်ကြီးစကားကြောင့် သူကြီးငြိမ်သွားတယ်။ ပြီးတော့ ဒေါသထွက်သလိုဟန်မျိုးနဲ့. . .

'ဟဲ့. . . နင်ကမြိုင်ကြီးလား. . . ကိုယ်တော်လေးလား . . .'

ဒေါ်မြိုင်ကြီး တုန်တုန်တုန်တုန်နဲ့ ခါးပေါ်လက်တင်ပြီး. . .

'ကိုယ်တော်လေးဟေ့. . . ကိုယ်တော်လေး. . . ကိုယ်တော်လေးလို့ ဘယ်နှစ်ခါပြောရမှာလဲ. . .'

သူကြီး မျက်မှောင်ကြုတ်သွားတယ်. . . ပြီးတော့ ဒေါ်မြိုင်ကြီးကို ပြန်ကြည့်ပြီး. . .

'မြိုင်ကြီးလား. . . ကိုယ်တော်လေးလား. . .'

သူကြီးအမေးကို ဒေါ်မြိုင်ကြီးကလည်း မလျှော့ ဘူး. . .

'ကိုယ်တော်လေးဟေ့. . . ကိုယ်တော်လေး. . . ကဲ. . . ကိုယ်တော်လေးကို ဘာလုပ်ချင်လဲ. . .'

ဒေါ်မြိုင်ကြီးစကားကို သူကြီးသက်ပြင်းချတယ်။ပြီးတော့ အနောက်ဘက်လှည့်ပြီး . . .

www.burmeseclassic.com


'အုန်းမောင်'

'ရှိပါတယ် သူကြီးမင်း. . .'

သူကြီးခေါ်သံကို အသင့်ရှိနေတဲ့ လက်ရင်းတပည့် အုန်းမောင် ကထူးတယ်။ သူကြီးက သက်ပြင်းထပ်ချပြီး. . .

'အေး. . . အဲဒီ ကိုယ်တော်လေးကို ထိတ်တုံးခတ်ထား လိုက် . . .'

'ဟင်. . .'

သူကြီးစကားကြောင့် ဒေါ်မြိုင်ကြီး မျက်လုံးပြူးသွားတယ်။ ဟုတ်တယ်လေ။ သူ့တစ်သက်နတ်က စားလာတာကြာပြီ. .။ ဘယ် နတ်မှ ထိတ်တုံးအခတ်ခံရတယ်လို့ မကြားဘူးတာ။ အခုတော့ ဈေးဦး ပေါက် ကိုယ်တော်လေးထိပြီ။ သူကြောင်ငေးနေတုန်းမှာပဲ အုန်းမောင် က သူ့လက်ကိုဖတ်ခနဲလာဆွဲပြီး. . .

'လာ. . . ကိုယ်တော်လေး. . .'

ဆိုတော့ ဒေါ်မြိုင်ကြီးလည်း တုန်တက်သွားပြီး. . .

'ဟင့်အင်း. . . လိုက်ဖူး လိုက်ဖူး. . . ကိုယ်တော်လေးလိုက် ဖူး. . . .'

ဆိုပြီး အကြောက်အကန်ငြင်းတယ်။ ဒါကို အုန်းမောင်က ဒေါ်မြိုင်ကြီးကိုအတင်းဆွဲပြီး. . .

'မလိုက်လို့မရဘူး. . . ဒါ သူကြီးအမိန့်ပဲ. . .'

'ဟင့်အင်း ဟင့်အင်း. . . ကိုယ်တော်လေးလိုက်ဖူး'

'ဩော်. . . ညင်းနေသေးတယ် အခုနားရင်းအုပ်ထည့်လိုက် ရ. . . ကဲဟာ. . .'

'ဖြောင်း'

ပြောတာက နောက်ကျတယ်. . . အုန်းမောင်လက်ဖဝါးက ကိုယ်တော်လေးဇက်ပေါ်ကျသွားတာ မြန်တယ်. . .။ ကိုယ်တော်လေး က သူ့ဇက်ပိုးသူပြန်ကိုင်တယ်။ ပြီးတော့ ကြောင်တောင်တောင်နဲ့. . .

www.burmeseclassic.com


'ဟင်. . . ကိုယ်တော်လေးကို တကယ်ဆော်တယ်. .'

ဒါကို အုန်းမောင်က. . .

'အေး. . . ဆော်တယ်. . .'

ကိုယ်တော်လေးက သူ့ဇက်ပိုးသူပြန်ကိုင်ပြီး

'ကိုယ်တော်လေးမှာ ဘာအပြစ်ရှိလို့လဲဟင်. . .'

'လျှာမရှည်နဲ့. . . သူကြီးစကား နားမထောင်တာကိုက ကိုယ်တော်လေးအပြစ်. . . မနာချင်အေးဆေးလိုက်ခဲ့'

ဆိုပြီး မပါ ပါအောင် ဆွဲသွားတယ်. . .။ ကိုယ်တော်လေး ကတုန်ကယင်နဲ့ ယက်ကန်ယက်ကန်ပါသွားတယ်. . .။ နောက်ထိတ်တုံးထဲ ကိုယ်တော်လေးကို ချိုင်းခနဲ ခတ်ထည့်လိုက်တယ်. . .။

ရွာသားတွေအားလုံးလည်း အဲဒီတော့မှ ကိုယ်တော်လေးနဲ့ သူကြီး ဘယ်သူတန်ခိုးကြီးတယ်ဆိုတာ သိသွားကြတယ်။

နောက်ပြီး ဒီကိစ္စကို ဘယ်နတ်ကမှ မကယ်နိုင်ဘူးဆို တာ သဘောပေါက်သွားကြတယ်။ ကိုယ်တိုင်လုပ်ရမယ့်ကိစ္စလေ တစ်မျိုးသားလုံးကိစ္စမဟုတ်လား. . .။ ဘယ်သူမှ သားရေပေါ်အိပ်၊ သားရေအနား အစားခံရတာမျိုး လိုချင်ကြမှာတုန်း. . .။

အဲဒီလိုနဲ့ပဲပေ့ါလေ. . . အဲဒီလိုနဲ့ပဲပေ့ါ. . .။

www.burmeseclassic.com

## "တောက် . . ."

တစ်ခါမှတောက်မခတ်ဖူးတဲ့ မောင်ကောင်းရဲ့တောက်ခတ်သံကြောင့် ဘီလူးတို့အုပ်စု အံ့အားသင့်သွားကြတယ်။ ဘယ် လောက်ခံစားနေရတယ်တော့မသိဘူး။ မျက်နှာကြီးကလည်း ဒေါသနဲ့ရဲချိတ် လို့ . . .

ဒီခံစားချက်မျိုး သူတစ်ယောက်တည်း ခံစားနေရတာတော့ မဟုတ်ဘူးလေ။ အားလုံးခံစားနေရတာပဲ။ ဒါပေမယ့် သူက တစ်ဆိတ်ပိုလွန်းတယ်။ ဘယ်သူနဲ့တွေ့တွေ့ ဒီစကားပဲ ပြောတယ်။ လူစုစုဖြစ်တိုင်း သူ့မကျေနပ်ချက်တွေကို ဖွင့်အန်တော့တာပဲ။ အခုလည်းကြည့် . . .

'တောက်'

'စကောလောက်မှ ဇောက်မနက် လုပ်ရက်လေခြင်း ကိုယ့်မြေကိုကျူးကျော် ကိုယ့်ရေကိုသောက် ဒါနဲ့တင်အားမရ ကိုယ့်အမျိုးသား

www.burmeseclassic.com



ကိုတောင် နိုင်ထက်စီးနင်းပြုချင်သတဲ့. . . ဘယ်လောက်များရိုင်းပြစော်ကားသလဲဆို ကြည့်စမ်း. . .'

'ဒါကတော့ မင်းတစ်ယောက်တည်း ခံစားနေရတာမှ မဟုတ် ဘဲ၊ တို့တစ်မျိုးသားလုံး ဒီလိုခံစားချက်မျိုး ခံစားနေရတာပဲ. . .၊ ဒါပေသည့် ငါတို့ရွှေနန်းရှင်တောင် ဘာမှမတတ်နိုင်တော့တာ ငါတို့က ဘာများတတ်နိုင်ဦးမှာလဲ. . .'

ကွဲကြီးရဲ့ကြားဖြတ်စကားကို မောင်ကောင်း ပိုစိတ်ဆိုးသွားပြီး. . .

'ဘာတတ်နိုင်ရမလဲ ဟုတ်လား. . . ဟားဟား. . တော်လှန်ရမှာပေါ့ကွ. . . ပြန်ပြီးတော်လှန်တိုက်ထုတ်ပစ်ရမှာပေါ့. . . ဒီအတိုင်းခေါင်းငုံ့ခံနေမယ့်အစား ပြန်တော်လှန်ပြီး အသက်သေသွားတာကမှ မင်္ဂလာရှိဦးမှာပါ. . .'

'မဟုတ်ဘူးလား ငပိန်'

ငပိန်ခေါင်းယမ်းလိုက်တယ်။ ပြီးတော့ သက်ပြင်းကိုချပြီး. . .

'သူတို့တွေက ငါတို့တစ်တွေထက် လက်နက်အင်အားသာတယ်. . . ဒီအတိုင်းတော်လှန်နေလို့ကတော့ သေရုံကလွဲပြီး ဘာမင်္ဂလာမှ ရှိမှာမထင်ဘူး. . .'

'ဟုတ်တယ်. . . ဒါအမှန်ပဲ. . .'

ငပိန်စကားကို ကွဲကြီးကပါ ထောက်ခံတယ်။ သူတို့ စကားကို မောင်ကောင်း ပိုဒေါသထွက်သွားပြီး. . .

'မင်းတို့ကြောက်တတ်လှချည်လားကွဟ. . . ဒီလောက်ကြောက်တတ်နေရင် ထဘီဝတ်ထားကြပါလား. . .၊ တောက်. . . မင်းတို့လိုလူကြောက်တွေရှိနေလို့ ကိုယ့်မြေကိုဒီလို အင်္ဂလိပ်တွေဝင်ပြီး အနိုင်ကျင့်နေကြတာကွ. . .'

မောင်ကောင်းစကားကြောင့် ကွဲကြီးဒေါသထွက်သွားပြီး. . .

www.burmeseclassic.com


'ငါတို့ကြောက်လို့ ဒီစကားမျိုးပြောနေတာမဟုတ်ဘူးကွ. . .၊ မဖြစ်နိုင်တဲ့ကိစ္စကို မဖြစ်သင့်တာမဖြစ်ရအောင်တားနေတာ. . . မြန်မာလူမျိုးပါကွ. . . ရဲပြီဆိုမှဖြင့် လူရွေးတာရယ်မဟုတ်ဘူး. . .၊ ဒါပေသည့် စဉ်းစဉ်းစားစားလုပ်တာက ပိုပြီးသင့်တော်မှာမို့ ပြောနေရတာ. . . ဟုတ်တယ်မဟုတ်လား ဘီလူး. . .'

ကျွဲကြီး ဘီလူးဘက်ကိုပါလှည့်ပြီး အကူအညီတောင်းလိုက်တယ်။ တစ်ချိန်လုံး ဘာစကားတစ်ခွန်းမှ ဝင်မဆွေးနွေးတဲ့ ဘီလူးဒီတစ်ခါခေါင်းညိတ်လိုက်တယ်။ ပြီးတော့ သက်ပြင်းကိုချပြီး. . .

'မင်းတို့နှစ်ယောက်ပြောတာ အားလုံးမှန်တယ်. . .၊ မောင်ကောင်းပြောသလို ပြန်ပြီး တော်လှန်ရမယ်ဆိုတာလည်း မှန်တယ်. . .၊ ကျွဲကြီးပြောသလို စဉ်းစဉ်းစားစားလုပ်ဖို့ဆိုတာ လည်းမမှားဘူး. . .၊ အေး. . . အဲဒီကြားကမှ အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ပြီး ဒီအင်္ဂလိပ်တွေ တို့ပြည်ထဲက ထွက်သွားအောင် လုပ်ရမယ်. . .'

သူ့စကားကို အားလုံး စိတ်ဝင်စားသွားကြတယ်။ ပြီးတော့ အားလုံးတွေပြီး စဉ်းစားနေကြပုံရတယ်။ အတော်ကြာမှ မောင်ကောင်းက မနေနိုင်တော့ဘဲ. . .

'မင်း ဘယ်လိုလုပ်ချင်လို့လဲ ဘီလူး. . .'

ဘီလူး မခို့တရို့ပြုံးလိုက်တယ်။ ပြီးမှ. . .

'လွယ်လွယ်ကလေးပါကွာ. . . နှစ်ဖက်စလုံးသွေးမြေမကျ ဘဲ တို့ပြည် သူ့ကျွန်ဘဝကလွတ်မြောက်မယ့်နည်းကို ငါတွေ့ ထားပြီးပြီ. . . ဒါပေသည့် ဘယ်လမ်းကြောင်းက သွားရမယ်ဆိုတာ ဒွိဟဖြစ်နေတယ်. . . နောက်ပြီး ဒီကိစ္စက လျှို့ဝှက်ရမှာဆိုတော့ လူအများကြီး လည်းမလိုဘူး. . .'

'ဘယ်လိုလုပ်မှာလဲ'

မောင်ကောင်း၊ ငပိန်၊ ကျွဲကြီးတို့ဆီက အသံတစ်ပြိုင်နက်တည်းထွက်လာတယ်။ ဘီလူးက အားတက်သရော မျှော်လင့်နေတဲ့

www.burmeseclassic.com

သူတို့သုံးယောက်ကိုကြည့်ပြီး ပြုံးလိုက်တယ်။ ပြီးတော့ မှ လေသံကို အတတ်နိုင်ဆုံးနှိမ့်ပြီး. . .

ဘီလူးရဲ့ စကားအဆုံး အားလုံးရဲ့မျက်နှာ ဝင်းလက်သွားကြတယ်။

သတင်း မြင်သာရွာကိုတစ်မုဟုတ်ချင်း ပျံ့နှံ့သွားစေတယ်။ နောက်ပြီး ဒီအကြံကို လူတိုင်းလက်ခံကြတယ်။ ဘာလို့လည်းဆိုတော့ ဒါ သွေးမြေတစ်စက်မှမကျဘဲ မြန်မာနိုင်ငံလွတ်လပ်ရေးရနိုင်တဲ့ နည်းမို့လို့ပဲ. . .။ ဒီအကြံကို ရအောင်စဉ်းစားနိုင်တဲ့ ဘီလူးကိုလည်း လူတိုင်းချီးမွမ်းကြတယ်။ ဟုတ်တယ်လေ. . . ဒါမျိုးက တော်ရုံလူ စဉ်းစားနိုင်တာရယ်မဟုတ် ဘူး. . . ဘီလူးတို့လို ဉာဏ်ကြီးရှင်တွေမှ. . .။

ဘာပဲပြောပြော မြင်သာရွာတစ်ခုလုံး ဒီသတင်းကို စိတ်ဝင်စားကြတာတော့အမှန်ပဲ. . .။ ဘယ်သူနဲ့သင့်တော်တယ်။ ဘယ်သူသွားသင့်တယ်။ ဘယ်သူက သန်မာတယ်။ ဘယ်သူကပျော့ညံ့တယ် စသည်ဖြင့် ကိုယ့်ဘာသာကိုယ် လက်တို့ ဆုံးဖြတ်နေကြတယ်။ (အရှင်းဆုံးပြောရရင် အတင်းပြောနည်းတစ်မျိုးပေါ့) ဒီကြားထဲ ဒီလိုစားထောက်လုပ်ကြံဖို့ဆိုရင် ဘယ်လို အဆောင်အဟန့်တွေ ဆောင်သွားသင့်တယ်။ ဘယ်နတ်ကို ပသသွားသင့်တယ်။ နောက်မို့ဆိုရင်မလွယ်ဘူး စသည်ဖြင့်. . စသည်ဖြင့်ပေါ့. . .။

❀ ❀ ❀

**သူကြီး**အိမ်ရှေ့မှာ စုရုံးရောက်ရှိနေတဲ့ ရွာသားတွေ တုတ်တုတ်တောင် မလှုပ်ကြဘူး။ ခါတိုင်းသူကြီးအိမ်ရှေ့မှာ ဒီလိုလူစုံရင် တီးတိုးသဖန်းပိုးတတ်ကြတဲ့ မတင်အေးတို့ အုပ်စုတောင် ဝပ်ကျနေတာ။ မဝပ်လို့ မဖြစ်ဘူးလေ။ သူကြီးမျက်နှာက ဒီနေ့မှ ခက်ထန်နေလိုက်တာတင်းလို့. . .။ ဘာစကားမှလည်း မပြောဘူး။ ကျောက်ရုပ်ကြီးချထားသလို ငြိမ်နေတာ။ အတော်ကြာမှ ရွာသားတွေကို ဝေ့ကြည့်လိုက် ပြီး. . .

'ဟဲ့. . . ဘီလူးလှဦးတို့အုပ်စုရောက်ပြီလား. . .'

ရွာသားတွေ အချင်းချင်းဝေ့ကြည့်လိုက်ပြီး. . .

'မ. . . မရောက်သေးပါဘူး သူကြီးမင်း. . .'

သူကြီးနည်းနည်းလှုပ်ရှားသွားတယ်။ ပြီးတော့. . .

'ဟဲ့. . . သွားခေါ်ခိုင်းထားတာကြာလှချည့်လား. .'

www.burmeseclassic.com


သူကြီးမင်း. . .'

ရွာသားအားလုံး လှည့်ကြည့်ကြတယ်။ ဟုတ်တယ် လက်ဝှေ့ ကျော်အုန်းမောင်နဲ့ ဘီလူးတို့အုပ်စု။ ဘီလူးတို့အုပ်စု ဆိုတာ ဘီလူးလှဦး၊ မောင်ကောင်း၊ ငပိန်၊ ကျွဲကြီးတို့ပဲ။ လမ်းလျှောက်လာတာများ ကားလို့ ကြွားလို့. . .။ သမင်ချိုထိပ်ဖျားနားနေတဲ့ ပုဇဉ်းလိုပဲ လက်နှစ်ဖက်ကို ပခုံးကနေ တံတောင်ကွေးအထိ တစ်တန်းတည်းထားပြီး တံတောင်ကွေး ကနေ လက်ဖျံထိကျတော့ ထောင့်မှန်ကျအောင်ချထားတယ်။ လက်သီး ကိုကျတော့ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး၊ အနောက်ကိုကောက်ထား တယ်။ သူတို့ကိုကြည့်ရတာ အရမ်းကိုမာန်ပါတာပဲ. . .။ အားလုံး ကလည်း အကျီဗလာကျင်းနဲ့ဆိုတော့ ကြည့်ရတာ ခန့်လို့. . .။

သူကြီးရှေ့လည်းရောက်ရော နန်းတွင်းအတိုင်း တညီတညာ တည်း ဒူးထောက်ထိုင်ချလိုက်တယ်။ လျင်တယ်။ မြန်တယ်။ ကြည့်လို့ ကောင်းတယ်။ သူကြီးက သူတို့လေးယောက်ကို ကြည့်ပြီး ခေါင်း တညိတ်ညိတ်နဲ့ရယ်။ ဟိုကလည်း ဝပ်နေတာ ပြားပြားကိုကပ်လို့. . .။

သူကြီး သွယ်ဝိုက်တောင်မနေဘဲ တည့်တည့်ကြီးမေးချ လိုက် တော့ လေးယောက်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်။ ဟုတ် တယ်လေ. . .။ သူကြီးက ဒါမျိုးဆို ပြတ်တယ်။ မလုပ်နဲ့ဆိုရင် ပြီးပြီ။ ဒါကြောင့်. . .

'ဟဲ့ ငါမေးနေတယ်လေ. . .'

သူကြီးရဲ့စကားကြောင့် အားလုံးတုတ်တုတ်တောင် မလှုပ်ရဲ တော့ဘူး။ သူကြီး ထပ်မေးနေတယ်ဆိုတော့ မဖြေလို့ မဖြစ်တော့ ဘူးလေ။ ဒါကို နှုတ်သွက်အာသွက်ဖြစ်နေတဲ့ ဘီလူးကပဲ. . .

'ဟုတ် ဟုတ်ပါတယ် သူကြီး. . . ကျွန်တော်တို့ပြည်ကို အင်္ဂ လိပ်တွေ မတရားချယ်လှယ်တာ မခံနိုင်လွန်းလို့ပါ'

ဘီလူးရဲ့စကားဆုံးတာနဲ့ သူကြီးဆတ်ခနဲထပြီး 'ဖြစ်မ

လားကွ. . . ဒီလိုသွားလို့’ ဆိုပြီး အိမ်ပေါ်ကောက်ကောက် ကောက်ကောက်နဲ့ တက်ချသွားတယ်။ သူကြီးတက်သွားတာလည်းမြင်ရော ရွာသားအားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြတယ်။ သူတို့ရဲ့စိတ်ထဲမှာ ဘီလူးလှဦးတို့ရဲ့လုပ်ရပ်ကို သူကြီးမကြိုက်လို့ ဘာမှမပြောတာလို့ ထင်ကြတယ်။ နောက်ပြီး ဘီလူးလှဦးတို့အုပ်စုကို သူကြီးစိတ်ဆိုးနေတယ်ပေါ့။ ဒီလိုထင်နေကြတုန်းမှာပဲ. . .

သိပ်မကြာဘူး သူကြီးပြန်ဆင်းလာတယ်။ သူ့လက်ထဲမှာ ငွေရောင်တောက်ပနေတဲ့ ဓားတစ်စင်းကိုင်လာတယ်။ သူကြီးနဲ့ဓားကြီးကိုလည်းမြင်ရော တစ်ယောက်မှ ခေါင်းတောင်မဖော်ရဲတော့ဘူး။ သိတယ်ဒါ. . . ရှေးသူကြီးအစဉ်အဆက် ထိန်းသိမ်းကိုင်ဆောင်လာတဲ့ မျိုးမြတ်မာန်အောင်ဓား။ တကယ်တန်ဖိုးကြီးဓား၊ စွမ်းတာကလည်း ပြောမနေနဲ့တော့။ ဓား ဓားချင်းယှဉ်ခုတ်လို့ကတော့ ပြတ်ပြီသာမှတ်။ နောက်ပြီး ဒီဓားက သွေးမသောက်ရဘဲ ဓားအိမ်ထဲပြန်ထည့်လို့မရဘူးတဲ့. . .။ အဲဒီဓားကိုမှ. . .

သူကြီးဓားကို ဓားအိမ်အတွင်းကချွတ်လိုက်တယ်ဆိုရင်ပဲ အားလုံး ခေါင်းတောင်မဖော်ရဲတော့ဘူး။ ငပိန်ဆို ကြောက်တာမှ တဆတ်ဆတ်ကိုတုန်ရော။ သူကြီးမျက်နှာကလည်း ကြောက်စရာကောင်းလောက်အောင် မဲ့ရှုံ့လို့. . .။

သူကြီးတစ်ချက်လှုပ်ရှားလိုက်တာပဲ မြင်ရတယ်။ မျိုးမြတ်မာန်အောင်ဓားကြီးက ဘီလူးတို့ရှေ့ မြေကြီးပေါ် ‘ဒုတ်ခနဲ’ လာစိုက်တယ်။ သူကြီးက ဓားကြီးကိုကြည့်ပြီး မာန်ပါပါနဲ့. . .

အားလုံး တုန်တုန်ယင်ယင်နဲ့ပဲ. . .

‘သိ. . . သိပါတယ် သူကြီးမင်း. . .’

‘အေး. . . သိရင်ပြီးရော၊ ဒီဓားကို အဆောင်အတား အဖြစ် ယူသွား. . . ဟိုရောက်လို့ ဓားထောက် လုပ်ကြံရင် ဒီလိုဘုန်းကံကြီးတဲ့ ဓားနဲ့ထောက်၊ ဒါမှ မင်းတို့ အရေးတော်ပုံအောင်မှာ. . . ကဲ ဓားကို

www.burmeseclassic.com

ယူသွား. . . ဒါပဲ. . ’

ဆိုပြီး ကောက်ကောက်နဲ့ အိမ်ပေါ်ပြန်တက်ချသွားတာ ပြန်ကိုဆင်းမလာတော့ဘူး။ ဒီတော့မှ ဘီလူးတို့ အုပ်စုထဲက မောင်ကောင်းက ဝမ်းသာအားရထပြီး ခားကိုယူ ခားအိမ်ထဲ ပြန်ထည့်လိုက်တာ ‘ရွှတ်’ခနဲနေတာပဲ။ ဒါကိုမြင်တဲ့ ဒေါ်မျှင်က. . .

‘ဟယ်. . . ခားက သွေးမသောက်ရဘဲ ခားအိမ်ထဲပြန်ထည့်လို့မရဘူးဆို. . .၊ အခုတော့ မောင်ကောင်းလက်ထဲ ဘာသွေးမှ မသောက်ဘဲ ပြန်ဝင်သွားလိုက်တာ ရွှတ်ခနဲပါရောလား. . ’

သူ့စကားကို နတ်ကတော်ဒေါ်မြိုင်ကြီးက. . .

‘အို. . . အေ. . . ဒါ အရေးတော်ပုံ အောင်မြင်မယ့် နိမိတ်ပဲ. . .၊ မောင်ကောင်းက ကြည့်ပါလား. . . သူ့ရုပ်က ခန့်တာမှ သန့်လို့. . . အို အေ. . . ကြာပါတယ်. . .၊ ငါ ကိုယ်တော်လေးကို ပင့်ပြီး မောင်ကောင်း တစ်သောင်းဗိုလ်ကြေတဲ့ လူစွမ်းကောင်း ဟုတ်မဟုတ်ကြည့်လိုက်ဦးမယ်’

ဆိုပြီး ဖိုးဖိုးဇတ်ဇတ်နဲ့ထသွားတယ်။ သူ့စကားကို စိတ်ဝင်စားကြတဲ့ ရွာသားတချို့က သူ့နောက်အသီကြီးလိုက်ချသွားတယ်။ ရွာသားတွေက ဒါမျိုးဆို သိပ်စိတ်ဝင်စားကြတာ. . .။ နောက်ပြီး. . .

သိတယ်မဟုတ်လား. . .။ ဘီလူးတို့အုပ်စုက လူမစွမ်းပေမယ့် နတ်က. . .။

အဲဒီသတင်းတွေကြောင့် လောကီအရေးတွေကို လျစ်လျူရှုထားတဲ့ ရွာဦးကျောင်းဆရာတော်ကတောင်. . .

www.burmeseclassic.com

ရှာဦးကျောင်းဆရာတော်ခေါ်တယ်ဆိုတော့ ဘီလူးတို့ အုပ်စု နည်းနည်းလန့်သွားတယ်။ ဘာလို့လဲဆိုတော့ ဆရာတော်က သူတစ်ပါး အသက်သတ်တာတို့ ဘာတို့မပြောနဲ့ ခိုက်ရန်ဖြစ်တာတောင် ကြိုက်တာ မဟုတ်ဘူးရယ်။ ဒါကြောင့် ဆရာတော်ကိုလည်း သွားမတွေ့ချင်ကြဘူး။ နောက်ပြီး သွားမတွေ့ဘဲလည်း မနေရဲဘူးလေ. . .။ ဘာလို့လဲဆိုတော့ ဆရာတော်မိန့်ကြားချက်ဆို တစ်သက်လုံးဘယ်သူမှ လွန်ဆန်ရဲခဲ့ တာရယ်မှ မဟုတ်တာ။ ဒါကြောင့်ကြောက်ကြောက်ရွံ့ရွံ့နဲ့ပဲ ဆရာတော် ဆီသွားကြရတာပေ့ါ။

ဆရာတော်ကျောင်းကို ရောက်တော့ ဆရာတော်ကို အခန့် သင့်ကွမ်းသီးတွေ ထိုင်ညှပ်နေတာတွေ့ရတယ်။ သူတို့လည်း ဆရာတော် အနားယို့ယို့ကလေးကပ်သွားပြီး ဆရာတော်ကို ဦးချပြီး ပုဆစ်တုတ် ထိုင်လိုက်ကြတယ်။ ဆရာတော်က သူတို့ကို ဝေ့တောင်မကြည့်ဘူး။

www.burmeseclassic.com

ကွမ်းသီးကိုပဲ စိတ်ပါလက်ပါ ညှပ်နေတယ်။ ကွမ်းသီးအားလုံးညှပ်ပြီးမှ ကွမ်းအစ်ကလေးဘေးချပြီး. . .

'မောင်တို့အကြံအစည်တော့ ဦးဇင်းကြားပြီးပါပြီ'

ဆရာတော်ရဲ့ တဲ့တိုးမိန့်ကြားချက်ကြောင့် သူတို့တုတ်တုတ်တောင် မလှုပ်ရဲတော့ဘူး။

'ဘာပဲဖြစ်ဖြစ် သူတစ်ပါးအသက်သတ်တာတော့ ရှောင်ကြဉ်သင့်တယ်'

ဆရာတော်ရဲ့ မိန့်ကြားချက်ကြောင့် အားလုံးလန့်သွားကြတယ်။ သူတို့ရဲ့အကြံအစည်တော် ဆရာတော်ကမနှစ်မြို့တာ သေချာသလောက် ဖြစ်နေပြီ။ သူတို့လည်း ဆရာတော်နားလည်အောင် ဘယ်လိုရှင်းပြရမလဲ စဉ်းစားနေတုန်းမှာပဲ ဆရာတော်က. . .

ဆရာတော် မိန့်ကြားချက်က သူတို့ထင်ထားသည့် အတိုင်း မဟုတ်သည့်အတွက် ဝမ်းသာသွားပြီး . . .

'တင့်ပ့ါဘုရား. . .'

ဆိုပြီး ဝမ်းသာအားရနဲ့ သံပြိုင်ဆိုမိကြတယ်။ ဆရာတော်က ခေါင်းကိုတဆတ်ဆတ်ညိတ်လို့ပေ့ါ၊ အတော်ကြာမှ သတိရသွားသလို ဟန်မျိုး နဲ့ ငြိမ်သွားတယ်. . . ပြီးမှကွမ်းညှပ်ကိုကောက်ကိုင်ပြီး. . .

'အင်း ဒါပေမယ့်. . . ဒီအတိုင်းကတော့ မဖြစ်သေးဘူးကွဲ့. . . သိဒ္ဓိတင်ပေးရမယ်. . . ဟဲ့ ဖြူသီး. . .'

'ဘုရား. . .'

ဆရာတော်ဘုရား ခေါ်သံကြောင့် ကပ္ပိယကြီး ကျောင်း ပေါ်တက်လာတယ်။ ကပ္ပိယကြီးကိုမြင်တော့ လေးယောက်စလုံး နည်းနည်းလန့်သွားကြတယ်။ သိတယ် သူတို့ဘာလုပ်ရတော့မယ်ဆိုတာ. . . ထင်တဲ့အတိုင်းပဲ. . .

'ဟဲ့ ဖြူသီး. . . သူတို့ကို သွားလေရာဘေးမခရအောင် သိဒ္ဓိအပြင် ပြီးဆေးအစုံတင်ပေးလိုက်ကွယ့်. . .'

www.burmeseclassic.com

**ညနေ** ဆရာတော်ကျောင်းက ပြန်ထွက်လာတော့ လေးယောက်စလုံး တစ်ယောက်ကိုတစ်ယောက် စကားတောင် ဟဟ မပြောနိုင်တော့ဘူး။ ကပ္ပိယဦးဖြူသီးကလည်း သိတဲ့အတိုင်း ဆေးပေါက်ဆိုလူမြင်တော့တာရယ်မဟုတ်ဘူး။ ဂျမ်းကိုပေါက်တော့တာ။ နောက်ပြီး သူတို့ သိဒ္ဓိတင်ရုံမကဘဲ ပြီးဆေးအစုံတင်ရတယ်ဆိုတော့ စဉ်းစားသာကြည့် မ'ကွ'ပဲနေမလား။ သူတို့ကို စုတ်ပေါက်ပေးလိုက်တာ ဒီလို. . .

ပေါင်ရင်းမှာ ကြောင်အဆင်းအတက်၊ နားရင်းမှာ ဝက်စွယ်၊ စလွယ်က နဂါးနှစ်ကောင် ၊ တံတောင်မှာ လောက နတ်၊ ရင်ဘတ်မှာ ဘီလူး၊ ညာဒူးမှာ အဋ္ဌလီ၊ တကောက်ဆီမှာ ဘီလား၊ ကျောက်ကုန်းက ဝက်ခုံး၊ ဘယ်လက်ဖျံပေါ် စမအင်း၊ အိမ်မြှောင်အဆင်းအတက်က လက်ဖျား၊ လက်မောင်းရင်းက ဇာမဏီ၊ ညာခြေမှာ ပြဟ္မာ၊ ညာလက်က နဂသိန်၊ ကြာရိုးက ကုပ်ရင်းအဆင်း၊ အသိန်၊ အတိမ်အနက်၊

www.burmeseclassic.com

ပက်ပက်စက်စက် ပြီးအောင်ထိုးပေးလိုက်တော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကွတကွတနဲ့ ဖြစ်သွားကြရတာပေါ့. . .။ ပြီးမပြီး ကတော့ပြောမနေနဲ့တော့။ ဘီလူးလှဦးဆိုကြည့်ပါလား. . . အိမ်ပြန် ရောက်တော့ အပြုံးလည်းနည်းသွားပြီး သူ့ဘာသာသူ လုံချည်စုတ် ကလေး ခြုံပြီး အိမ်ထောင့်မှာ ဆောင့်ကြောင့်လေး ထိုင်နေတော့တာ။ (ကပ္ပိယကြီး ဆေးပေါက်ထား တာ နာနေတယ်ထင်တယ်) သူ့ကို သနား တဲ့ ရွာသားအချို့က အင်္ကျီလုံချည်အကောင်းတွေ ယူလာပေးကြပါ တယ်။ ဒါပေမယ့် ဘီလူးကမဝတ်ဘူး။ ဒါတောင် ရွာသားတွေက ကရုဏာသက်ပြီး ဘာပြောတယ်မှတ်သတုန်း။ ဘီလူးလှဦးက အနေ စုတ်ပေမယ့် လေမှုတ်တဲ့မြပလွေတဲ့. . .။

ဟုတ်လည်း ဟုတ်တယ် ဘီလူးလှဦးက အနေစုတ်ပေမယ့် လေမှုတ်တဲ့မြပလွေပါပဲ. . .။ အဖိုးလည်းပါတယ်။ အသံလည်းသာ တယ်လေ။ မြပဝါထက် အဖိုးလည်းတန်တယ်။ အသုံးလည်းဝင်တယ်။ ဒါကြောင့် ရွာသားအားလုံးက ဘီလူးလှဦးတို့ အိမ်ကလေးပေါ်လာပြီး အိမ်ထောင့်မှာ လုံချည်စုတ်ကလေးခြုံ ပြီးကွေးနေတဲ့ သူရဲကောင်းလှဦး ကို လာလာကြည့်ကြတယ်။ တချို့ဆိုရင် သူ့ကိုခြေကလိမ်ဘယ်လိုကွပ်၊ လည်စေ့ဘယ်လိုကစ်ပြီး၊ ဓားကိုဘယ်လိုထောက်ဆိုပြီး ဗန်တို ဗန်ရှည် နည်းနဲ့ သရုပ်ပြတဲ့လူကပြ။ တချို့ကြတော့လည်း ယမ်းဖောက် သေနတ် တွေနဲ့ ပစ်ရင် ကိုယ်လုံးကို ဘယ်လိုယို့ပြီး နောက်ကျွမ်းဘယ်လိုပစ် စသည်ဖြင့် ကျွမ်းပစ်ပြတဲ့လူကပြနဲ့ ဘီလူးတို့ တဲအိမ်ကလေးမှာ ဝုန်း ဆန်နေတော့တာ။ ဒါကလည်း သူတို့ သူရဲကောင်းကြီးတွေကို အရေး တော်ပုံအောင်စေချင်တဲ့ဆန္ဒနဲ့ တစ်ဖက်တစ်လမ်းက ကူညီပေးနေကြ တာ။ ဘယ်လောက်ထိလဲဆို အိမ်ထဲက အိမ်ပြင်ကိုတောင်မထွက် တတ်တဲ့ သူကြီးသမီး ခင်မှုံတောင် ထမင်းအုပ်ကလေးပိုက်ပြီး ဘီလူး တို့အိမ်ဘက် ရောက်တတ်နေပြီ။

❀ ❀ ❀

www.burmeseclassic.com

**အဲ ၊ ၊ ၊ဒီနေ့**မနက်အစောကြီးကတည်းက မြင်သာရွာရဲ့ ကမ်းနားမှာ ကမ်းလုံးညွတ်မျှ စည်ကားနေတော့တာ။ နှင်းတွေက လည်းဗျာ. . . ကျနေလိုက်တာ ထူပိတ်နေတော့တာ။ ချမ်းသမျှ ခိုက်ခိုက်တုန်ရော. . .။ ဒါပေသည့် ရွာသားအားလုံးဟာ အိမ်ပြန်ဖို့ သတိမရကြဘူး။ သူတို့ရဲ့ သူရဲကောင်းကြီးတွေကို မတွေ့လိုက်ရမှာစိုးလို့ သူရဲကောင်းတွေဆိုတာ တခြားလူတွေမဟုတ်ဘူး။ ဘီလူးတို့အုပ်စုကို ပြောတာ. . .။

ဘီလူး၊ မောင်ကောင်း၊ ငပိန်၊ ကျွဲကြီး ဒီနေ့မနက်မှာ ဒါကြောင့် တစ်ရွာလုံး ကမ်းလုံးညွတ်မျှလာကြည့်နေကြတာ. .။

ဘီလူးတို့စီးသွားမယ့် လောင်းလှေကလေးမှာလည်း ရွာကပေးလိုက်တဲ့စားစရာတွေ၊ အဆောင်လက်ဖွဲ့တွေ တင်ထားလိုက်တာ လှေကလေးတောင် နစ်မတတ်ဘဲ။ ဟုတ်တယ်။ သူတို့ အင်္ဂလန်ထိသွား

www.burmeseclassic.com

ရမှာဆိုတော့ လုံလောက်တဲ့စားနပ်ရိက္ခာတော့ လိုမှာပေါ့။

ဟော လာပြီ. . .။ ဘီလူးတို့အုပ်စု ဒီလောက် ချမ်းချမ်းစီးစီးကြီးမှာ လေးယောက်လုံး အင်္ကျီဗလာကျင်းနဲ့ ခါးတောင်းကျိုက်ထားကြတာဆိုတော့ မေးတွေတုန်နေတဲ့အပြင် ဂုံညင်းပါရှုံ့ပြီး အပေါ်တွန့်တက်နေတယ်။

ဒါပေမယ့် ဘာမှမဖြစ်တဲ့ဟန်မျိုးနဲ့ မာန်တော့တင်းထားကြတယ်။

သူကြီးရှေ့လည်းရောက်ရော သူကြီးက သူတို့ကိုကြည့်ပြီး တိုတိုပြတ်ပြတ်ပဲ မှာတယ်။

'မောင်တို့ ဘာအကြောင်းနဲ့ရယ်ဖြစ်ဖြစ် ဇွဲတော့ မလျော့လေနဲ့. . . တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဆိုတဲ့ စကားပုံတောင် အရှိသား. . . အင်္ဂလန်ဆိုတာ ဘယ်လောက်ဝေးတာလိုက်လို့. . . ရောက်အောင်သွားပြီး အပြီးသတ်ဆောင်ရွက်ခဲ့ကြကွယ့်. . . နောက်ပြီး မောင်ကောင်းက လူစွမ်းကောင်းဖြစ်မယ့်သူဆိုတော့ သူ့စကားလည်း နားထောင်ကြ'

သူကြီးစကားကို လေးယောက်လုံးက. . .

'စိတ်ချပါ သူကြီး. . . အရေးတော်ပုံအောင်မှ ကျွန်တော်တို့ အောင်ပန်းနှင့် အတူပြန်လာမှာပါ. . .'

ဆိုပြီး ပြတ်ပြတ်သားသား ကတိပေးကြတယ်။ ဒါကို သူကြီးဘေးနားရပ်နေတဲ့ ခင်မှုံက. . .

'မောင်ကြီး . . . အရေးတော်ပုံအောင်မြင်ပြီး ရွှေနန်းရှင်က မြှောက်စားရင် ခင်မှုံကိုမမေ့နဲ့နော်. . . .'

ခင်မှုံ မခို့တရို့စကားကိုလည်းကြားရော ဘီလူးရုပ် တစ်ချက်ထဲပြီ(ပြေ)သွားပြီး. . .

'မေ့ပါဘူး နှမလေးရယ်. . . မောင်ကြီးကလေ နှမလေးကို. . .'

သူ့စကားမဆုံးမီ မောင်ကောင်းက သူ့ခါးကို တံတောင်နှင့်တို့ပြီး. . .

'ဟော့ကောင်. . . နောက်မှအလွမ်းသယ်. . . အခုသွားရအောင်. . .'

ဆိုပြီး အတင်းဆွဲသွားတယ်။ ဘီလူး မသွားချင်သွားချင်နဲ့ ယက်ကန်ယက်ကန်နဲ့ ပါသွားတယ်။

လောင်းလှေကလေးပေါ် သူတို့လေးယောက်တက်လိုက်တာ နဲ့ လှေကလေးနစ်မလိုဖြစ်သွားတယ်။ ဒါပေမယ့် တစ်ယောက်ကိုတစ်ယောက် ထိန်းနေတယ်ဆိုတော့ ရုပ်တော့မပျက်သေးဘူး။ သူတို့လည်း လှေပေါ်မှာ အကျအနထိုင်လိုက်တာနဲ့ သူကြီးကစပြီး. . .

'သူရဲကောင်းကြီးတွေ အောင်မြင်ပါစေ. . .'

လို့အော်လိုက်တာနဲ့ ရွာသားတွေအားလုံးကပါ. . . .

'သူရဲကောင်းကြီးတွေ အောင်မြင်ပါစေ. . .'

'သူရဲကောင်းကြီးတွေ အောင်မြင်ပါစေ. . .'

'သူရဲကောင်းကြီးတွေ အောင်မြင်ပါစေ. . . .'

ဆိုပြီး လက်သီးလက်မောင်းတန်းပြီး အော်ဟစ်ပေးကြ တယ်။ ဒါကို မောင်ကောင်းက ဘယ်လိုစိတ်ကူးပေါက်တယ် မသိဘူး။

'ငါတဲ့ကွ လူစွမ်းကောင်း'

ဆိုပြီး လှေပေါ်ထခုန်လိုက်တော့ အစကတည်းက နစ်ချင် နေတဲ့ လှေကလေးဟာ ဝုန်းဆို နစ်ကျသွားတယ်။ ရုတ်ခြည်းဆိုသလို လေးယောက်စလုံး ရေထဲမှာဝရုန်းသုန်းကားဖြစ်သွားတယ်။ ဖြစ်ချင် တော့ လူစွမ်းကောင်းဆိုတဲ့ မောင်ကောင်းကလည်း ရေမကူးတတ်ဘူး။

'အောင်မလေး လုပ်ကြပါဦး. . .'

ဆိုပြီး သူကြီးပေးထားတဲ့ မျိုးမြတ်မာန်အောင်ဓားကြီး ကိုင်ပြီး မြုပ်ချည်ပေါ်ချည် ဖြစ်နေတော့တာ။ သုံးယောက်လုံးသူ့ကို ဆွဲ၊ နားရင်း နှစ်ချက်သုံးချက်အုပ်ပြီး လှေပေါ်ပြန်ဆွဲတင်လိုက်ရတယ်။ (ဟုတ်တယ်

www.burmeseclassic.com



လေ ရေနစ်တဲ့သူဆို သတိပြန်ဝင်အောင် ဒီလိုပဲလုပ်ရတာ. . . ဒီအချိန်မှာ လူစွမ်းကောင်းသောဘာသော ကြည့်နေလို့ရတာမဟုတ်ဘူး) ရွာသားတွေကတော့ သူတို့ကို ဘာဖြစ်မှန်းမသိတော့ ငေးကြောင်ကြောင် ကြည့်နေကြတယ်။

အတော်ကြာမှ လေးယောက်လုံး လှေပေါ်ပြန်တက်ပြီး လှေထဲဝင်နေတဲ့ရေတွေပြန်ခပ်ထုတ်ရ အစားအသောက်တွေ ပြန်ဆယ်တင်ရတယ်။ အားလုံးအဆင်သင့်ဖြစ်ပြီး. . .

'ကဲ သွားကြမယ်. . .'

ဆိုတော့မှ ရွာသားတွေလည်း သတိပြန်ဝင်သွားပြီး. .

'သူရဲကောင်းကြီးတွေ အောင်မြင်ပါစေ'

'သူရဲကောင်းကြီးတွေအောင်မြင်ပါစေ. . .'

'သူရဲကောင်းကြီးတွေ အောင်မြင်ပါစေ. . .'

ဆိုပြီး အော်ဟစ်ကြပြန်တယ်။

အဲဒီအော်သံနဲ့အတူ ဘီလူးတို့အုပ်စု "ဟိုင်းယား ဟိုင်း ယား. . .' ညာသံပေးလို့ ဧရာဝတီမြစ်ရိုးတစ်လျှောက် အင်္ဂလန်ကို လှေကလေးနဲ့ လှော်ချသွားတော့တယ်။

မြင်သာရွာသားတွေ အဲဒီမြင်ကွင်းကို အခုအချိန်ထိ မမေ့ကြ ဘူး။ ဘာလို့လည်းဆိုတော့ ဘီလူးတို့အုပ်စုကို သူတို့မြင်လိုက်ရတာ လည်း အဲဒါနောက်ဆုံးအကြိမ်မို့လို့ပဲ. . .။

သူတို့လေးယောက် အင်္ဂလန်ကို လှေကလေးနဲ့ထွက်သွားကြ တာ အင်္ဂလန်ကိုရောက်လား မရောက်လားတော့ ဘယ်သူမှ မသိကြဘူး။ ဘယ်သောင်ဘယ်ကမ်းမှာ သောင်တင်နေတယ်လည်း မပြောတတ်ဘူး။ သေချာတာကတော့ သူတို့ မြင်သာရွာ ပြန်မရောက်တော့တာပဲ. . .။

အခုဆို မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်နေတာကြာပါပြီ။ ဒါပေမယ့် ဘီလူးတို့အုပ်စု ကတော့ ပြန်ပေါ်မလာတော့ဘူး။

www.burmeseclassic.com


ဒါပေမယ့် အမှန်ကန်ဆုံး အဖြေကတော့ သူ့ကျွန်မခံလိုတဲ့ စိတ်ဓာတ်နဲ့ ဧရာဝတီမြစ်အတိုင်း အင်္ဂလန်ကို စုန်ဆင်းသွားတဲ့ သူရဲကောင်းလေးယောက် ရှိခဲ့ဖူးတယ်ဆိုတာပါပဲ. . . ။

အဲဒီလေးယောက်ကလည်း ဘီလူးလှဦး၊ မောင်ကောင်း (လူစွမ်းကောင်း)၊ ငပိန်(သူခိုးငပိန်)၊ ကျွဲကြီးတို့ပါပဲ။ ဒါကတော့ အမှန်ပါပဲခင်ဗျ. . . . ။ သူတို့လေးယောက်လုံးဟာ အဖိုးလည်းပါ အသံလည်းသာတဲ့ အနေစုတ်ပေမယ့် လေမှုတ်တဲ့ မြပလွေတွေပါ။ သူတို့လေးယောက်လုံးဟာ လူမစွမ်းပေမယ့်. . .

ဩော်. . . လူမှမစွမ်းတော့ နတ်ကလည်း ဘာသိဘာသာ ပဲပေါ့. . . ။

လေးစားစွာကြိုးစားလျက်

အကြည်တော်

www.burmeseclassic.com

